http://www.dhammadownload.com

## “ပြင်ပေးကြစို့”

မြတ်ဘုရား ဟောကြားခဲ့ ကျင့်ဝတ်တွေ၊
ဘိုး, ဘေး, ဘိ မိဘများ၊ စဉ်လေးစား ကျင့်ခဲ့ပေ။ ။
တို့ခေတ်မှ လူငယ်တွေ၊ ကျင့်ဝတ်လေ....ပျက်ပြား၊
တို့တတွေ ဝန်မတင်ရအောင်၊ ပြင်ပေးစို့လား။ ။

“သားသမီးကို၊ မကြီးခင်က၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်၏။”

[ရှင်မဟာရဋ္ဌသာရ]



http://www.dhammadownload.com

ပဌမ အကြိမ်

၁၉၈၅-ခုနှစ်၊ ဧပြီလ၊ အုပ်ရေ [ ၃၀၀၀ ]

မျက်နှာဖုံး ပန်းချီနှင့် အတွင်းသရုပ်ဖော် ပန်းချီများ

ပန်းချီဆရာကြီး - ဦးကိုလေး။

ဘလောက် - လွင်

မျက်နှာဖုံးရိုက် - မျိုးညွန့်

ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက် အမှတ် [ ၉၅ ]

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [ ၁၃၅ ]

တန်ဖိုး - (      )ကျပ်။

ထုတ်ဝေသူ ။ ။ ဒေါ်တီ (မြဲ - ၀၀၆၈)၊ သီရိစာပေဖြန့်ချီရေး၊ အမှတ် - ၃၈၊ ၈၇လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ။ ။ ဒေါ်တီ (မြဲ - ၀၁၂၆၁)၊ မျိုးညွန့်စာပုံနှိပ်တိုက်၊ အမှတ် - ၃၈၊ ၈၇လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။

http://www.dhammadownload.com

သီရိရတနာစာပေတိုက်

http://www.dhammadownload.com

မဟာစည် နိုင်ငံခြား သာသနာပြု ဓမ္မကထိက
ပြွန်တန်ဆာ အရှင်သုန္ဒရ (ဘီ-အေ)
အမျိုးသား ပထမကျော် - အစိုးရဓမ္မာစရိယ

# လူ့ ကျင့် ဝတ်

## ပုံ ပြ တ ရား တော်

သီရိရတနာ စာပေတိုက်
၁၆၆၊ ၃၃လမ်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com



# လူ့ကျင့်ဝတ် ပုံပြ တရားတော်

## ပဏာမ

❀

ဆဒ္ဒိသာယော နမဿန္တိ၊ သိင်္ဂါလံယော တထာဂတော။
ပဿိတွာန တမောဝါဒံ၊ ဒေသေသိတံ နမာမဟံ။ ။

ယောတထာဂတော၊ ရှေးဘုရားတို့ကဲ့သို့ မခြားညီတူ လာခြင်းကောင်းတော်မူသော အကြွင်ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဆဒ္ဒိသာယော၊ ရှေ့နောက်တောင်မြောက် အထက်အောက်ဟု ခြောက်ခုသော အရပ်မျက်နှာတို့ကို။ နမဿန္တိ၊ စိုစွတ်သော ဆံပင်,

http://www.dhammadownload.com

စို့စွတ် သောအဝတ်ကို ဝတ်ဆင်လျက် အစောကြီး မြို့မှထွက်ကာ ရှိနိုး၍နေသော။ သိင်္ဂါလံ၊ သိင်္ဂါလဟု နာမထင်ရှား သတို့သားကို။ ပဿိတွာန၊ မျက်ဝါးထင်ထင် ကိုယ်တော်တိုင် တွေ့မြင်ရလေသောကြောင့်။ တမောဝါဒံ၊ ထိုသတို့သားကို အကြောင်းပြုကာ ဟောကြားဆုံးမတော်မူ၍ သိင်္ဂါလောဝါဒ အမည်ရသော လူ့ဝိနည်းခေါ် တရားတော်ကို၊ ဒေသေတိ၊ လူသားမှန်သမျှ လိုက်နာရအောင် ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပေပြီ။ သုဂတံ၊ ကောင်းသောစကားကို ဆိုတော်မူတတ်ထသော။ တံ တထာဂတံ၊ ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ သိင်္ဂါလောဝါဒခေါ် သုတ်တရားတော်ကို နည်းမှီစံထား၍ "လူ့ကျင့်ဝတ်တရား" သိဖွယ်များကို ဟောကြားတော့မည် စိတ်ကရည်၍ ကြံစည်အားထုတ် အကျွန်ုပ်သည်။ နမာမိ၊ ဂုဏ်တော်ရွယ်ကိုး အားတော်ကိုး၍ ရှိခိုးကန်တော့လိုက်ရပါတော့သည်ဘုရား။

သာဓု၊ သာဓု၊ သာဓု။

http://www.dhammadownload.com

## မြတ်စွာဘုရားနှင့် လူ့ကျင့်ဝတ်တရား

ဒီပကင်္ရာ မြတ်စွာဘုရားထံတော်ပါးမှာ နိယတဗျာဒိတ်ပန်း ဆင်မြန်းတော်မူခဲ့တဲ့ သုမေဓာ ရှင်ရသေ့ဘဝမှ စပြီးတော့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်ကျင့်တော် မူခဲ့ပြီးဖြစ်တဲ့ အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ သက်တော် ၂၉-နှစ်အရွယ်၊ မဟာသက္ကရာဇ် ၉၇-ခုနှစ်၊ ဝါဆိုလပြည့်နေ့ည သန်းခေါင်ယံမှာ တောထွက်တော်မူခဲ့ပါတယ်။

သက်တော် ၃၅-နှစ်အရွယ် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ သဗ္ဗညု စင်စစ် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။

အဲဒီနောက် အရပ်ဒေသအမျိုးမျိုးမှာ လှည့်လည်သီတင်းသုံးတော်မူပြီးတော့ သက်တော် ၈၀၊ ဝါတော် ၄၅-ဝါရ၍ ကုသိနာရုံပြည် မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်မှာ ပရိနိဗ္ဗာန် ပြုခါနီး ချိန်အထိ မြတ်စွာဘုရားဟာ ဝေနေယျများစွာသတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူ ခဲ့ပါတယ်။

မြတ်စွာဘုရားဟာ ဖြစ်တတ် ပျက်တတ်တဲ့သဘော၊ တစ်လောကလုံးကို ဆင်းရဲစစ် ဆင်းရဲ မှန် ဆင်းရဲတောကြီးအဖြစ် ခြွင်းချက်မရှိ အကုန်အစင် အမှန်အတိုင်း သိမြင်တော်မူခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်များဟာ အဓိကအားဖြင့် ဆင်းရဲလော လောကမှ ထွက်မြောက်ဖို့ပင် ဖြစ်ပါတယ်။

http://www.dhammadownload.com



ဒါပေမယ့် လူသားတိုင်းဟာ ဆင်းရဲတော လောကမှထွက်မြောက်နိုင်ကြတာ မဟုတ်ပါဘူး။ ထွက်မြောက်နိုင်သူထက် မထွက်မြောက်နိုင်သေးသူက ပိုများပါတယ်။ ဒါကြောင့် အဲဒီ မထွက်မြောက်နိုင်သေးတဲ့သူတွေအတွက် လောကီနယ်ပယ်မှာနေစဉ် လိုက်နာကျင့်ကြံစရာ လူ့ကျင့်ဝတ်များကိုလဲ အခါအခွင့် အားလျော်စွာ ဟောကြားတော်မူခဲ့ပါတယ်။

ဒီလို ဟောကြားတော်မူခဲ့တယ်ဆိုတာ သိင်္ဂါလ သတို့သားအား အကြောင်းပြုကာ ဟောကြားဆုံးမတော်မူတဲ့ သိင်္ဂါလောဝါဒသုတ် တစ်ခုတည်းကို ကြည့်ရုံနဲ့ပဲ သိသာနိုင်ပါတယ်။

"သူကြွယ်သား သိင်္ဂါလ၊ ငါဘုရားရဲ့ သာသနာမှာ အမျိုးကောင်းသားဟာ . . .

(၁) ညစ်ညူးကံလေးပါး၊ (၂) အဂတိတရားလေးပါး၊ (၃) စည်းစိမ်ပျက်ကြောင်းခြောက်ပါး၊ ဒီအကြောင်းတရား တစ်ဆယ့်လေးပါးကို ရှောင်ကြဉ်ပြီး အရပ်မျက်နှာခြောက်ပါးကို လုံခြုံစေရမယ်"

အထက်ပါ စကားရပ်ဟာ သိင်္ဂါလ သတို့သားအား မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ လူ့ကျင့်ဝတ်တရားတော်ရဲ့ ဆိုလိုရင်း အကျဉ်းချုပ် ခေါင်းစဉ်စကားရပ်ပါပဲ။

---

[၁] မြတ်စွာဘုရားသခင်သည် ဝေနေယျသတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးတိုက်ကျွေးရန် အရပ်အမျိုးမျိုးသို့ လှည့်လည်ကြွချီတော်မူနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



## သူကြွယ်သား သိင်္ဂါလ

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်က ရာဇဂြိုဟ်ပြည်မှာ သူကြွယ်တစ်ဦး ရှိခဲ့ဖူးပါတယ်။ သူ့မှာ သိင်္ဂါလအမည်ရှိတဲ့ သားတစ်ယောက်ရှိပါတယ်။

အဲဒီသူကြွယ်ဟာ နာဖျားမကျန်းဖြစ်၍ သေခါနီးအခါ၊ သားသိင်္ဂါလကို အနားသို့ခေါ်ပြီး နောက်ဆုံး မှာကြားစရာရှိတာများကို ဒီလိုမှာကြားခဲ့ပါတယ်။

"ချစ်သား ... သိင်္ဂါလ၊ သင်ချစ်သားဟာ အရပ်ခြောက်မျက်နှာကို စိတ်စွဲ၍ အမြဲရှိခိုးပြီး နေရစ်ပါ"တဲ့။

အဲဒီနောက် သူကြွယ်ဟာ အနိစ္စ ရောက်သွားရှာပါတယ်။ သူဆိုလိုတဲ့ အရပ်ခြောက်မျက်နှာက အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်၊ အောက် ဆိုတဲ့ လူတိုင်းသိ ရိုးရိုးအရပ်မျက်နှာတွေတော့ မဟုတ်ဘူး။ "ရှိခိုးပါ"ဆိုတာကလဲ လက်အုပ်ချီမိုးပြီး ရှိခိုးရတာမျိုးကို ဆိုလိုတာ မဟုတ်ပါဘူး။

ဒါပေမယ့် သိင်္ဂါလ သတို့သားကတော့ ရိုးရိုးအရပ်ခြောက်မျက်နှာတွေကို ရှိခိုးခိုင်းတယ်လို့ပဲ နားလည်သဘောပေါက်ပြီး မှတ်သားထားလိုက်ပါတယ်။

---

[၂] သူကြွယ်သား သိင်္ဂါလသည် တစ်ကိုယ်လုံးရွှဲရွှဲစိုလျက် အစောကြီး မြို့ပြင်ထွက်ကာ အရပ်ခြောက်မျက်နှာကို လှည့်ပတ်ရှိခိုးနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



တစ်နေ့ နံနက်မှာ သိင်္ဂါလဟာ အိမ်မှ အစောကြီးထပြီး မြို့အပြင်ဘက် ထွက်လာပါတယ်။ မြို့ပြင်ရောက်တဲ့အခါ ဆံပင်ရော အဝတ်အစားတွေပါ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေပြီး လက်အုပ်ကလေး မြှောက်ကာ မြှောက်ကာနဲ့ အရပ်မျက်နှာတွေကို လှည့်ပတ်ပြီး ရှိခိုးနေပါတယ်။

သူဖခင် သေခါနီးမှာ နောက်ဆုံးမှာကြားခဲ့တဲ့ စကားကို ရိုသေလေးမြတ် လိုက်နာပူဇော်တဲ့ အနေနဲ့ ပြုလုပ်နေခြင်းပါပဲ။

## မြတ်ဘုရားနဲ့ သူကြွယ်သား

အဲဒီနေ့ နံနက်မှာပဲ မြတ်စွာဘုရားဟာ သပိတ်သင်္ကန်းကို ပြင်တော်မူပြီး ဝေဠုဝန်ကျောင်း တော်မှ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွဝင်တော်မူလာပါတယ်။

မြို့တံခါးနားရောက်တော့ အရပ်မျက်နှာတွေကို လှည့်ပတ်ရှိခိုးနေတဲ့ သိင်္ဂါလ သတို့သားကို မြင်တော်မူပါရောတဲ့။

ဒါနဲ့ "သူကြွယ်သား သိင်္ဂါလ၊ သင်ဟာ ဆံပင်ရော အဝတ်အစားတွေပါ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေပြီး ဘာဖြစ်လို့ အရပ်မျက်နှာတွေကို ရှိခိုးနေတာလဲ"လို့ မြတ်စွာဘုရားက (သိရဲ့သားနဲ့ မသိ ဟန်ဆောင်ပြီး စကားစထွက်အောင်) မေးတော်မူပါတယ်။

http://www.dhammadownload.com



အဲဒီအခါ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရပ်မျက်နှာတွေကို ရှိခိုးပြီး နေရစ်ပါလို့ သေခါနီး ဖခင်က မှာကြားခဲ့တဲ့စကားကို လေးစားလိုက်နာတဲ့အနေနဲ့ ပြုလုပ်နေခြင်း ဖြစ်ပါတယ် ဘုရား"လို့ သိင်္ဂါလက ပြန်လည် လျှောက်ထားပါတယ်။

တစ်ဖန် မြတ်စွာဘုရားက "သူကြွယ်သား သိင်္ဂါလ၊ သင့်ဖခင်ပြောတဲ့ အရပ်မျက်နှာဆိုတာ ရိုးရိုးအရပ်မျက်နှာ မဟုတ်ဘူး။ ရှိခိုးပါဆိုတာကလဲ လက်အုပ်ချီပြီး ရိုးရိုးရှိခိုးတာမျိုးကို ဆိုလိုတာ မဟုတ်ဘူး။ ငါဘုရားရဲ့ သာသနာမှာ အရပ်မျက်နှာ ဆိုတာ ရှိတယ်"လို့ မိန့်ကြားတော်မူပါတယ်။

ဒါနဲ့ သိင်္ဂါလက "ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ အရှင်မြတ်ရဲ့ သာသနာမှာ အရပ်မျက်နှာဆိုတာက ဘာကို ဆိုလိုပါသလဲ၊ ရှိခိုးတယ်ဆိုတာကကော ဘာကို ဆိုလိုပါသလဲဘုရား" လို့ မေးမြန်းလျှောက်ထားပါတယ်။

ဒီတော့မှ မြတ်စွာဘုရားက "သူကြွယ်သား သိင်္ဂါလ၊ ဒီလိုဆိုယင် သင့်ကို ငါ တရားဟောမယ်၊ သေသေချာချာ နာယူ မှတ်သားပေတော့"လို့ တိုက်တွန်းတော်မူပြီး သိင်္ဂါလောဝါဒသုတ် ခေါ် လူကျင့်ဝတ်တရားတော်ကို ဟောကြားတော်မူပါတယ်။

ဒီသုတ်ဟာ သိင်္ဂါလ သတို့သားကို ၊အကြောင်းပြုပြီး ဟောကြားခဲ့တဲ့သုတ် ဖြစ်ပေမယ့် လူသားတိုင်း လိုက်နာကျင့်သုံးသင့်တဲ့သုတ် ဖြစ်ပါတယ်။

http://www.dhammadownload.com



အထူးသဖြင့် ဒီသုတ်မှာပါတဲ့ လူ့ကျင့်ဝတ်များကို ကလေးသူငယ်များအား ငယ်ရွယ်စဉ်မှ စ၍ အသေးစိတ် မဟုတ်တောင် အကြမ်းဖျင်းလောက်တော့ သင်ကြားပေးသင့်ပါတယ်။

ဒါကြောင့် သိင်္ဂါလောဝါဒသုတ်ရဲ့ ဆိုလိုရင်း အကျဉ်းချုပ် ခေါင်းစဉ်စကားကို အခြေခံပြီး ကလေးများ ဖတ်လွယ်, မှတ်လွယ်, သိလွယ်ကာ၊ စိတ်ပင်စားမှုရှိစေရန် ကလေးပညာပေး လူ့ကျင့်ဝတ်တရားတော်ကို စကားပြေ၊ ဝတ္ထု ဆောင်ပုဒ်များနှင့် သင့်ရုံလောက် ဖော်ပြသွားမှာ ဖြစ်ပါတယ်။

## လူတိုင်းရှောင်ရန် ညစ်ညူးကံ

အခုအချိန်ကစပြီး "သူကြွယ်သား သိင်္ဂါလ၊ အမျိုးကောင်းသားဟာ ညစ်ညူးသော ကံလေးပါးကို ရှောင်ကြဉ်ရမယ်"ဆိုတဲ့ ဘုရားဟောစကားနဲ့ပတ်သက်ပြီး ရှင်းလင်းဖော်ပြပါ့မယ်။

ညစ်ညူးသောကံဆိုတာ ကျူးလွန်သူကို လူဆိုးလူညစ် ဖြစ်စေတဲ့ကံ ဖြစ်တယ်။ သူတို့က ဘာတွေလဲလို့ဆိုယင် (၁) သူ့အသက်သတ်ဖြတ်ခြင်း။ (၂) သူ့ဥစ္စာခိုးယူလုယက်ခြင်း။ (၃) သူ့သားမယားကို ပြစ်မှားကျူးလွန်ခြင်း။ (၄) လိမ်ညာပြောဆိုခြင်းတို့ဖြစ်ကြတယ်။

ဒီကံတွေဟာ လူတိုင်းရှောင်ကြဉ်ရမှာ ဖြစ်တယ်။ မရှောင်ကြဉ်သူများဟာ ခုရော နောင်ပါ မကောင်းကျိုး ခံစားရတတ်ပါတယ်။

---

[၃] သူကြွယ်သား သိင်္ဂါလအား မြတ်စွာဘုရားက လူ့ကျင့်ဝတ်တရား ဟောကြားတော်မူနေပုံ။

http://www.dhammadownload.com



သူ့အသက် သတ်ဖြတ်သူဟာ လူသတ်မှုမျိုး ကျူးလွန်မိယင် ခုဘဝမှာပဲ ဆိုင်ရာဥပဒေဖြင့် အရေးယူခံရပြီး ထောင်ဒဏ် သို့မဟုတ် သေဒဏ်ခံရမှာဖြစ်တယ်။ သေပြီးတော့လဲ အပါယ်ကျနိုင်တယ်။ အပါယ်ငရဲမကျတောင် လူပြန်ဖြစ်ယင် အသက်တမ်းကိုတက်ပါတယ်။

သူ့ဥစ္စာခိုးယူလုယက်သူဟာ ဒီဘဝမှာလဲ အစိုးရအပြစ်ဒဏ်ခံရတယ်။ သေယင်လဲ အပါယ်ကျနိုင်တယ်။ အပါယ်မကျတောင် လူပြန်ဖြစ်ယင် ပစ္စည်းဥစ္စာ ဆင်းရဲရတတ်တယ်။

သူ့သားမယား ကျူးလွန်သူဟာ ဒီဘဝမှာတင် အများရဲ့ မုန်းတီးခြင်းခံရတယ်။ ဥပဒေအရ အရေးယူခံရတယ်။ သေယင် အပါယ်ငရဲကျမယ်။ လူပြန်ဖြစ်ယင် ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်တဲ့ နပုန်းပဏ္ဍုက် စသည် ဖြစ်တတ်ပါတယ်။

လိမ်ညာပြောသူဟာ ဒီဘဝမှာတင် အများရဲ့ အယုံအကြည်ကင်းမဲ့ခြင်းခံရတတ်တယ်။ ဒီကံက ကြီးမားယင် သေတဲ့အခါ အပါယ်ငရဲကျနိုင်တယ်။ လူပြန်ဖြစ်ယင်လဲ သူတစ်ပါးတို့ရဲ့ မဟုတ် မတရား စွပ်စွဲခြင်းကိုခံရတတ်ပါတယ်။

ဒီညစ်ညူးသောကံလေးပါးကို ကျူးလွန်လိုက်စား၍ အပါယ်ငရဲကျသွားရတဲ့ ဝတ္ထုသာဓကတွေကိုတော့ "ဒုစရိုက်အပြစ်ဘေး ကင်းလွတ်ရေး တရားတော်"စာအုပ်မှာ အတော်ပြည့်ပြည့်စုံစုံ ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီမှာတော့ ညစ်ညူးကံတွေကိုရှောင်ကြဉ်ယင် ရနိုင်တဲ့ကောင်းကျိုးပြ ဝတ္ထုသာဓက တွေလောက်ပဲ ဖော်ပြသွားပါတော့မယ်။

http://www.dhammadownload.com



## သတ်မှုရှောင်က အသက်ရှည်ရ

သူ့အသက် သတ်ဖြတ်မှု ညစ်ညူးကံမှ ရှောင်ကြဉ်ခဲ့ယင် သူတစ်ပါး ပယောဂကြောင့် အသက် မသေနိုင်ဘူးတဲ့။

မြတ်စွာဘုရားလက်ထက်က ကောသမ္ဗီပြည်မှာ သူဌေးကြီးတစ်ဦးရှိခဲ့ဖူးတယ်။

တစ်နေ့မှာ သူဟာ ဥတေနမင်းထံ အခစားသွားတဲ့အခါ မင်းဆရာ ပုရောဟိတ်ပုဏ္ဏားကြီးနဲ့ လမ်းမှာဆုံမိတယ်။ ပုဏ္ဏားကြီးအား အဲဒီနေ့ရက်နဲ့ဆိုင်တဲ့ နက္ခတ်အကြောင်း မေးကြည့်ပါတယ်။ ပုဏ္ဏားကြီးက "ဒီနေ့ မွေးတဲ့ကလေးဟာ နာမည်ကျော် သူဌေးကြီး ဖြစ်လာမယ်"လို့ ပြောပါတယ်။

အဲဒီသူဌေးကြီးရဲ့ဇနီးမှာ ကိုယ်ဝန် ရင့်စေ့, လစေ့ ဖွားခါနီးဆဲဆဲဖြစ်တယ်။ သူဌေးကြီးဟာ သူ့ဇနီး မီးဖွား, မဖွားသိရအောင် အခိုင်းအစေများကို လွှတ်ပြီး စုံစမ်းခိုင်းတယ်။ မဖွားသေးကြောင်း သိရမှ မင်းထံ ခစားဖို့ ဆက်လက်ထွက်ခွာသွားပါတယ်။

သူဌေးကြီးက မင်းထံမှ အိမ်ပြန်ရောက်တဲ့အခါ သူ့ကျွန်မကာဠီကို ငွေတစ်ထောင်ပေးပြီး အဲဒီနေ့ မွေးတဲ့ကလေးငယ်ကို စုံစမ်းရှာဖွေပြီး ဝယ်ယူလာဖို့ ခိုင်းလိုက်ပါတယ်။

ကောသမ္ဗီပြည်က ပြည့်တန်ဆာမတစ်ယောက်ဟာ အဲဒီနေ့မှာ ဖွားမြောက်လာတဲ့ သူ့ရင်သွေး သားယောကျ်ားလေးကို အမှိုက်ပုံတစ်ခုမှာ သွားစွန့်ပစ်ထားပါတယ်။ အဲဒီကလေးငယ်ကို လူတစ်ယောက်က တွေ့ရှိပြီး ကောက်ယူ မွေးစားထားတယ်။

http://www.dhammadownload.com



ကျွန်မ ကာဠီဟာ အဲဒီလူထံမှ ကလေးငယ်ကို ငွေတစ်ထောင်နဲ့ဝယ်ပြီး သူဌေးထံယူလာပါတယ်။ သူဌေးကြီးဟာ သူ့ဇနီးက သမီးမွေးယင် ဒီသူငယ်နဲ့ပေးစားမယ်၊ သားမွေးယင် ဒီသူငယ်ကို သတ်ပစ်မယ် ဆိုတဲ့အကြံနဲ့ ကလေးငယ်ကို မွေးစားထားခြင်းပါပဲ။

နောက် နှစ်ရက်၊ သုံးရက်အကြာမှာ သူ့ဇနီးက သားယောကျ်ားလေးဖွားမြင်လာပါတယ်။ ဒါ့ကြောင့် သူဌေးကြီးဟာ မွေးစားသားကို သူဌေးရာထူးမပေးချင်တာနဲ့ သတ်ပစ်ဖို့ အကြံအဖန်လုပ်ပါတယ်။


ရှေးဦးစွာ ကျွန်မကာဠီဟာ သူဌေးကြီးရဲ့ ခိုင်းစေချက်အရ ကလေးငယ်ကို နွားခြံဝမှာ အစောကြီး သွားချထားပါတယ်။ နွားနင်းခံရပြီး ကလေးသေအောင် ကြံစည်ခြင်းပါပဲ။

ဒါပေမယ့် နွားခြံထဲက အခြားနွားတွေမထွက်ခင် နွားလားဥသဘ(ခေါင်းဆောင်နွားသိုးကြီး) က ကလေးငယ်ကိုခွပြီး ရပ်ထားလို့ ကလေးငယ်ဟာ သေဘေးက လွတ်မြောက်သွားပါတယ်။ ခါတိုင်းဆိုယင် ဒီနွားသိုးကြီးဟာ အခြားနွားတွေ ထွက်လို့ကုန်မှ ခြံထဲမှ ထွက်လေ့ရှိပါသတဲ့။

နွားကျောင်းသားက ကလေးငယ်ကိုမြင်တော့ ကောက်ယူမွေးစားပြန်ပါတယ်။ ဒါကို သူဌေးကြီးသိရတဲ့အခါ နွားကျောင်းသားထံမှ ကလေးငယ်ကို အသပြာတစ်ထောင်နဲ့ ပြန်ဝယ်ယူပါတယ်။

[၄] နွားခြံဝမှာပစ်ထားခံရသူ ကလေးငယ်ကို အခြားနွားများမနင်းမိစေရန် နွားလားဥသဘကြီးက ခွပြီး ရပ်ပေးထားပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



ဒုတိယအကြိမ်မှာ ကျွန်မ ကာဠီဟာ သူဌေးကြီးရဲ့ခိုင်းစေချက်အရ ကလေးငယ်ကို လှည်းကုန်သည်ငါးရာတို့ သွားမည့်လမ်းမှာ မိုးမလင်းမီ သွားချထားပါတယ်။ မိုးမလင်းခင်ထွက်လာတဲ့ လှည်းတွေဟာ ကလေးနားရောက်တော့ နွားတွေက ဆက်မသွားပဲ အတင်းပေကပ်နေတာနဲ့ မိုးလင်းသွားပါတယ်။

လှည်းကုန်သည်ခေါင်းဆောင်က လိုက်လံကြည့်ရှုတဲ့အခါ ကလေးငယ်ကိုတွေ့တာနဲ့ ကောက်ယူမွေးစားပြန်ပါတယ်။ ဒါကိုသိတဲ့သူဌေးကြီးဟာ လှည်းကုန်သည်ကြီးတံမှ ကလေးငယ်ကို အသပြာတစ်ထောင်နဲ့ ပြန်ဝယ်ပါတယ်။

တတိယအကြိမ်မှာ ကျွန်မကာဠီဟာ သူဌေးရဲ့ ခိုင်းစေချက်အရ ကလေးငယ်ကို သုသာန်က ချုံတစ်ခုထဲမှာ သွားပစ်ထားတယ်။ ခွေး သို့မဟုတ် ဘီလူးစားခံရပြီး ကလေးသေအောင်ပြုလုပ်ခြင်းပါပဲ။

ဒါပေမယ့် ကလေးဟာ မသေဘူး။ ဆိတ်မတစ်ကောင်က ကလေးငယ်အား နို့တိုက်နေတာကို ဆိတ်ကျောင်းသားတစ်ယောက်က တွေ့ရှိပြီး ကောက်ယူသွားပါတယ်။ ဒါကိုသိတဲ့ သူဌေးကြီး ဟာ ဆိတ်ကျောင်းသားထံမှ ကလေးငယ်ကို အသပြာတစ်ထောင်နဲ့ ပြန်ဝယ်ပါတယ်။

---

[၅] သူဌေးကြီး၏ခိုင်းစေချက်အရ ကျွန်မကာဠီက ကလေးငယ်ကို ခြေထောက်မှကိုင်ကာ ချောက်ထဲပစ်ချနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



စတုတ္ထအကြိမ်မှာ ကလေးငယ်ကို ခိုးသူပစ်ချရာ တောင်ချောက်ထဲသို့ ပစ်ချစေခဲ့တယ်။ ကလေးငယ်ဟာ မသေပဲ တောင်ချောက်စောင်းက ချုံပေါ်မှာ တင်နေတာကို ကျူထရံသည် သားအဖက တွေ့ရှိပြီး ကောက်ယူသွားပြန်ပါတယ်။

ဒါကိုသိတဲ့သူဌေးဟာ ကလေးငယ်ကို အသပြာတစ်ထောင်နဲ့ ပြန်ဝယ်ယူပါတယ်။ ကလေးငယ်ဟာ ဒီလိုနဲ့ ကြီးပြင်းလာတဲ့အခါ "ဃောသက"လို့ အမည်တွင်လာပါတယ်။

ပဉ္စမအကြိမ်မှာ သူဌေးကြီးက မိတ်ဆွေအိုးလုပ်သမားကို အသပြာတစ်ထောင်ပေးပြီး ဃောသကကို သတ်ဖို့စီစဉ်တယ်။ သူတို့အစီအစဉ်က ဃောသကကို သတ်၊ အိုးဖုတ်တဲ့ဖိုထဲ ထည့်ဖုတ်ပြီး လက်စဖျောက်ပစ်ဖို့ပင် ဖြစ်ပါတယ်။ ဃောသကလာယင် စီစဉ်ထားတဲ့အတိုင်း ပြုလုပ်ဖို့ သူဌေးကြီးက အိုးလုပ်သမားကို အသေအချာ မှာထားတယ်။

နောက်တစ်နေ့မှာ သူဌေးကြီးဟာ ဃောသကကို အိုးလုပ်သမားထံ သတင်းစကားတစ်ခု သွားပို့ခိုင်းတယ်။ ဃောသကဟာ အိုးလုပ်သမားထံအသွား လမ်းမှာ ဂုံညင်းရိုးနေတဲ့ သူဌေးသား အရင်းနဲ့ တွေ့ပါတယ်။ သားအရင်းက ဃောသကကို သူ့အစား ဂုံညင်းထိုးပေးဖို့ အတင်းခိုင်းတယ်။ ဃောသကအစား သူကိုယ်တိုင် အိုးလုပ်သမားထံ သူ့အဖေမှာတဲ့ သတင်းစကားသွားပို့ပါတယ်။

အိုးလုပ်သမားဟာ သူဌေးသားအရင်းကို ဃောသကထင်ပြီး သတ်ဖြတ်ကာ အိုးဖိုထဲထည့် ဖုတ်လျက် လက်စတုံး စီရင်ပစ်ပါတယ်။

http://www.dhammadownload.com



ဒီအကြောင်းကို သူဌေးကြီးသိသွားတဲ့အခါ အလွန်ပူဆွေးဒုက္ခရောက်သွားတယ်။ ယောသကကိုလဲ ခါတိုင်းထက် မကျေမနပ် ဖြစ်လာတယ်။ တစ်နည်းနည်းနဲ့သတ်ပစ်ဖို့ ကြံစည်နေပါတယ်။

နောက်ဆုံးအကြိမ်မှာ သူဌေးကြီးဟာ ရွာတစ်ရွာရှိ သူရဲ့ဘဏ္ဍာစိုးထံ ယောသက လာယင် လက်စတုံးသတ်ပစ်ဖို့ စာရေးတယ်။ အဲဒီစာကိုသွားပို့ဖို့ ယောသကကိုပင် ခိုင်းစေလိုက်ပါတယ်။

ယောသကဟာ စာမတတ်သူဖြစ်လို့ မိမိအား သတ်ပစ်ဖို့ စာကိုပင် ပုဆိုးစွန်းမှာထုပ်ပြီး သွားပို့ပါတယ်။

လမ်းခရီးအကြား ဇနပုဒ်သူဌေးတစ်ဦးရဲ့အိမ်မှာ ဝင်တည်းပါတယ်။ အဲဒီသူဌေးရဲ့သမီးက သူ့ကို မြင်မြင်ချင်း မေတ္တာသက်ဝင် ချစ်ခင်တာနဲ့ သူအိပ်ပျော်နေတုန်း သူ့စာကို တိတ်တဆိတ် ယူဖတ်ကြည့်တယ်။

ယောသကကို သတ်ပစ်ဖို့စာမှန်း သိသွားတဲ့အခါ သူဌေးသမီးက အဲဒီစာကို ဆုတ်ဖြဲပစ်တယ်။ ဘဏ္ဍာစိုးထံ နောက်ထပ် စာအသစ်တစ်စောင် ရေးတယ်။ အဲဒီစာထဲမှာ ဘဏ္ဍာစိုးက တာဝန်ယူ ပြီး ဇနပုဒ်သူဌေးသမီးနဲ့ ယောသကကို ထိမ်းမြားပေးစားဖို့ ရေးထည့်လိုက်ပါတယ်။

သူဌေးရဲ့ဘဏ္ဍာစိုးဟာ အဲဒီစာကို ရတဲ့အခါ ယောသကကို ဇနပုဒ်သူဌေးသမီးနဲ့ ထိမ်းမြား လက်ထပ်ပွဲ ပြုလုပ်ပေးလိုက်ပါတယ်။

သူဌေးကြီးဟာ သေခါနီးဆဲဆဲမှာ ယောသကကိုခေါ်ပြီး ရှိသမျှပစ္စည်းတွေကို မွေးစားသား ယောသကအား "မပေးပါ"လို့ ဘဏ္ဍာစိုးရှေ့မှာ ပြောပါတယ်။ ဒါပေမယ့် ယောသကရဲ့ ကုသိုလ်ကံကြောင့်

http://www.dhammadownload.com



"မပေးပါ" လို့ အသံထွက်မလာပဲ "ပေးပါတယ်"လို့ ပြောဆိုမိပြီး အနိစ္စရောက်သွားပါတယ်။

ဒီလိုနဲ့ ယောသကဟာ ကောသမ္ဗီပြည်မှာ နာမည်ကျော်သူဌေးကြီးတစ်ဦး ဖြစ်လာခဲ့ပါတယ်။ ဒီလို သူဌေးဖြစ်ရတာကတော့ အတိတ်ဘဝတစ်ခုမှာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးအား ဆန်တစ်စလယ် ချက် လှူဒါန်းခဲ့ဖူးတဲ့ ကုသိုလ်ကံကြောင့် ဖြစ်ပါသတဲ့။

ယောသကဟာ အတိတ်ဘဝတစ်ခုမှာ ကပ်ရောဂါကြောင့် မိသားစုထွက်ပြေးရစဉ် မလွှဲသာ လွန်း၍ ဇနီးသည်ရဲ့အလစ်မှာ သားငယ်ကို ခေတ္တစွန့်ပစ်ခဲ့ဖူးတယ်။ ဇနီးသည် သိသွားမှ ကလေးငယ်ကို ပြန်ကောက်ယူပေးခဲ့တယ်။ အဲဒီအကုသိုလ်ကံကြောင့် သူလဲ ဒီဘဝမှာ မွေးစမှစ၍ အကြိမ်ကြိမ် စွန့်ပစ်ခံ ရခြင်း ဖြစ်တယ်။


မိခင်အရင်းကတစ်ကြိမ်၊ မွေးစားဖခင်က ခြောက်ကြိမ်ခြောက်ခါ သတ်ဖို့ကြံစည်တာတောင် မသေတာကတော့ သူဟာ ရှေးရှေးဘဝတွေမှာ သူတစ်ပါးအသက် သတ်ဖြတ်မှု ညစ်ညူးကံမှ ရှောင်ကြဉ် ခဲ့လို့ ဖြစ်ပါတယ်တဲ့။

ဒါကြောင့် သူ့အသက်သတ်ဖြတ်မှုမှ ရှောင်ကြဉ်တာဟာ အကျိုးရှိတယ်ဆိုတာ တထစ်ချ ယုံကြည် ပြီး လိုက်နာရှောင်ကြဉ်ကြဖို့ပါပဲ။

---

[၆] သူဌေးကြီး၏ ဘဏ္ဍာစိုးက ယောသကနှင့် ဇနပုဒ်သူဌေးသမီးတို့အား ထိမ်းမြားလက်ထပ် ပွဲပြုလုပ်ပေးနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



## ခိုးမှုရှောင်က ချမ်းသာရ

သူတစ်ပါးပစ္စည်း ခိုးယူလုယက်ခြင်းမှ ရှောင်ကြဉ်ယင် ခုဘဝမှာလဲ အစိုးရအပြစ်ဒဏ် မခံရဘူး။ နောင်ဘဝမှာလဲ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတယ်။ မိမိပစ္စည်း ပျောက်ဆုံးသွားတာတောင် ပြန်ရနိုင်ပါတယ်။

မြတ်စွာဘုရားလက်ထက်က သာဝတ္ထိပြည် ဇေတဝန်ကျောင်းဒကာ အနာထပိဏ်သူဌေးဆိုယင် ဗုဒ္ဓဘာသာဝင်တိုင်းလိုလို သိကြပါတယ်။ သူ့နာမည်အရင်းက 'သုဒတ္တ' ဖြစ်ပါတယ်။

အနာထပိဏ်ဆိုတာက "အနာထပိဏ္ဍိက"ဆိုတဲ့ ပါဠိမှဆင်းသက်လာတဲ့ ပါဠိပျက်စကားပဲ။ မှီခိုအားထားရာမဲ့သူတွေကို ထမင်းအစာပေးတတ်လို့ ဒီအနာထပိဏ်ဆိုတဲ့အမည်ကို ရလာခြင်းဖြစ်တယ်။

ဒီသူဌေးဟာ ဇေတဝန်ကျောင်း မြေနေရာဝယ်စဉ်က ရွှေဒင်္ဂါးတစ်ဆယ့်ရှစ်ကုဋေ၊ ကျောင်းအဆောက်အဦးအတွက် တစ်ဆယ့်ရှစ်ကုဋေ၊ ကျောင်းရေစက်ချပွဲမှာ တစ်ဆယ့်ရှစ်ကုဋေ၊ ဒီလိုသာသနာရေးအတွက် ရွှေဒင်္ဂါးငါးဆယ့်လေးကုဋေကို တစ်စုတစ်လုံးတည်း သုံးစွဲခဲ့တယ်။

သူဟာ ရဟန်းသံဃာတော်တွေရဲ့ မိဘသဖွယ်ဖြစ်ပါတယ်။ သူ့အိမ်ကို ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ အဝင်အထွက်များပါတယ်။ နေ့စဉ် အိမ်မှာ သံဃာနှစ်ထောင်ကို ဆွမ်းလောင်းလှူတယ်။ နေ့စဉ်အသုံးစရိတ်က အတော်များပြားဟန်တူပါတယ်။

http://www.dhammadownload.com



နောက်ပိုင်းမှာ အသက်ကလဲကြီးလာ၊ သူတစ်ပါးတွေကို ချေးငှားထားတဲ့ ရွှေဒင်္ဂါးတစ်ဆယ့်ရှစ်ကုဋေကလဲ ပြန်မရဘူး။ အစိရဝတီမြစ်ကမ်းနားမှာ မြှုပ်နှံထားတဲ့ ရွှေငွေ တစ်ဆယ့်ရှစ်ကုဋေကလဲ မြစ်ကမ်းပါးပြိုရာမှာ ပါသွားတယ်။

ဒါ့အပြင် သာသနာရေးကိစ္စတွေချည်း ဆောင်ရွက်နေလို့ စီးပွားရေးအလုပ်တွေဟာ လစ်ဟင်းလာတယ်။ ဒါကြောင့် သံဃာတော်တွေကို ဆန်ကွဲထမင်းနဲ့ ပုန်းရည်ဟင်းလောက်သာ လှူနိုင်ရှာတော့တဲ့အထိ စီးပွားရေးကျဆင်းသွားပါတယ်။

အဲဒီအခါ သူ့အိမ်ရဲ့ ဝင်းတံခါး ခုနစ်ခုအနက် စတုတ္ထဝင်းတံခါးမုခ်မှာစောင့်တဲ့ မိစ္ဆာနတ်က တစ်ညမှာ သူ့ထံလာပြီး "သူဌေးကြီး၊ သင်ဟာ ရဟန်းဂေါတမနဲ့ သူ့တပည့်တပန်းတွေကို အလှူအတန်းရဲလို့ မွဲလာရတာ ဖြစ်တယ်။ လှူပြီးတာတော့ ရှိပါစေ။ နောင်ကို ရဟန်းဂေါတမနဲ့ သူ့တပည့်တပန်းတွေ လာယင် အလာမခံနဲ့တော့" စသည်ဖြင့် ပြောပါတယ်။

ဒီနတ်ဟာ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ အနာထပိဏ်သူဌေးအိမ်ကို ဝင်တိုင်း၊ ထွက်တိုင်း သူ့ဗိမာန်မှ ဆင်းဆင်းပေးနေရလို့ မကျေမနပ် ဖြစ်နေခဲ့တယ်။ ဒါကြောင့် ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ မလာအောင် သူဌေးကို ဒီလို လာအကြံပေးခြင်းပါပဲ။

http://www.dhammadownload.com



ဒါပေမယ့် သူဌေးကြီးက သောတာပန်ပဲ။ သောတာပန်ဆိုတာ ဘုရား, တရား, သံဃာအပေါ်မှာ ဘယ်တော့မှ ယုံကြည်မှုမပျက်တော့ဘူး။ ဒါ့ကြောင့် နတ်ရဲ့ပြောစကားကို လက်မခံရုံမျှမက မိစ္ဆာနတ်ကိုပါ သူ့အိမ်မှ ထွက်ခွာသွားဖို့ နှင်ထုတ်ပစ်လိုက်ပါတယ်။


အရိယာရဲ့ နှင်ထုတ်မှုကိုခံရတဲ့ မိစ္ဆာနတ်ဟာ သူ့ဗိမာန်မှာ မနေနိုင်တော့ဘူး။ ဒါ့ကြောင့် သားသမီးငယ်တွေ လက်ကဆွဲပြီး မြို့စောင့်နတ်ထံ သွားတယ်။ သူ့ဗိမာန်မှာ ပြန်နေခွင့်ရအောင် ကူညီဖို့ မြို့စောင့်နတကို တောင်းပန်တယ်။

မြို့စောင့်နတ်က မကူညီနိုင်တဲ့အခါ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးထံ သွားပြီး အကျိုးအကြောင်း ပြောပြကာ အကူအညီတောင်းတယ်။ နတ်မင်းကြီးလေးပါးလဲ မတတ်နိုင်ကြဘူး။ ဒါနဲ့ မိစ္ဆာနတ်ဟာ သိကြားမင်းထံ ရောက်သွားပါတယ်။

သိကြားမင်းက "သင်ဟာ ဘုရားသာသနာတော်ကို စော်ကားပုတ်ခတ်သူဖြစ်လို့ ငါလဲ မကူညီနိုင်ဘူး။ ဒါပေမယ့် သူဌေးကြီးရဲ့ ပြန်မရသေးတဲ့ အကြွေးတစ်ဆယ့်ရှစ်ကုဋေ၊ ရေထဲပါသွားတဲ့ဥစ္စာ ...ဆယ့်ရှစ်ကုဋေနဲ့ အခြားတစ်နေရာမှာရှိတဲ့ ပိုင်ရှင်မဲ့ဥစ္စာ တစ်ဆယ့်ရှစ်ကုဋေ၊ အဲဒီပစ္စည်းတွေကို

[၇] သင်သည် အလှူရဲ၍မွဲလာခြင်းဖြစ်သည်ဟု ပြောလာသူ မိစ္ဆာနတ်ကို အနာထပိဏ်သူဌေးက သူ့အိမ်ထဲမှ နှင်ထုတ်ပစ်နေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



သင့်တန်ခိုးနဲ့ရအောင် ယူဆောင်ကာ သူဌေးကြီးရဲ့ကျီထဲမှာထားပြီး သူဌေးကြီးကို တောင်းပန်ပါ"လို့ အကြံပေးပါတယ်။

ဒါနဲ့ မိစ္ဆာနတ်လဲ သိကြားပေးတဲ့အကြံအတိုင်း ပြုလုပ်ပြီး သူဌေးကြီးကို ဝန်ချတောင်းပန်ပါတယ်။

အဲဒီအခါ သူဌေးကြီးက မိစ္ဆာနတ်ကို ဘုရားထံ ခေါ်သွားပါတယ်။ မြတ်စွာဘုရားက တရားဟောတဲ့အခါ မိစ္ဆာနတ်လဲ သောတာပန်ဖြစ်သွားတယ်။ သူဌေးကြီးရဲ့ ဝင်းတံခါးမုခ်က သူ့ဗိမာန်မှာ ပြန်နေခွင့်လဲ ရသွားပါတယ်။

ဒီဝတ္ထုမှာ အနာထပိဏ်သူဌေးကြီးဟာ ယူထားသူများက ပြန်မပေးတဲ့အကြွေးနဲ့၊ ရေထဲမျောပါသွားတဲ့ ရွှေငွေတွေအပြင် ပိုင်ရှင်မဲ့ ရွှေငွေတွေကိုပါ ရရှိတာဟာ ပေါ့ပေါ့ဆဆကြည့်ယင် နတ်ကယ်မလို့ ဟု ထင်စရာ ရှိနေပါတယ်။

ဒါပေမယ့် မဟုတ်ပါဘူး။ ရှေးရှေးဘဝတွေက သူတစ်ပါးပစ္စည်းတွေကို ခိုးယူလုယက်ခြင်း ညစ်ညူးကံမှ ရှောင်ကြဉ်ခဲ့လို့သာ ဖြစ်ပါတယ်။ ဒီ ကုသိုလ်ကံသာမပါယင် မိစ္ဆာနတ် မ, ရုံမကလို့ သိကြားမင်းကြီးကိုယ်တိုင် ဆင်း မ,တာတောင် မချမ်းသာနိုင်ပါဘူး။

ဒါ့ကြောင့် သူတစ်ပါးပစ္စည်း ခိုးယူလုယက်ခြင်းမှ ရှောင်ကြဉ်တာဟာ ခုရော နောင်ပါ အကျိုးရှိတယ်ဆိုတာ သတိပြုပြီး လိုက်နာရှောင်ကြဉ်သင့်ကြပါတယ်။

http://www.dhammadownload.com


## သူ့သားမယား မကျူးလွန်က ကောင်းကျိုးရ

အမျိုးသားဆိုယင် မသွားလာသင့်တဲ့ အမျိုးသမီးများနှင့် ပေါင်းဖော်ခြင်းမှ ရှောင်ကြဉ်တာ၊ အမျိုးသမီးဆိုယင် မိမိခင်ပွန်းမှတစ်ပါး အခြားယောကျ်ားများနှင့် ဖောက်ပြားခြင်းမှ ရှောင်ကြဉ်တာဟာ "ကာမေသုမိစ္ဆာစာရ" မှ ရှောင်ကြဉ်မှုပါပဲ။

ဒီလို ရှောင်ကြဉ်လို့ ကောင်းကျိုးရရှိပုံနဲ့ ပတ်သက်တဲ့ ဝတ္ထုကြောင်းလေး ဆက်ကြဦးစို့။

မြတ်စွာဘုရားလက်ထက်မှာ "ကိမိလ"ပြည်တွင် "ရောဟက" သူကြွယ်နဲ့ ဇနီးသည် မယ်ဘဒ္ဒါ ဆိုသူတို့ ရှိခဲ့ကြဖူးတယ်။ သူတို့နှစ်ဦးလုံးဟာ ကံ၊ ကံရဲ့အကျိုးကို ယုံကြည်ကြတယ်။ ဘုရား, တရား, သံဃာ ရတနာသုံးပါးကိုလဲ ကြည်ညိုကြတယ်၊ ကိုယ်ကျင့်သီလနဲ့လဲ ပြည့်စုံကြတယ်။

အထူးသဖြင့် မယ်ဘဒ္ဒါဟာ သီလ စောင့်ထိန်းတယ်။ မိမိယောကျ်ားမှတစ်ပါး အခြားယောကျ်ားများနဲ့ ဖောက်ပြားမှု မပြုဘူး။ အခြား ယောကျ်ားဆိုယင် စိတ်နဲ့တောင် မပြစ်မှားဘူးတဲ့၊ ဒါကြောင့် ကောင်းသတင်း ကျော်စောတယ်။ လူရော နတ်ပါ သူ့ကို လေးစားချစ်ခင်ကြပါတယ်။

အခါတစ်ပါးမှာ ရောဟကသူကြွယ်ဟာ အရောင်းအဝယ်ကိစ္စနဲ့ တက္ကသိုလ်ပြည်သို့ ထွက်ခွာသွားရတယ်။

http://www.dhammadownload.com



မယ်ဘဒ္ဒါဟာ နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပတဲ့နေ့မှာ အခြားအမျိုးသမီးတွေရဲ့ ပြောဆိုချက်အရ၊ ပွဲသဘင်မှာ နွဲ့ဝင်ပျော်ပါးချင်တဲ့စိတ် ဖြစ်ပေါ်လာတယ်။

သူ့စိတ်အကြံကိုသိတဲ့ အိမ်စောင့်နတ်က မိမိရဲ့တန်ခိုးဖြင့် မယ်ဘဒ္ဒါကို ဆောင်ယူပြီး တက္ကသိုလ်ပြည်ရှိ ခင်ပွန်းသည်နဲ့ ပေါင်းဖက် ပျော်မွေ့စေတယ်။ သူကွယ်ကတော့ မယ်ဘဒ္ဒါမှန်း သိဟန်မတူဘူး။

မယ်ဘဒ္ဒါဟာ တက္ကသိုလ်ပြည် နက္ခတ်ပွဲသဘင်မှာ ခင်ပွန်းသည်နှင့်အတူ နွဲ့ယှဉ်ပျော်ပါးယင်း ကိုယ်ဝန်ရရှိလာပါတယ်။ အဲဒီအခါမှာ အိမ်စောင့်နတ်က မယ်ဘဒ္ဒါကို ကိမိလပြည်သို့ ပြန်လည်သယ်ဆောင် လာပါတယ်။

ဒီအကြောင်းတွေကို သူ့ခင်ပွန်းရဲ့ ဆွေမျိုးများက မသိကြဘူး။ ဒါ့ကြောင့် မကြာမီ ကိုယ်ဝန်ပေါ်လာတဲ့အခါ အခြားယောကျ်ားများနဲ့ ဖောက်ပြားတယ်ထင်ပြီး မယ်ဘဒ္ဒါကို ကဲ့ရဲ့ပြစ်တင်ကြပါတယ်။ ပတ်ဝန်းကျင်ကလဲ နှာခေါင်းရှုံ့ကြပါတယ်။

အဲဒီအချိန်မှာပဲ ဂင်္ဂါမြစ်ရေ လျှံလာပြီး ကိမိလတစ်ပြည်လုံးကို ဖုံးလွှမ်းသွားတော့မလို ဖြစ်လာပါတယ်။ အဲဒီအခါ မယ်ဘဒ္ဒါက "ငါဟာ အခြားယောကျ်ားများနဲ့ ဖောက်ပြားခဲ့ယင် ဒီမြစ်ရေဟာ

---

[၈] တက္ကသိုလ်ပြည်မှ ခင်ပွန်းသည်နှင့် ပေါင်းဖက်ဆင်နွဲ့ရန် မယ်ဘဒ္ဒါကို အိမ်စောင့်နတ်က မိမိတန်ခိုးဖြင့် သယ်ဆောင်ပို့ပေးနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



တစ်မြို့လုံးကို ဖုံးလွှမ်းသွားပါစေ၊ ငါဟာ အခြားယောက်ျားများနဲ့ ဖောက်ပြားမှု မရှိတာမှန်ယင် ဒီမြစ်ရေဟာ အခုချက်ချင်း လျော့ကျသွားပါစေ” လို့ လူသိရှင်ကြား သစ္စာပြုပါတယ်။

သူသစ္စာပြုပြီးတာနှင့်တစ်ပြိုင်နက် ဂင်္ဂါမြစ်ရေဟာ အလိုအလျောက် လျော့ကျသွားပါတယ်။ ဒီတော့မှ လင့်ဆွေမျိုးတွေကရော ပတ်ဝန်းကျင်ကပါ မယ်ဘဒ္ဒါကို ပြန်လည် ယုံကြည်လာကြတယ်။ ပိုမိုချစ်ခင်လာကြတယ်။ ကောင်းသတင်းလဲ ခါတိုင်းထက်ပိုပြီး ကျော်စောလာတယ်။

မကြာမီ ရောဟက ပြန်ရောက်လာတယ်။ မယ်ဘဒ္ဒါကို ကိုယ်ဝန်နဲ့တွေ့ရတော့ သူလဲ သံသယဖြစ်ပြန်တယ်။

ဒါပေမယ့် တက္ကသိုလ်ပြည် နက္ခတ်ပွဲသဘင်မှာ တူနှစ်ကိုယ်နွဲ့ယှဉ်ပျော်ပါးစဉ်က သူပေးထားခဲ့တဲ့လက်စွပ်ကို မယ်ဘဒ္ဒါက ထုတ်ပြပါတယ်။

ဒီတော့မှ ရောဟကလဲ မယ်ဘဒ္ဒါအပေါ် သံသယကင်းသွားတယ်။ ခါတိုင်းထက်ပိုပြီး ချစ်ခင်မြတ်နိုးသွားပါတယ်။

မယ်ဘဒ္ဒါဟာ အဲဒီဘဝက သေတဲ့အခါ တာဝတိံသာနတ်ပြည်မှာ စည်းစိမ်ရှင်နတ်သမီးသွားဖြစ်ပါတယ်။

သူဟာ ဒီလိုလူ့ဘဝတုန်းကလဲ လူရောနတ်ပါ လေးစားချစ်ခင်ခြင်း ခံရတယ်။ ကောင်းသတင်းကျော်စောတယ်။ နောက်ဘဝကျတော့လဲ နတ်စည်းစိမ် ခံစားရပြန်တယ်။ ဒါတွေဟာ “ကာမေသုမိစ္ဆာစာရ” မှ ရှောင်ကြဉ်ခဲ့လို့ ဖြစ်ပါတယ်။

http://www.dhammadownload.com



ဒါ့ကြောင့် သူတစ်ပါးသားမယားကို ပြစ်မှားကျူးလွန်မှု ညစ်ညူးကံမှ ရှောင်ကြဉ်ပါတော့ နောင် နောင်ပါ အကျိုးရှိတယ်ဆိုတာ ယုံကြည်ပြီး အထူးလိုက်နာ ရှောင်ကြဉ်သင့်ကြပါတယ်။

**အဘခံတွင်းမှ ကြာညိုနံ့သင်းသူ**

လိမ်ညာပြောဆိုမှု ညစ်ညူးကံမှ ရှောင်ကြဉ်သူဟာ ဒီဘဝမှာလဲ အများရဲ့ယုံကြည်မှုကို ခံရတယ်။ နောင်ဘဝမှာလဲ ကောင်းကျိုး ရရှိနိုင်တယ်တဲ့။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က သာဝတ္ထိပြည်မှာ အိမ်ထောင်ရှင်အမျိုးသား တစ်ဦးဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နာကြားရလို့ ရဟန်းပြုချင်တဲ့စိတ် ဖြစ်ပေါ်လာပါတယ်။ ဒါနဲ့ သူ့ဇနီးထံ ခွင့်ပန်ပြီး ရဟန်းပြုသွားပါတယ်။

မကြာမီ အဲဒီရဟန်းရဲ့ ဇနီးဟောင်းကို သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလက တော်ကောက်ပြီ ကိုယ်လုပ်မောင်းမအဖြစ် တင်မြှောက်ထားပါတယ်။

တစ်နေ့မှာ ကောသလမင်းကြီးဟာ မိမိထံဆက်သလာတဲ့ကြာပန်းများကို မိဖုရား မောင်းမမိဿံ ခြွေရံများအား ဝေငှပေးပါတယ်။ ရဟန်းရဲ့ ဇနီးဟောင်း မောင်းမကလဲ အခြား မောင်းမများနဲ့ တန်းတူ ကြာညိုပန်းနှစ်ပွင့် ရရှိပါတယ်။

http://www.dhammadownload.com



အဲဒီမောင်းမဟာ ကြာညိုပန်းနှစ်ပွင့်ရရှိတဲ့အခါ ဝမ်းမြောက်ဝမ်းသာ ရယ်တယ်။ နောက်ချက်ချင်း ဆိုသလို ငိုပြန်ပါတယ်။ ဒီလိုရယ်လိုက်ငိုလိုက် ဖြစ်နေတာကို ဘုရင်က တွေ့သွားတော့ အကျိုးအကြောင်း မေးမြန်းတယ်။

အဲဒီအခါ "ရယ်တာကတော့ အခြားမောင်းမများနဲ့တန်းတူရည်တူ ကြာပန်းများရလို့ ဝမ်းသာပြီး ရယ်မိပါတယ်။ ငိုတာကတော့ ကြာပန်းနံ့ကို နမ်းရှူရတဲ့အခါ အာခံတွင်းမှ ကြာညိုနံ့သင်းသူ ငယ်လင်ဟောင်းကို အောင်းမေ့လွမ်းဆွတ်၍ ငိုမိခြင်းဖြစ်ပါတယ်"လို့ မောင်းမက သံတော်ဦးတင်ပါတယ်။

ဒါပေမယ့် သူ့စကားကို ဘုရင်က မယုံကြည်ဘူး။ ဒါ့ကြောင့် အကြိမ်ကြိမ်ခြိမ်းခြောက် မေးမြန်းတယ်။ မေးတိုင်းမေးတိုင်း မောင်းမကလဲ ပထမစကားအတိုင်း ရဲရဲဝံ့ဝံ့ ဖြေကြားပါတယ်။

ဒါနဲ့ ကောသလဘုရင်ဟာ အဲဒီမောင်းမရဲ့ ခင်ပွန်းဟောင်း ရဟန်းတော်နှင့်တကွ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို နန်းတော်ပင့်ပြီး ဆွမ်းကပ်တယ်။ တစ်နန်းတော်လုံးမှာလဲ အမွှေးနံ့သာ မှုန်သမျှကို ဖယ်ရှားရှင်းလင်းထားတယ်။

---

[၉] အာခံတွင်းမှ ကြာညိုနံ့သင်းသူ ရဟန်းတော်၏ ဇနီးဟောင်း မောင်းမသည် ဘုရင်ပေးသော ကြာညိုပန်းကို နမ်းရှူယင်း လင်ဟောင်းကို သတိရအောင်းမေ့၍ ငိုယိုနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



ဆွမ်းကပ်ပြီးတဲ့အခါ အဲဒီမောင်းမရဲ့ ခင်ပွန်းဟောင်း ရဟန်းတော်တစ်ပါးတည်းကိုသာ ချန်ထား ပြီး ဘုရားနှင့်တကွ အခြားသံဃာတော်တွေကို ပြန်ကြွဖို့ လျှောက်ထားပါတယ်။ အဲဒီရဟန်းတော် တစ်ပါး တည်းကျန်မှ အနုမောဒနာတရားဟောဖို့ ရဟန်းတော်အား ဘုရင်က လျှောက်ထားပါတယ်။

အဲဒီရဟန်းတော် တရားဟောလိုက်တယ်ဆိုယင်ပဲ သူ့ခံတွင်းမှ ထွက်လာတဲ့ ကြာညိုနံ့ဟာ နန်းတော်ဆောင်တစ်ခုလုံးကို လွှမ်းဖုံးသွားပါသတဲ့။

ဒီတော့မှ ကောသလဘုရင်ဟာ ရဟန်းတော်ရဲ့ ဇနီးဟောင်း မောင်းမ လျှောက်တင်တဲ့စကား ကို ယုံကြည်လက်ခံသွားပါတယ်။

ဒီရဟန်းတော်ဟာ အာခံတွင်းမှ ကြာညိုနံ့သင်းရတာကတော့ ရှေးဘဝက တရားနာယူစဉ် နှုတ်မြွက်ချီးသာပြီး သာဓုခေါ်ခဲ့တဲ့အပြင် လိမ်ညာပြောဆိုမှု ညစ်ညူးကံမှ ရှောင်ကြဉ်ခဲ့လို့ ဖြစ်ပါတယ်။

ဒါကြောင့် လိမ်ညာပြောဆိုမှုမှ ရှောင်ကြဉ်တာဟာလဲ ခုရောနောင်ပါ ကောင်းကျိုးရရှိနိုင်တယ် ဆိုတာ ယုံကြည်ပြီး လိုက်နာရှောင်ကြဉ်သင့်ကြပါတယ်။

ကဲ . . . "ညစ်ညူးသော ကံလေးပါးမှ ရှောင်ကြဉ်ရမယ်"ဆိုတဲ့ ဘုရားဟောစကားနဲ့ ပတ်သက် လို့တော့ တော်လောက်ပါပြီ။ နိဂုံးချုပ်ဆောင်ပုဒ် ကဗျာလေးတွေ ဆိုပြီး တစ်ခန်းရပ်ကြစို့။

http://www.dhammadownload.com



## ညစ်ညူးကံလေးပါး ကဗျာ

လူတိုင်းရှောင်ရန်-ဆိုးကံများကို၊ ကွဲကွဲပြားပြား-သိသင့်တယ်။
သူ့အသက်ကို-သတ်ဖြတ်ခြင်းမှ၊ အမြဲကင်းအောင်-ရှောင်ကြဉ်ကွယ်။
သူ့ဥစ္စာကို-ခိုးယူခြင်းမှ၊ အမြဲကင်းအောင်-ရှောင်ကြဉ်ကွယ်။
သူ့သားမယားကို-ကျူးလွန်ခြင်းမှ၊ အမြဲကင်းအောင်-ရှောင်ကြဉ်ကွယ်။
လိမ်ညာစကားကို-ပြောဆိုခြင်းမှ၊ အမြဲကင်းအောင်-ရှောင်ကြဉ်ကွယ်။
ဤညစ်ညူးကံ-ရှောင်ကြဉ်မှုဟာ၊ နောင်ရေးခုပါ-ကျိုးရှိတယ်။ ။
မှတ်ကွယ် . . . မှတ်ကွယ်။

http://www.dhammadownload.com

## အဂတိလေးပါး မလိုက်စားနဲ့

"သူကြွယ်သား သိင်္ဂါလ၊ အမျိုးကောင်းသားဟာ လေးပါးသောအကြောင်းတို့ဖြင့် မကောင်းမှု မပြုရ"ဆိုတဲ့ စကားဟာ အဂတိလေးပါး မလိုက်စားဖို့ ဟောကြားဆုံးမတဲ့စကားတော်ပါပဲ။

အဂတိဆိုတဲ့ ပါဠိဟာ မြန်မာတိုင်းလိုလို အသုံးအစွဲများနေတဲ့စကား ဖြစ်ပါတယ်။ အဓိကအားဖြင့် တရားစီရင်ရာ၊ ပစ္စည်းဝေဖန်ရာတို့နှင့် ပတ်သက်ပြီး သုံးတဲ့စကားပါပဲ။ "မလိုက်အပ်သည်သို့ အလိုက်မှားခြင်း"လို့ အဓိပ္ပါယ်ရှိပါတယ်။ လွယ်အောင်ပြောရယင် ဘက်လိုက်ပြီး အမှားစီရင် ဆုံးဖြတ်ခြင်းပါပဲ။

ဒီလို အမှားပြုတာမျိုးကို "အဂတိလိုက်စားခြင်း"လို့လဲ သုံးစွဲပြောဆိုကြပါတယ်။ အဲဒီအဂတိတရားက လေးပါးရှိပါတယ်။ သူတို့က . . .

(၁) ချစ်ခင်၍ ဘက်လိုက်ပြီး အမှားစီရင် ဆုံးဖြတ်မိခြင်း (ဆန္ဒာဂတိ)
(၂) စိတ်ဆိုး၍, မုန်း၍ ဘက်လိုက်ပြီး အမှားစီရင် ဆုံးဖြတ်မိခြင်း (ဒေါသာဂတိ)
(၃) ကြောက်ရွံ့၍ ဘက်လိုက်ပြီး အမှားစီရင် ဆုံးဖြတ်မိခြင်း (ဘယာဂတိ)
(၄) မသိနားမလည်၍ ဘက်လိုက်ပြီး အမှားစီရင် ဆုံးဖြတ်မိခြင်း (မောဟာဂတိ)
စသည်တို့ဖြစ်ကြပါတယ်။

အမှုထမ်း အရာထမ်းများ လာဘ်စားပြီး လာဘ်ပေးသူအတွက် ဘက်လိုက်ဆောင်ရွက်ပေးတာမျိုး၊ တရားသူကြီးက လာဘ်ထိုးသူအား အဆာပေး ဆုံးဖြတ်တာမျိုးဟာ ဆန္ဒာဂတိထဲ အကျုံးဝင်မှာပါပဲ။ ဥပဒေသဘော နားမလည်လို့ အမှား ဆုံးဖြတ်မိတာမျိုးကတော့ မောဟာဂတိပါပဲ။

မိမိကိုယ်ရဲ့ စင်ကြယ်မှုကို လိုလားသူတိုင်းဟာ ဒီအဂတိလေးပါး လိုက်စားခြင်းမှ ရှောင်ကြဉ်ရပါတယ်။ မရှောင်ကြဉ်ယင် ခုဘဝမှာလဲ အဂတိလိုက်စားမှု တားမြစ်ရေးလို ဥပဒေမျိုးနဲ့ အရေးယူခံရမယ်။ သေယင်လဲ မကောင်းသောဘုံဘဝ ရောက်ရတတ်တယ်တဲ့။

## အဂတိလိုက်သည့် ရာဖြတ်မိုက်

ဒီခေတ်မှာ အဂတိလိုက်စားသူ အမှုထမ်းအရာထမ်းများ အရေးယူခံရ၊ ရာထူးပြုတ်ရသလို ရှေးအခါကလဲ အဂတိလိုက်စားယင် ဒီလိုပင် အရေးယူခံရမြဲ ဖြစ်ပါတယ်။

ငါးရာ့ငါးဆယ် ဇာတ်နိပါတ် တက္ကသိုလနာဠိဇာတ်မှာ ဘုရားအလောင်းဟာ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းရဲ့ ရာဖြတ်ဝန် ဖြစ်ခဲ့ဖူးပါတယ်။

ဘုရင်က ပစ္စည်းတန်ဖိုးဖြတ်စရာရှိယင် သူ့ဘက် မျက်နှာလိုက်ပြီး ဖြတ်ပေးစေလိုတယ်။ ဘုရားအလောင်းကတော့ အဂတိမလိုက်စားပဲ မှန်မှန်ကန်ကန်သာ တန်ဖိုးဖြတ်ပေးလေ့ရှိတယ်။

ဒါ့ကြောင့် ဘုရင်က သူ့ကို ရာထူးဖြုတ်ပြီး အခြားလူညံ့တစ်ယောက်ကို ရာဖြတ်ဝန် ခန့်လိုက်ပါတယ်။

http://www.dhammadownload.com



တစ်နေ့မှာ ဥတ္တရာပထမှ မြင်းကုန်သည်တစ်ဦးဟာ မြင်းငါးရာနဲ့ ရောက်လာတယ်။ ဘုရင်က သူ့ရာဖြတ်ဝန်အသစ်ကို မြင်းငါးရာရဲ့တန်ဖိုး ဖြတ်ပေးဖို့ ပြောပါတယ်။ ရာဖြတ်ဝန်အသစ်က "မြင်းငါးရာဟာ ဆန်တစ်ပြည်သာ တန်ပါတယ်"လို့ အဖိုးဖြတ်ပေးလိုက်ပါတယ်။

[မှတ်ချက် ။ ။ နာဠိကို ကွမ်းစားလို့ ဘာသာပြန်ကြတယ်။]

ဒီတော့ ကုန်သည်က မကျေနပ်ဘူး။ ရာဖြတ်ဝန်ဟောင်း ဘုရားအလောင်းထံသွားပြီး တိုင်ကြားတယ်။ ဘုရားအလောင်းက "ရာဖြတ်ဝန်အသစ်အား လာဘ်ပေးပြီး ဘုရင့်ရှေ့မှာ ဆန်တစ်ပြည်ရဲ့ တန်ဖိုး ဖြတ်ခိုင်းပါ"လို့ အကြံပေးပါတယ်။

ကုန်သည်လဲ ဘုရားအလောင်းပေးတဲ့အကြံအတိုင်း ရာဖြတ်မိုက်အား လာဘ်ပေးတယ်။ နောက်နေ့ ညီလာခံကျတော့ "ဆန်တစ်ပြည် ဘယ်လောက်တန်သလဲ"လို့ ဘုရင့်ရှေ့ လူပုံအလယ်မှာ ရာဖြတ်ဝန်ကို ကုန်သည်က မေးပါတယ်။ ရာဖြတ်ဝန်က "ဆန်တစ်ပြည်ဟာ ဗာရာဏသီတစ်ပြည်လုံး တန်ပါတယ်" လို့ တန်ဖိုး ဆုံးဖြတ်လိုက်ပါတယ်။

ဒီတော့ ရာဖြတ်ဝန်ဟောင်း ဘုရားအလောင်းနှင့်တကွ ညီလာခံရှိ ပရိသတ်အများက ဝိုင်းလှောင်ကြ၊ ရယ်ကြတယ်။ ဘုရင်ကြီးဟာ အရှက်ရပြီး သူ့ရာဖြတ်ဝန်ကို ရာထူးဖြုတ်ပစ်ရတော့တယ်။

---

[၁၀] "ဗာရာဏသီ ဆန်တစ်ပြည် တန်သည်"ဟု ရာဖြတ်မိုက်က ဆုံးဖြတ်လိုက်ရာ ညီလာခံရှိ ပရိသတ်များက ဟားတိုက်၍ လှောင်ပြောင်ရယ်မောကြပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



ဒီဝတ္ထုမှာ ဘုရင်ဟာ အဂတိလိုက်စားပြီး ရာထူးမပေးသင့်သူကို ရာထူးပေးမိလို့ ညီလာခံ ဗိုလ်ပုံအလယ်မှာ အရှက်ကွဲရတယ်။ ရာဖြတ်မိုက်ဟာလဲ အဂတိလိုက်စားပြီး အမှားဆုံးဖြတ်လို့ ရာထူးပြုတ်သွားရခြင်း ဖြစ်ပါတယ်။

## အဂတိလိုက်စား၍ နတ်ဘီလူး ဖြစ်ရသူများ

အဂတိတရား လိုက်စားမိယင် သာမန်လူသားများကို မဆိုထားနဲ့၊ ရဟန်းတော်များပင် ယုတ်ညံ့တဲ့အကျိုးကို ခံစားကြရတယ်တဲ့။

ကဿပမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးစမှာ အမျိုးကောင်းသားနှစ်ဦးဟာ သာသနာ့ဘောင်ဝင်ပြီး ရဟန်းပြုကြတယ်။

ရဟန်းတော်ဆိုတာ (၁) စာပေကျမ်းဂန်သင်ယူပို့ချခြင်း၊ (၂) တရားအားထုတ်ခြင်း၊ ဒီအလုပ်နှစ်မျိုးအနက် တစ်ခုခုကို ပြုလုပ်ရတယ်။ အခု ရဟန်းနှစ်ပါးဟာ စာပေကျမ်းဂန် သင်ယူတဲ့အလုပ်ကို လုပ်ကြတယ်။

သူတို့ဟာ ဉာဏ်ပညာထက်မြက်ပြီး အလွန်ကြိုးစားသူများ ဖြစ်ကြလို့ ပိဋကတ် သုံးပုံလုံးဂို တစ်ဘက်ကမ်းရောက် တတ်မြောက်သွားကြတယ်။ အထူးသဖြင့် ဝိနည်းအဆုံးအဖြတ်မှာ အလွန်တော်လို့ ဝိနည်းမိုရ်ဆရာတော်ကြီးများ ဖြစ်လာကြတယ်။

http://www.dhammadownload.com



သူတို့မှာ တပည့်တပန်း ရဟန်းအခြံအရံ ငါးရာစီရှိကြတယ်။ အလွန်လာဘ်လာဘပေါများကြတယ်။ အလွန်ထင်ရှားကျော်စောကြတယ်။ သူတို့ကို အကြောင်းပြုပြီး ကဿပမြတ်စွာဘုရား သာသနာတော်ကြီးဟာ အလွန်ပွင့်လင်းလာတယ်တဲ့။

အဲဒီအချိန်မှာပဲ တောကျောင်းတစ်ကျောင်းမှာ ရဟန်းတော်နှစ်ပါး သီတင်းသုံးနေကြတယ်။ တစ်ပါးက ဝိနည်းနဲ့အညီနေတဲ့ တရားသောရဟန်းဖြစ်တယ်။ အခြားတစ်ပါးကတော့ ဝိနည်းနဲ့အညီမနေတဲ့ မတရားသောရဟန်းဖြစ်တယ်။ မတရားသောရဟန်းဟာ အပြောအဆိုလဲ ကြမ်းတမ်းတယ်တဲ့။

တစ်နေ့မှာ မတရားသော ရဟန်းဟာ ဝိနည်းသိက္ခာပုဒ်ကို ကျူးလွန်ပါတယ်။ ဒါကို တရားသောရဟန်းက သတိပေးမိတာနဲ့ သူတို့နှစ်ပါး စကားများကြပါတယ်။ တရားသောရဟန်းက ဒီကိစ္စကို ဝိနည်းမိုရ်ဆရာတော်ကြီးများ ဆုံးဖြတ်လိမ့်မယ်လို့ ပြောပါတယ်။

ဝိနည်းမိုရ်ဆရာတော်ကြီးများက အမှန်အတိုင်းဆုံးဖြတ်ယင် မတရားသောရဟန်းဟာ လူထွက်ရဖို့ သေချာတယ်။ ဒါကိုသိတဲ့ မတရားသောရဟန်းဟာ လက်ဆောင်ပစ္စည်းများယူပြီး ဝိနည်းမိုရ် ဆရာတော်ကြီးများထံ ဦးအောင်သွားတယ်။ ရဟန်းအသုံးအဆောင်ပစ္စည်းများ လက်ဆောင်ပေးပြီး ဆရာတော်များရဲ့ အနီးအပါးမှာ ဝတ်ကြီးဝတ်ငယ် ပြုလုပ်ပေးတယ်။

ဒီလို ပြုလုပ်နေထိုင်လာလို့ ပုဂ္ဂိုလ်ချင်း ရင်းနှီးလာတဲ့အခါ သူ့ကိစ္စကို ဖွင့်လျှောက်တယ်။ သူကျူးလွန်ခဲ့တဲ့ သိက္ခာပုဒ်အကြောင်းကို တရားသောရဟန်းက တင်ပြလာယင် သူ့ဘက်က လိုက်ပြီး ဆုံးဖြတ်ပေးဖို့ တောင်းပန်လျှောက်ထားပါတယ်။

http://www.dhammadownload.com



ပထမတော့ ဆရာတော်ကြီးများက ငြင်းပယ်ကြပါသေးတယ်။ ဒါပေမယ့် မတရားသောရဟန်းက "နောင်ဘဝမှာ ခံရမည့်အပြစ်ကို သူခံပါ့မယ်။ ဒီဘဝမှာ အမှုနိုင်ပြီး လူမထွက်ရရင် တော်ပါပြီ"လို့ အတင်းမရမက သနားအောင်ပြောတယ်။

ဒါနဲ့ ဆရာတော်ကြီးများလဲ သူ့ဘက်ကရပ်တည်ဖို့ နောက်ဆုံးမှာ ဝန်ခံလိုက်ကြတယ်။ ဒါဟာ အဂတိလိုက်စားမှုပါပဲ။

ဆရာတော်ကြီးများထံမှ ကတိရတယ်ဆိုရင်ပဲ မတရားသောရဟန်းဟာ တောကျောင်းကို ပြန်တယ်။ တရားသောရဟန်းကို ရန်လုပ်တယ်။ ခါတိုင်းထက်ပိုပြီး ဖိနှိပ်စကားပြောကြားတယ်။ ဆရာတော်ကြီးများကို တိုင်လဲ အရေးမစိုက်တဲ့သဘော ပြောပါတယ်။

ဒါနဲ့ တရားသောရဟန်းဟာ ဝိနည်းမိုရ်ဆရာတော်ကြီးများရဲ့ တပည့်တပန်းရဟန်းတော်များထံ အဲဒီကိစ္စတင်ပြပါတယ်။ ဒါပေမယ့် ဝိနည်းမိုရ်ဆရာတော်ကြီးများ ကိုယ်တိုင်က ဘာမျှမပြောကြလို့ တပည့်ရဟန်းတော်များလဲ အဆုံးအဖြတ်မပေးပဲ ရေငုံနှုတ်ပိတ်နေကြတယ်။

ဒီလို ဘယ်သူကမှ အရေးမယူတာကို မတရားသောရဟန်းက သိသွားတယ်။ ဒါ့ကြောင့် တရားသော ရဟန်းကို ကျောင်းမှ အတင်းနှင်ထုတ်ပစ်တယ်။

---

[၁၁] မိမိ၏အမှုကို တင်ပြလာယင် မိမိဘက်က ရပ်တည်ပါရန် မတရားသောရဟန်းက ဝိနည်း **မိုရ်ဆရာတော်ကြီးများအား အတင်းမရမက သနားအောင် လျှောက်ထားနေပုံ။**

ဒီတော့ တရားသော ရဟန်းဟာ ဝိနည်းဓိုရ်ဆရာတော်ကြီးများထံ သွားပြီး အပြစ်တင် စကား ပြောကြားတယ်။

"အရှင်ဘုရားတို့ဟာ အမှန်အတိုင်း မဆုံးဖြတ်ကြဘူး။ ဘုရားမျက်နှာကို မငဲ့ပဲ ရဟန်းဆိုး မျက်နှာကိုသာ ငဲ့ကြတယ်။ ကဿပမြတ်စွာဘုရား သာသနာဟာ ဒီနေ့မှ ကွယ်တယ်။ နောင်ကို အရှင်ဘုရားတို့ ဝိနည်းအဆုံးအဖြတ် မပြုကြနဲ့တော့"လို့ ငိုယိုကာ အပြစ်တင်စကား ပြောကြားပြီး ထွက်သွားပါတယ်။

ဝိနည်းဓိုရ် ဆရာတော်ကြီးများလဲ မိမိတို့ရဲ့ အမှားကို နောင်တရပြီး စိတ်မကောင်းဖြစ်ကြပါတယ်။

သူတို့ဟာ အနှစ် နှစ်သောင်းတိုင်တိုင် ရဟန်းကောင်းဘဝနဲ့ ကောင်းမွန်စွာ နေထိုင်ခဲ့ပေမယ့် ပျံလွန်တဲ့အခါ ယုတ်ညံ့တဲ့ နတ်ဘီလူးများ သွားဖြစ်ကြရပါတယ်။

သူတို့ရဲ့ဒကာ၊ ဒကာမများဟာ မြင့်မြတ်တဲ့အထက်အထက်နတ်ပြည်တွေမှာ သွားဖြစ်ကြတယ်။

သူတို့မှာတော့ တစ်ပါးက မဇ္ဈိမဒေသ သာတာတောင်မှာ သာတာဂိရနတ်ဘီလူးဖြစ်ရရှာတယ်။ တစ်ပါးကလဲ ဟိမဝန္တာတော ဟေမဝတတောင်မှာ ဟေမဝတနတ်ဘီလူး ဖြစ်ရရှာတယ်။

သူတို့ရဲ့ တပည့်တပန်း ရဟန်းတော်များလဲ သူတို့ရဲ့ အခြွေအရံ နတ်ဘီလူးများပင် ဖြစ်ကြရ ရှာတယ်။

http://www.dhammadownload.com



ဒီဆရာတော်ကြီးများ ယုတ်ညံ့တဲ့ နတ်ဘီလူးများ ဖြစ်ကြရတာဟာ အဂတိလိုက်စားမိလို့ ဖြစ်ပါတယ်။ သူတို့ရဲ့ တပည့်တပန်း ရဟန်းတော်များကတော့ ဆရာသမားများကို အတုလိုက်ပြီးပြုမိကြလို့ နတ်ဘီလူးဖြစ်ကြရခြင်းပါပဲ။

နတ်ဘီလူးအစည်းအဝေးမှာ သူတို့ချင်း တွေ့ဆုံကြတဲ့အခါ ရှေးဘဝက အဂတိလိုက်စားမိခဲ့လို့ ယုတ်ညံ့တဲ့ နတ်ဘီလူးများ ဖြစ်ရတာကို ပြန်သတိရကြပြီး အလွန် စိတ်မကောင်းဖြစ်ကြပါသတဲ့။

ဒါ့ကြောင့် အဂတိတရား လိုက်စားမိယင် ရဟန်းတော်များပင် ယုတ်ညံ့တဲ့အကျိုးခံစားကြရတယ်ဆိုတာကို သတိပြုကြပြီး အဂတိလိုက်စားမှုမှ ရှောင်ကြဉ်သင့်ကြပါတယ်။ ရှောင်ကြဉ်ချင်ယင် အကြောင်းရင်းတရားခံကို ပယ်ရမယ်တဲ့။

အဂတိလိုက်စားမိခြင်းရဲ့ အဓိက အကြောင်းရင်း တရားခံဟာ (၁) ချစ်ခြင်း၊ (၂) မုန်းခြင်း၊ (၃) ကြောက်ရွံ့ခြင်း နှင့် (၄) မသိခြင်းတို့ဖြစ်ကြပါတယ်။

ဒီအကြောင်းတွေကို ပယ်နိုင်ယင် အဂတိလိုက်စားမှုဟာလဲ အလိုအလျောက် ကင်းသွားနိုင်ပါတယ်။

ကဲ ... "အဂတိလေးပါး မလိုက်စားနဲ့" ဆိုတဲ့ စကားနဲ့ ပတ်သက်လို့တော့ တော်လောက်ပါပြီ။ နိဂုံးချုပ် ဆောင်ပုဒ် ကဗျာလေးတွေဆိုပြီး အဆုံးသတ်ကြဦးစို့။

http://www.dhammadownload.com



## အဂတိ လေးပါး ကဗျာ

မလိုက်သင့်ရာ-လိုက်မှားမိတော့၊ အဂတိလို့-ခေါ်ပါတယ်။
ချစ်ခင်၍သာ-လိုက်မှားမိတော့၊ ဆန္ဒာဂတိ-ဖြစ်ပါတယ်။
စိတ်ဆိုး၍သာ-လိုက်မှားမိတော့၊ ဒေါသာဂတိ-ဖြစ်ပါတယ်။
ကြောက်ရွံ့၍သာ-လိုက်မှားမိတော့၊ ဘယာဂတိ-ဖြစ်ပါတယ်။
မသိ၍သာ-လိုက်မှားမိတော့၊ မောဟာဂတိ-ဖြစ်ပါတယ်။
ချစ်, မုန်း, ကြောက်ပြန်-မသိတရားဟာ၊ ပယ်ရန်အကြောင်းများဖြစ်ပါတယ်။
မှတ်ကွယ် . . . မှတ်ကွယ်။ ။

---

[၁၂] ဿာတာဂိရနှင့် ဟေမဝတတို့သည် ရှေးဘဝက ဝိနည်းဓိုရ်ဆရာတော်ကြီးများဖြစ်စဉ်က အဂတိလိုက်စားမိ၍ ယခုလိုယုတ်ညံ့သော နတ်ဘီလူးများ ဖြစ်လာရသည်ဟု အချင်းချင်း ဝမ်းနည်းစကား ပြောကြားနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com

## စည်းစိမ်ပျက်ရာ ကြောင်းခြောက်ဖြာ

"သူကြွယ်သား သိင်္ဂါလ၊ အမျိုးကောင်းသားဟာ စည်းစိမ်ပျက်စီးကြောင်းတရား ခြောက်ပါးကို မမှီဝဲရ"ဆိုတဲ့ ဘုရားဟောစကားကို တင်ပြဖို့ အလှည့်ကျရောက်လာပြီ။

စည်းစိမ်ပျက်စီးကြောင်းတရား ခြောက်ပါးဆိုတာကတော့ . . .

(၁) အရက်သေစာ (မူးယစ်ဆေးဝါး) သောက်စားသုံးစွဲခြင်း၊
(၂) အချိန်မဲ့ အခါမဲ့ သွားလာ လှည့်ပတ်ခြင်း၊
(၃) ပွဲလမ်းသဘင် အကြည့်အရှုများခြင်း၊
(၄) လောင်းကစားလေ့ရှိခြင်း၊
(၅) မကောင်းသော မိတ်ဆွေနှင့် ပေါင်းသင်းခြင်း၊
(၆) ပျင်းရိလေ့ရှိခြင်းတို့ဖြစ်ကြပါတယ်။

အထက်ပါ စည်းစိမ်ပျက်ကြောင်းတရား ခြောက်ပါးအနက် တစ်ပါးပါးလျှင် အပြစ်ခြောက်ပါးစီ ခြောက်ပါးစီ ထပ်ဆင့်ခွဲခြားပြီး မြတ်စွာဘုရားက အကျယ်ချဲ့ကာ အသေးစိတ် ဟောကြားတော်မူပါသေးတယ်။

http://www.dhammadownload.com



ဒါပေမယ့် ဒီမှာတော့ ကလေးသူငယ်များ မှတ်ရတာ များလွန်းပြီး စိတ်ရှုပ်ကုန်မှာစိုးလို့ အကျယ်ဟောကြားချက်တွေကို ဖော်မပြတော့ပဲ တမင် ချန်ထားခဲ့ပါတယ်။

## အရက်သေစာ ကြောက်စရာ

စည်းစိမ်ပျက်ကြောင်းတရား ခြောက်ပါးအနက် အရက်သေစာ သောက်စားမူးယစ်ခြင်းဟာ အပြစ်အကြီးဆုံး၊ ကြောက်စရာ အကောင်းဆုံးပါပဲ။

အရက်မူးသူဟာ ခုဘဝမှာပဲ "ပစ္စည်းဥစ္စာ ဆုတ်ယုတ်တတ်တယ်၊ ခိုက်ရန်ဖြစ်ပွားတတ်တယ်၊ အနာရောဂါ ရတတ်တယ်၊ အရှိန်အဝါ မဲ့တတ်တယ်၊ လျှို့ဝှက်ရမည့် အရာကို ဖော်ပြတတ်တယ်၊ ဉာဏ်ပညာ အားနည်းတတ်တယ်"တဲ့။

အရက်မူးလာယင် မကောင်းမှု မှန်သမျှ အကုန် ကျူးလွန်ရဲတယ်။ မကျူးလွန်ရဲတာရယ်လို့ မရှိဘူး။ အရက်မူးပြီး မကောင်းမှုကျူးလွန်ယင် သေတဲ့အခါ အပါယ်ငရဲကျနိုင်တယ်။ လူပြန်ဖြစ်ယင်လဲ အရူးအနှမ်း စသည် ဖြစ်ရတတ်တယ်တဲ့။

ဒါ့ကြောင့် အရက်သေစာ (မူးယစ်ဆေးဝါး) သောက်စားသုံးစွဲတာ ကြောက်စရာ အကောင်းဆုံးပဲလို့ ဆိုခြင်းဖြစ်ပါတယ်။

http://www.dhammadownload.com



## လူ့ကိုဖျက် အရက်

အရက်သေစာ သောက်စားမှုးယစ်ခြင်းစတဲ့ စည်းစိမ်ပျက်စီးကြောင်း တရားတွေ လိုက်စားမိလို့ ပျက်စီးဆုံးရှုံးသွားရသူတွေထဲမှာ ဘုရင် တပင်ရွှေထီးဟာ ရှေ့တန်းက ပါဝင် ပါတယ်။

တပင်ရွှေထီးဟာ မြန်မာ့သမိုင်းမှာ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သူဖြစ်ကြောင်း အားလုံး အသိပါပဲ။ ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို စတင်တည်ထောင်ခဲ့ရုံမျှမက ယိုးဒယား နိုင်ငံအထိ မြန်မာတို့ရဲ့ ဘုန်းလက်ရုံးကို ဆန့်တန်းနိုင်ခဲ့သူ ဖြစ်ပါတယ်။

ဒါပေမယ့် ယိုးဒယားကိုသိမ်းပြီး ဟံသာဝတီကို ပြန်ရောက်ချိန်မှစ၍ စိတ်ဓာတ် ဖောက်ပြားစပြုလာဟန်တူပါတယ်။

အားအားရှိယင် နန်းတော်ထဲမှာ ပျော်ပွဲရွှင်ပွဲတွေ ကျင်းပတယ်။ နွားပြိုင်ပွဲ၊ နွားတိုက်ပွဲ၊ ဆင်ပြိုင်ပွဲ၊ မြင်းပြိုင်ပွဲ စသည်တွေ ကျင်းပလိုက်စားလာတယ်။ တောကစားထွက်တယ်။

အဲဒီအချိန်မှာ ပေါ်တူဂီစစ်ဗိုလ်တစ်ဦးကို မုတ္တမမြို့စားက ဖမ်းဆီးပြီး တပင်ရွှေထီးထံ ဆက်သလာပါတယ်။

ဒီစစ်ဗိုလ်ဟာ ရုပ်ရေသန့်ပြန့်တယ်။ ဉာဏ်နီဉာဏ်နက်များတယ်။ အပြောအဆို ပါးနပ်ခြေခံတယ်။ မိမိအခွင့်အရေးအတွက် အလိုလိုက် အကြိုက်ပေးပြီး ဟန်ဆောင်ကာ ရိုရိုသေသေ ခစားတတ်တယ်။ သေနတ်ပစ်လဲ အလွန် လက်ဖြောင့်တယ်တဲ့။

http://www.dhammadownload.com


ဒါနဲ့ တပင်ရွှေထီးက အဲဒီ စစ်ဗိုလ်ကို သူ့အပါးမှာ ခစားခွင့်ပေးပြီး ချီးမြှောက်ထားတယ်။ ဒီ စစ်ဗိုလ်နဲ့ နီးစပ်ရာကနေပြီး တပင်ရွှေထီးထံ နိုင်ငံခြား စရိုက်ဆိုးတွေ ကူးစက်လာတယ်။ ပျက်စီးဖို့ ရှေး ရှုလာခြင်းပါပဲ။

တပင်ရွှေထီးဟာ ဒီ စစ်ဗိုလ်ကို နန်းတွင်းသူ အပျိုတော်တစ်ယောက်နဲ့ ပေးစားပြီး နန်းတော် ဝင်းနားမှာပဲ မင်းညီမင်းသားများလို နေခွင့်ပြုတဲ့အထိ မြှောက်စားလာတယ်။ တောကစားထွက်တိုင်း ဒီ စစ်ဗိုလ်ကို ခေါ်ဆောင်သွားတယ်။ ပစ်ခတ်သတ်ဖြတ်လို့ရတဲ့ တောကောင်တွေကို တောထဲမှာပဲ ဖုတ်, ကင်, ချက်ပြုတ်ပြီး အရက်နဲ့ စားသောက်ကြတယ်။

ကြာလာတော့ တပင်ရွှေထီးဟာ ပြည်တွင်းဖြစ် အရက်ကိုတောင် မသောက်တော့ဘူး။ နိုင်ငံ ခြားဖြစ် အရက်မှ သောက်တော့တယ်။ သူ့မိတ်ဆွေယုတ် စစ်ဗိုလ်ကလဲ နိုင်ငံခြားဖြစ် အရက်ကို လိုသလောက် ရှာဖွေဆက်သပါသတဲ့။

ဒီလိုနဲ့ တပင်ရွှေထီးဟာ အရက်သမားကြီးလုံးလုံး ဖြစ်လာပါတယ်။ တိုင်းရေးပြည်မှုတွေကို ဘာတစ်ခုမျှ ပြန်မကြည့်တော့ဘူး။ တိုင်းပြည်ရေးရာတွေကို ယောက်ဖတော် ဘုရင့်နောင် ကျော်ထင် နော်ရထာအား လုံးဝလွှဲအပ်ထားတယ်။

သူကတော့ သောက်လိုက်၊ စားလိုက်၊ ပျော်လိုက်၊ ပါးလိုက်နဲ့ပဲ အချိန်ကုန်နေတယ်။ ဘုရင့်နောင် လဲ သူ့ကို နားဝင်အောင် ဖျောင်းဖျပြောဆိုလို့ မရတော့ဘူး။

http://www.dhammadownload.com



နောက်ဆုံးမှာ သူ့ရဲ့လူယုံတော် အသောက်အစားအားပေးသမား အမှုထမ်းတစ်ဦးရဲ့ လုပ်ကြံမှု ခံသွားရရှာတယ်။ တစ်ချိန်က လျှမ်းလျှမ်းတောက်ကျော်ကြားကာ ဘုန်းတန်ခိုးတွားခဲ့သူ တပင်ရွှေထီးဟာ မရှုမလှ ဘဝဇာတ်သိမ်းသွားရရှာပါတယ်။

ဒါဟာ အပေါင်းအသင်းမှားခြင်း၊ အပျော်အပါးလိုက်စားခြင်း၊ အရက်သေစာ သောက်စားမှုးယစ်ခြင်းတို့ကြောင့် အသက်ပါ ပျက်စီးဆုံးရှုံးရတဲ့ သမိုင်းပေး သာဓကပါပဲ။

## သိကြားမင်း ဆင်းမ, ၍ မရသူ

အရက်သေစာ သောက်စားမူးယစ်ခြင်းစတဲ့ စည်းစိမ်ပျက်စီးကြောင်း တရားများကို မှီဝဲလိုက်စားသူဟာ သိကြားမင်းကိုယ်တိုင်ဆင်းပြီး ကြည့်ရှုစောင်မတာတောင် မပျက်စီးအောင် မတတ်နိုင်ဘူး။ ဒီလို လူမျိုးကို သိကြားမင်းတောင် မကယ်နိုင်ဘူးတဲ့။

မြတ်စွာဘုရားအလောင်းဟာ အတိတ်ဘဝတစ်ခုမှာ ဗာရာဏသီပြည်ဝယ် သူဌေးတစ်ဦး ဖြစ်ခဲ့ဖူးပါတယ်။

သူ့မှာ မြေပေါ်ရှိပစ္စည်းများအပြင် မြေအောက်မှာမြှုပ်နှံထားတဲ့ဥစ္စာပစ္စည်းသက်သက်ချည်း ကုဋေရှေလေးဆယ်ရှိပါတယ်။ အမွေခံသားသမီးဆိုလို့လဲ သားတစ်ဦးတည်းသာ ရှိပါတယ်။

---

[၁၃] တပင်ရွှေထီးသည် ပေါ်တူဂီစစ်ဗိုလ်နှင့်အတူ တောကစားထွက်ယင်း အရက်သေစာ သောက်စားပျော်ပါးနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



ဘုရားအလောင်း သူဌေးဟာ အလှူအတန်းပြုခြင်း၊ သီလဆောက်တည်ကျင့်သုံးခြင်း စတဲ့ ကောင်းမှုကုသိုလ်တွေပြုလို့ သေတဲ့အခါ တာဝတိံသာနတ်ပြည်မှာ သိကြားမင်း သွားဖြစ်ပါတယ်။ သူ့သားက အိမ်ထောင်ဦးစီး ဖြစ်လာတယ်။

သူဌေးသားဟာ သူ့အဖေကျန်ရစ်တဲ့ ပစ္စည်းတွေကို စနစ်တကျ ကောင်းကောင်းမွန်မွန်သာ သုံးစားမယ်ဆိုယင် တစ်သက်လုံး သုံးစားလို့ မကုန်ပါဘူး။ အခုတော့ သူက အရက်သောက်၊ မိန်းမလိုက်၊ လောင်းကစားနဲ့ အရမ်းကာရော သုံးချင်တိုင်း သုံးဖြုန်းပစ်နေတယ်။ ပျော်ပွဲရွှင်ပွဲတွေ ကျင်းပကာ ထောင်နဲ့ချီပြီး ဆုချလေ့ရှိတယ်တဲ့။

သူဌေးသားဟာ ဒီလိုနဲ့ မိဘကျန်ရစ်တဲ့ ပစ္စည်းဥစ္စာတွေကို သုံးဖြုန်းလာလိုက်တာ မြေပေါ်ရှိ ပစ္စည်းရော မြေအောက်မှာ မြှုပ်နှံထားတဲ့ ကုဋေလေးဆယ်ပါ တက်တက်စင်ပြောင်အောင် ကုန်သွားတယ်။ နောက်ဆုံးမှာ ခွက်လက်စွဲကာ တောင်းစားရတဲ့အထိ ဖြစ်သွားပါတယ်။

ဘုရားအလောင်း သိကြားမင်းဟာ သူ့သားဟောင်းရဲ့ အခြေအနေကို ပြန်ပြောင်းကြည့်ရှုတဲ့ အခါ တောင်းရမ်းစားသောက်နေတာကို မြင်ရပါတယ်။ ဒါနဲ့ လူ့ပြည်ဆင်းလာပြီး သူ့သားဟောင်းကို “လိုတရ အိုးတစ်လုံး” ပေးကာ ဒီလိုမှာကြားတယ်။

http://www.dhammadownload.com


"ချစ်သား၊ ဒီအိုးဟာ လိုတရအိုးဖြစ်တယ်။ သင်အလိုရှိတာကို စိတ်ထဲက တောင့်တလိုက်ရုံနဲ့ ချက်ချင်းရနိုင်တယ်။ ဒါပေမယ့် အိုးကွဲသွားယင် လိုတိုင်းမရနိုင်တော့ဘူး။ ဒါ့ကြောင့် အိုးမကွဲအောင် ဂရုစိုက်ပါ"တဲ့။ ဒီလိုမှာကြားပြီး သိကြားမင်းလဲ ပြန်သွားတယ်။

သူဌေးသားဟာ လိုတရအိုး ရတယ်ဆိုယင်ပဲ စိတ်ထင်တိုင်းကြဲတော့တာပေါ့။ သောက်ချင်တိုင်း သောက်၊ စားချင်တိုင်းစား၊ ပျော်ပါးချင်တိုင်း ပျော်ပါးနေတယ်။ ဘာအလုပ်မှလဲ လုပ်စရာမလိုပဲကိုး။

ဒါပေမယ့် ဒီလိုနေနိုင်တာဟာ မကြာလှပါဘူး။ တစ်နေ့မှာ သူဟာ အရက်တွေ အလွန်အကျွံသောက်ပြီး လိုတရအိုးကို မြှောက်ကာ မြှောက်ကာနဲ့ ဆော့ကစားပါသတဲ့။ ဒါနဲ့ အိုးလွတ်ကျပြီး ကွဲသွားပါရော။

အဲဒီအချိန်ကစပြီး ပြန်ဆင်းရဲမြဲ ဆင်းရဲသွားတယ်။ ခွက်လက်စွဲကာ တောင်းစားရပြန်တယ်။ နောက်ဆုံးမှာ နေစရာမရှိ၊ ထိုင်စရာမရှိနဲ့ သူတစ်ပါးရဲ့ နံရံကို မှီပြီး အထီးကျန်ဘဝနဲ့ပဲ ဇာတ်သိမ်းသွားရပါတယ်။

ဒါဟာ စည်းစိမ်ပျက်ကြောင်းတရားတွေကို မှီဝဲလိုက်စားလို့ ပျက်စီးသွားရခြင်းပါပဲ။

## အပျင်းပက်၍ အကျိုးပျက်ရသူ

စည်းစိမ်ပျက်စီးကြောင်း တရားများအနက် ပျင်းရိခြင်းဟာလဲ အဓိက အကြောင်းတစ်ပါး ပါပဲ။

http://www.dhammadownload.com



ပျင်းရိသူဟာ "စောတော့လဲ စောလွန်းတယ်၊ မိုးချုပ်တော့လဲ ချုပ်လွန်းတယ်၊ အေးတော့လဲ အေးလွန်းတယ်၊ ပူတော့လဲ ပူလွန်းတယ်၊ ဆာတော့လဲ ဆာလွန်းတယ်၊ စားပြီးတော့လဲ ဗိုက်လေးတယ်" လို့ ဆင်ခြေပေးပြီး အလုပ်မလုပ်ပဲ နေလေ့ရှိပါတယ်။

ဒီလို အပျင်းထူသူများဟာ လောကီအကျိုးစီးပွားသာမက၊ လောကုတ္တရာ အကျိုးစီးပွားပါ ပျက်ပြား ဆုံးရှုံးရတတ်ပါတယ်။

မြတ်စွာဘုရားလက်ထက်က သာဝတ္ထိပြည်သား သူငယ်ချင်းအမျိုးသားငါးရာတို့ဟာ တစ်စုတစ်ရုံးတည်း သာသနာ့ဘောင်ဝင်ပြီး ရဟန်းပြုကြပါတယ်။

သူတို့ထဲက ရဟန်းသစ် လေးရာကိုးဆယ့်ကိုးပါးတို့ဟာ တောအရပ်သို့သွားပြီး တရားအလုပ်ကို မပျင်းမရိ ကြိုးစားအားထုတ်ကြတယ်။ မကြာမီ ရဟန္တာ ဖြစ်ကုန်ကြပါတယ်။

ကျန်တစ်ပါးကတော့ ပျင်းရိသူ ဖြစ်တယ်။ သူများနည်းတူ တရားအားထုတ်ဖို့ မသွားပဲ သာဝတ္ထိပြည်မှာ ချန်နေခဲ့တယ်။ ဘာမျှမလုပ်ပဲ ခပ်အေးအေးပဲ နေဟန်တူပါတယ်။

သူမိတ်ဆွေ ရဟန္တာ လေးရာကိုးဆယ့်ကိုးပါးတို့ဟာ မိမိတို့ ရဟန်းကိစ္စ ပြီးစီးကြောင်းကို မြတ်စွာဘုရား အား လျှောက်ထားဖို့ ပြန်လာကြပါတယ်။ လမ်းခရီးအကြား သာဝတ္ထိပြည်နှင့် တစ်ယူဇနာ (၈-မိုင်ကျော်)

[၁၄] သူဌေးသား အရက်သမားသည် သူ့ဖခင်ဟောင်း သိကြားမင်းပေးသည့် လိုတရအိုးကို မြှောက်ကာမြှောက်ကာ ဆော့ကစားနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com


အကွာလောက်က ရွာတစ်ရွာရောက်တော့ ဆွမ်းခံချိန်ဖြစ်တာနဲ့ ဆွမ်းခံဝင်ကြတယ်။ ဒကာတစ်ဦးက ကြည်ညိုတာနဲ့ နောက်တစ်နေ့အတွက်ပါ ဆွမ်းစားထပ်ပင့်လိုက်ပါတယ်။

သူတို့ဟာ အဲဒီနေ့ပဲ မြတ်စွာဘုရားထံ ရောက်လာကြတယ်။ တရားအားထုတ်လို့ ရဟန္တာဖြစ်လာကြသူ ရဟန်းတော်များကို မြတ်စွာဘုရားက ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောကြားတော်မူပါတယ်။

ဒါကိုမြင်ရတဲ့ မိတ်ဆွေရဟန်းပျင်းက "ကြည့်စမ်း၊ ငါ့မိတ်ဆွေတွေဟာ တရားထူးရလာကြလို့ မြတ်စွာဘုရားရဲ့ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြားခြင်းကို ခံကြရတယ်။ ငါ့ကိုတော့ တရားထူးမရတာနဲ့ မြတ်စွာဘုရားက စကားတောင် မပြောဘူး။ ငါ့ကို မြတ်စွာဘုရား စကားပြောအောင် ငါလဲ တရားထူးရတဲ့အထိ အားထုတ်ပြလိုက်မယ်"လို့ အကြံဖြစ်လာပါသတဲ့။

သူ့မိတ်ဆွေ ရဟန်းများကလဲ နက်ဖြန် ဆွမ်းစားသွားရမည့်အကြောင်း မြတ်စွာဘုရားအား လျှောက်ထားပြီး ပြန်လာကြတယ်။ ရဟန်းပျင်းဟာ တရားရချင်ဇောနဲ့ တစ်ညလုံး အပူတပြင်း မအိပ်မနေ အားထုတ်တယ်။ ဝီရိယကို အလွဲသုံးစားလုပ်ခြင်းပါပဲ။

---

[၁၅] ရဟန်းပျင်းသည် မိတ်ဆွေရဟန်းတော်များ တရားထူးရပြီး ဘုရားရှင်ရဲ့ ချီးမွမ်းခံရတာကိုမြင်မှ အားကျပြီး အချီးမွမ်းခံချင်တာနှင့် မအိပ်မနေ ဖုတ်ပူမီးတိုက်အားထုတ်ရာ အိပ်ငိုက်ပြီး လဲကျ၍ ပေါင်ကျိုးသွားပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



ဒီလိုနဲ့ စကြိုလျှောက်အားထုတ်ရာမှ စကြိုစွန်းက ပျဉ်ချပ်ကို မှီရပ်အားထုတ်ယင်း ငိုက်မျည်းလာပြီး လဲကျသွားပါရော။ ဒါနဲ့ တရားမရပဲ ပေါင်ကျိုးသွားပါတယ်။ ဒဏ်ရာက ပြင်းထန်လို့ သူဟာငယ်သံပါအောင် အော်ဟစ်မြည်တမ်းတယ်။ အချိန်ကတော့ လင်းခါနီးအချိန် ဖြစ်ဟန်တူပါတယ်။

သူ့အော်သံကို မိတ်ဆွေရဟန္တာများကကြားတော့ မီးထွန်းပြီး ရောက်လာကြ၊ ဝိုင်းဝန်းပြုစုကြတယ်။ သူ့ကိုပြုစုနေရတာနဲ့ အချိန်လွန်သွားပြီး သူ့မိတ်ဆွေရဟန္တာများဟာ ဆွမ်းစားပင့်ထားတဲ့ရွာသို့ မကြွနိုင်တော့ဘူး။

ဒီရဟန်းပျင်းဟာ သူများ တရားအားထုတ်တုန်းကတော့ အားမထုတ်ခဲ့ဘူး။ သူများ ရဟန္တာဖြစ်ပြီး မြတ်စွာဘုရားရဲ့ ချီးကျူးပြောကြားမှုခံရတာမြင်မှ အားကျပြီး အချိးမွမ်းခံချင်တာနဲ့ ဖုတ်ပူမီးတိုက်အားထုတ်ခဲ့ပါတယ်။

သူ့ အသုံးမကျတာနဲ့ မိတ်ဆွေရဟန္တာများလဲ လာဘ်လာဘ ဆုံးရှုံးသွားကြရတယ်။ စီစဉ်ချက်ပြုတ်ထားတဲ့ အလှူ့ရှင်လဲ အလှူပွဲပျက်သွားရတယ်။ သူလဲ တရားထူး တရားမြတ်မရပဲ ပေါင်ကျိုးတာသာ အဖတ်တင်သွားပါတယ်။

ဒီ ရဟန်းပျင်းရဲ့ အဖြစ်အပျက်ကိုကြည့်ယင် ပျင်းရိတာဟာ မိမိအတွက်လဲ အကျိုးပျက်စီးဆုံးရှုံးရတတ်တယ်။ ပတ်ဝန်းကျင်ကိုလဲ အနှောင့်အယှက် ဖြစ်စေတတ်တယ်ဆိုတာ တွေ့နိုင်ပါတယ်။

http://www.dhammadownload.com



ဒါ့ကြောင့် လူ့လောကအလယ်မှာ တင့်တောင့်တင့်တယ် နေလိုတဲ့ လူသားမှန်သမျှဟာ အရက်သေစာမူးယစ်သောက်စားခြင်း၊ အပျော်အပါးလိုက်ခြင်း၊ ပျင်းရိခြင်းစတဲ့ စည်းစိမ်ပျက်စီးကြောင်းတရားတွေကို အထူးရှောင်ရှားသင့်ကြပါတယ်။

ကဲ . . . "စည်းစိမ်ပျက်ကြောင်းတရားခြောက်ပါးကို မမှိဝဲရ"ဆိုတဲ့ ဘုရားဟောစကားနဲ့ ပတ်သက်လို့တော့ တော်လောက်ပါပြီ။ နိဂုံးချုပ် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုပြီး အဆုံးသတ်ကြဦးစို့။

## စည်းစိမ်ပျက်ရာ ကြောင်းခြောက်ဖြာ ကဗျာ

စည်းစိမ်ပျက်ရာ-ခြောက်ဖြာအကြောင်းကို၊ မောင်မယ်အပေါင်း-မှတ်သင့်တယ်။
အသောက်စားကြူးယင်-စည်းစိမ်ပျက်ဖို့၊ အကြောင်းတစ်ချက်-ဖြစ်ပါတယ်။
အခါမဲ့လည်ယင်-စည်းစိမ်ပျက်ဖို့၊ အကြောင်းတစ်ချက်-ဖြစ်ပါတယ်။
ပျော်ပွဲကြူးယင်-စည်းစိမ်ပျက်ဖို့၊ အကြောင်းတစ်ချက်-ဖြစ်ပါတယ်။
လောင်းကစားကြူးယင်-စည်းစိမ်ပျက်ဖို့၊ အကြောင်းတစ်ချက်-ဖြစ်ပါတယ်။
အပေါင်းအသင်းမှားယင်-စည်းစိမ်ပျက်ဖို့၊ အကြောင်းတစ်ချက်-ဖြစ်ပါတယ်။
ပျင်းရိလွန်းယင်-စည်းစိမ်ပျက်ဖို့၊ အကြောင်းတစ်ချက်-ဖြစ်ပါတယ်။
သိင်္ဂါလခေါ်-သတို့သားကို၊ မြတ်ဘုရားက-ဟောခဲ့တယ်။

မှတ်ကြယ် . . . မှတ်ကြယ်။

http://www.dhammadownload.com

## လုံခြုံစေရာ အရပ်မျက်နှာ

"အကြောင်းတရား တစ်ဆယ့်လေးပါးကို ရှောင်ရှားပြီး အရပ်ခြောက်မျက်နှာကို လုံခြုံစေရမယ်" ဆိုတဲ့ ဘုရားဟောစကားမှ အကြောင်းတရား တစ်ဆယ့်လေးပါးနဲ့ ပတ်သက်လို့တော့ ရှင်းလင်း ဖော်ပြခဲ့ပြီးပါပြီ။ အခု အရပ်ခြောက်မျက်နှာအကြောင်း ဆက်ပြောမယ်။

အရပ်ခြောက်မျက်နှာဆိုတာက မြတ်စွာဘုရားရဲ့ သာသနာက အရပ်ခြောက်မျက်နှာကို ဆိုလိုခြင်းဖြစ်ပါတယ်။ အဲဒီ အရပ်မျက်နှာတွေကတော့ . . .

(၁) အမိအဘတည်းဟူသော အရှေ့အရပ်
(၂) သားမယားတည်းဟူသော အနောက်အရပ်
(၃) ဆရာသမားတည်းဟူသော တောင်အရပ်
(၄) ဆွေမျိုးမိတ်ဆွေတည်းဟူသော မြောက်အရပ်
(၅) ရဟန်းသံဃာတည်းဟူသော အထက်အရပ်
(၆) အောက်လက်ငယ်သားတည်းဟူသော အောက်အရပ်တို့ဖြစ်ကြပါတယ်။

"ရှိခိုးရမယ်၊ လုံခြုံစေရမယ်" ဆိုတာကလဲ လက်အုပ်ချီမိုးပြီး ရှိခိုးတာမျိုး၊ ကင်းချပြီး စောင့်ရှောက်တာမျိုးကို ဆိုလိုတာ မဟုတ်ပါဘူး။ မိဘ၊ သားသမီးစတဲ့ သူများဟာ မိမိတို့ဆိုင်ရာ လူ့ကျင့်ဝတ်များကို လိုက်နာကျင့်သုံးပြီး နေတာမျိုးကိုသာ ဆိုလိုခြင်း ဖြစ်ပါတယ်။

http://www.dhammadownload.com



## မိဘ နှင့် သားသမီး

မိဘဟာ သားသမီးများရဲ့ အရှေ့အရပ် ဖြစ်ပါတယ်။ သားသမီးဟာ မိဘရဲ့ အနောက်အရပ် ဖြစ်ပါတယ်။

မိဘက သားသမီးအပေါ် မိဘတို့ဝတ္တရားနှင့်အညီ ပြုကျင့်မယ်ဆိုယင် အနောက်အရပ်ကို လုံခြုံစေခြင်း မည်ပါတယ်။ သားသမီးကလဲ မိဘအပေါ် သားသမီးဝတ္တရားနဲ့အညီ ပြုကျင့်မယ်ဆိုယင် အရှေ့အရပ်မျက်နှာကို လုံခြုံစေခြင်းပါပဲ။

လုံခြုံစေတယ်ဆိုတာ မိဘကြောင့် သားသမီးမှာ အပြစ်မဖြစ်ဘူး။ သားသမီးကြောင့်လဲ မိဘမှာ အပြစ်မရောက်ဘူးလို့ ဆိုလိုခြင်း ဖြစ်ပါတယ်။

## မိဘကျင့်ရာ ဝတ်ငါးဖြာ

မိဘများက သားသမီးများအပေါ် ပြုကျင့်ရမည့် လူ့ကျင့်ဝတ်တရား ငါးပါးရှိပါတယ်။ သူတို့က ဘာတွေလဲဆိုယင် . . .

၁။ မကောင်းမှုမှ တားမြစ်ခြင်း

၂။ ကောင်းမှုဆိုယင် အားပေး ပြုလုပ်စေခြင်း

၃။ အတတ်ပညာ သင်စေခြင်း

http://www.dhammadownload.com



၄။ အိမ်ထောင်ချသင့်ချိန်မှာ ချပေးခြင်း

၅။ အမွေပေးသင့်ချိန်မှာ ခွဲဝေပေးခြင်းတို့ဖြစ်ပါတယ်။

အထက်ပါ လူကျင့်ဝတ်တွေဟာ မိကောင်းဖခင်တိုင်း လိုက်နာ ပြုကျင့်ရမည့် ဘုရားဟော လူကျင့်ဝတ်တရားများပါပဲ။

## မိဘဝတ္တရား ကျေပွန်သူ

မိမိတို့ရဲ့ ရင်သွေးများအပေါ် မိဘဝတ္တရားနှင့်အညီ ပြုကျင့်နေထိုင်ခဲ့သူများအနက် အနာထပိဏ် သူဌေးဟာ စံပြုထိုက်သူ ဖြစ်ပါတယ်။ သူ့အကြောင်းအချို့ကို ရှေ့ပိုင်းမှာလဲ သက်ဆိုင်သလောက် ဖော်ပြခဲ့ပါသေးတယ်။

အနာထပိဏ်သူဌေးကြီးဟာ မင်းရေးစိုးရေး၊ ရပ်ရေးရွာရေး၊ စီးပွားရေးနဲ့ သာသနာရေး ကိစ္စတွေကို ဆောင်ရွက်နေရလို့ အချိန်အား မရှိသလောက်ပင်ဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ သားသမီး အပေါ် ပြုကျင့်ရမည့် မိဘဝတ္တရားကိုတော့ အပျက်ပြားမခံခဲ့ဘူး။

သူ့ သမီးများဖြစ်တဲ့ မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါနဲ့ သုမနတို့အား ငယ်ရွယ်စဉ်မှစ၍ ရတနာ သုံးပါးကို ကြည်ညိုတတ်အောင် သွန်သင်တယ်။

ရဟန်းသံဃာတော်များအား ဆွမ်းကပ်ရာမှာ အလှည့်ကျ တာဝန်ယူစေတယ်၊ ဝေယျာဝစ္စ ဆောင်ရွက်စေတယ်။

http://www.dhammadownload.com



သူ့သမီးများဟာ မိကောင်းဖခင် သားသမီးပီပီ မိဘစကားနားထောင်ပြီး သံဃာ့ဝေယျာဝစ္စကို ရိုရို သေသေ ဆောင်ရွက်ကြတယ်။ ရံဖန်ရံခါ တရားနာကြတယ်။

ဒီလိုနဲ့ မဟာသုဘဒ္ဒါနဲ့ စူဠသုဘဒ္ဒါတို့ဟာ သံဃာ့ဝေယျာဝစ္စဆောင်ရွက်ယင်း သောတာပန် အရိယာတွေ ဖြစ်သွားကြတယ်။ သမီးငယ်သုမနကတော့ သကဒါဂါမ် ဖြစ်သွားပြီး မကြာမီ အနိစ္စရောက်သွားတယ်။ တုသိတာနတ်ပြည်မှာ နတ်သမီးသွားဖြစ်တယ်။

သူဌေးကြီးဟာ သမီးကြီးနဲ့ သမီးလတ်တို့ အရွယ်ရောက်လာတဲ့အခါ သင့်လျော်သူနဲ့ ခမ်းနား ကြီးကျယ်စွာ ထိမ်းမြားပေးတယ်။

အထူးသဖြင့် သမီးလတ်ကို အိမ်ထောင်ချပေးခါနီးမှာ သတို့သားက ဘာသာခြားဖြစ်နေလို့ သင့်မသင့် မြတ်စွာဘုရားကိုပင် အကြံတောင်း လျှောက်ထားခဲ့ပါသေးတယ်။ သမီးရဲ့ နောင်ရေးကို တွေးပူလို့ပါပဲ။

အိမ်ထောင်ချပေးပြီးတဲ့အခါ ပေးသင့်တဲ့ပစ္စည်းတွေကို ခွဲဝေပေးတယ်။ ဟိုခေတ်က ထုံးစံအရ သတို့သမီးဟာ လင့်မိဘအိမ် လိုက်နေရတယ်။ ဒါကြောင့် သမီးများ ယောက္ခမအိမ် မသွားမီ သူများအိမ် မှာ လိမ်လိမ်မာမာ နေတတ်ထိုင်တတ်ဖို့ ဆုံးမမှာကြားတယ်။ အစောင့်အရှောက်များပင် ထည့်ပေးလိုက် ပါသေးတယ်။

http://www.dhammadownload.com



အနာထပိဏ်ဟာ မိဘစကားနားမထောင်ပဲ သွားချင်ရာသွား၊ နေချင်ရာနေ၊ လုပ်ချင်ရာလုပ်နေတဲ့ သားဆိုး ကာဠကိုလဲ ပစ်မထားဘူး။ လိမ္မာလာစေရန် နည်းအမျိုးမျိုးနဲ့ ဆုံးမတယ်။ မရတဲ့အခါ လက်မလျှော့ပဲ "ဘုရားကု" ကုပါတယ်။

တစ်နေ့မှာ သားဆိုးကာဠအား ဘုရားကျောင်းတော်သွား၊ ဥပုသ်စောင့်၊ တရားနာ၊ ဘုရားထံမှ ဂါထာတစ်ပုဒ် သင်ယူပြီးပြန်လာယင် ငွေတစ်ထောင်ပေးမယ်လို့ သူဌေးကပြောပါတယ်။ ကာဠဟာ ငွေတစ်ထောင်ကို လိုချင်တာနဲ့ ကျောင်းတော်သွားပြီး သူ့ဖခင်ပြောတဲ့အတိုင်း လုပ်ပါတယ်။

မြတ်စွာဘုရားထံမှ ဂါထာတစ်ပုဒ်ကို သင်ယူယင်း သောတာပန်ဖြစ်ပြီး အိမ်ပြန်ရောက်တော့ ကာဠဟာ ငွေတစ်ထောင်ပေးလို့ မယူတော့ဘူး။ သူ့အမူအရာတွေဟာလဲ နူးညံ့သိမ်မွေ့လာတယ်။ တစ်ခါတည်း လူကောင်းအဖြစ် အံ့ဩဖွယ် ပြောင်းလဲသွားပါတယ်။

ဒီအကြောင်းကို မြတ်စွာဘုရားအား သူဌေးကြီးက လျှောက်ထားပါတယ်။ အဲဒီအခါ မြတ်စွာဘုရားက "သောတာပန်အဖြစ်ဆိုတာ လူမင်းအဖြစ်, သိကြားမင်းအဖြစ်ထက် မြင့်မြတ်တယ်" စသည်ဖြင့် ဟောကြားတော်မူပါတယ်။

---

[၁၆] အနာထပိဏ်သူဌေးကြီးသည် သမီးများအား ရတနာသုံးပါး ကြည်ညိုတတ်ရန် သံဃာ့ဝေယျာဝစ္စကို အလှည့်ကျဆောင်ရွက်ရန် ဆုံးမညွှန်ကြားနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



မှန်ပါတယ်။ လူမင်း၊ သိကြားမင်းတွေက ပုထုဇဉ်ဖြစ်ယင် သေတဲ့အခါ အပါယ်ကျနိုင်သေးတယ်။ သောတာပန်က ဘယ်တော့မှ အပါယ်မကျနိုင်တော့ပါဘူး။

အနာထပိဏ်သူဌေးကြီးရဲ့ သားသမီးများဟာ ဒီဘဝမှာတင် တရားထူးရပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေသွားကြရတာ၊ နောင်ဘဝမှာလဲ အပါယ်လေးပါးသို့ လုံးဝ မရောက်ကြတော့ပဲ နတ်စည်းစိမ်ကို ခံစားကြရတာတွေဟာ မိဘဝတ္တရားနဲ့အညီ ပြုကျင့်တဲ့ မိကောင်းဖခင်ကို အမှီရလို့ ဖြစ်ပါတယ်။

ဒါကြောင့် မိဘတိုင်း၊ မိဘတိုင်းဟာ မိဘဝတ္တရားနှင့်အညီ ပြုကျင့်နေထိုင်ယင် မိမိလဲ အပြစ်တင် မခံရဘူး။ သားသမီးများလဲ အကျိုးများပါတယ်။ ဒါဟာ အနောက်အရပ်ကို လုံခြုံစေခြင်းပါပဲ။

ကဲ . . . မိဘဝတ္တရားနဲ့ ပတ်သက်ပြီး ဟောခဲ့ပြီးတာလေးတွေ ပြန်မှတ်မိသွားအောင် နိဂုံးချုပ် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့။

**မိဘကျင့်ရန် ဆောင်ပုဒ်ညွှန်**

မိဘကျင့်ရာ . . . ငါးဖြာဝတ်ကို၊ သေချာမှတ်ဖို့ . . . ဖော်ပြမယ်။
မကောင်းမှုကို . . . မလိုက်စားဖို့၊ မြစ်ပယ်တားလို့ . . . ဆုံးမကွယ်။
ကောင်းမှုဆိုယင် . . . ပြုချင်သွားအောင်၊ တိုက်တွန်းညွှန်ကြား . . . အားပေးကွယ်။

http://www.dhammadownload.com


ပညာသင်ချိန် . . . ကျောင်းမှာထားလို့၊ တတ်ပညာများ . . . သင်စေကွယ်။
သားပျို သမီးပျို . . . ရွယ်မလင့်အောင်၊ အိမ်ထောင်ချသင့် . . . ချပေးကွယ်။
အိမ်ခွဲပြန်သော် . . . ရင်းနှီးစားဖို့၊ တတ်အားသမျှ . . . ပေးကမ်းကွယ်။
မိဘဝတ်မှာ . . . အဲဒါပဲကွဲ့၊ အသဲစွဲအောင် . . . မှတ်ကြကွယ်။
မှတ်ကွယ် . . . မှတ်ကွယ် ။ ။

## သားသမီးကျင့်ရာ ဝတ်ငါးဖြာ

သားသမီးများက ကျေးဇူးရှင်မိဘများအပေါ် တုံ့ပြန်ပြုကျင့်ရမည့် လူ့ကျင့်ဝတ်တရားမှာလဲ ငါးပါးပင် ရှိပါတယ်။ သူတို့က ဘာတွေလဲဆိုယင် . . .

(၁) ကျေးဇူးရှင် မိဘများအား ပြန်လည်လုပ်ကျွေးခြင်း၊
(၂) မိဘပြုရမည့် ကိစ္စများကို မိဘကိုယ်စား ဆောင်ရွက်ပေးခြင်း၊
(၃) မိဘအမွေ ခံယူထိုက်အောင် မိဘစကား နားထောင်ခြင်း၊
(၄) မိဘများ သေသောအခါ အလှူအတန်းပြု အမျှပေးဝေခြင်း၊
(၅) မိဘအမျိုးအနွယ် အစဉ်အလာကောင်းကို စောင့်ထိန်းခြင်းတို့ဖြစ်ကြပါတယ်။

ဒီကျင့်ဝတ်တွေဟာ သားကောင်း, သမီးကောင်း ဖြစ်လိုသူတိုင်း ပြုကျင့်ရမည့် ဘုရားဟော လူ့ကျင့်ဝတ်တရားတွေပါပဲ။

http://www.dhammadownload.com



## ကျွေးမွေးမပျက်

မိမိတို့အား ဖဝါးလက်နှစ်လုံး၊ ပခုံး လက်နှစ်သစ် အရွယ်မှစပြီး ကျွေးမွေးပြုစု စောင့်ရှောက်လာခဲ့သူ ကျေးဇူးရှင် မိဘများအား ပြန်လည်လုပ်ကျွေးခြင်းဟာ လူ့ကျင့်ဝတ်တစ်ပါးပင် ဖြစ်တယ်။

ရှေးသူတော်ကောင်းများဟာ တိရစ္ဆာန်ဘဝမှာတောင် မိဘများကို လုပ်ကျွေးပြုစုခဲ့ကြဖူးပါတယ်။

ငါးရာ့ငါးဆယ် သတ္တကနိပါတ် ဂိဇ္ဈဇာတ်မှာ ဘုရားအလောင်းဟာ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်ဝယ် လင်းတမျိုးမှာ ဖြစ်ပါတယ်။ ကြီးပြင်းလာတဲ့အခါ မျက်မမြင် ဒုက္ခိတ လင်းတအိုမိဘနှစ်ပါးကို တောင်ခေါင်းတစ်ခုမှာ ထားပြီး အစာရှာဖွေ ကျွေးမွေးပါတယ်။

လင်းတဆိုတာ လူသေကောင်၊ ခွေးသေကောင်စတဲ့ အကောင်ပုပ်တွေကို ရှာဖွေစားသောက်တဲ့ အညံ့ဆုံးငှက်မျိုးပါပဲ။ အများအားဖြင့် လူသေပစ်ရာ သုသာန်များမှာ ကျက်စားလေ့ရှိပါတယ်။

တစ်နေ့မှာ မုဆိုးတစ်ဦးဟာ ဗာရာဏသီမြို့နားက သုသာန်မှာ ကျော့ကွင်းများ ထောင်ထားပါတယ်။ ဘုရားအလောင်း လင်းတဟာ အဲဒီသုသာန်မှာ အစာရှာဖွေယင်း ကျော့ကွင်း အမိခံရပါတယ်။

---

[၁၇] ဘုရားအလောင်း လင်းတမင်းသည် ကျော့ကွင်းမိနေစဉ် မိမိအတွက် မငိုကြွေးပဲ မျက်မမြင် မိဘအိုများအတွက် စိုးရိမ်ပြီး ငိုကြွေးနေ၍ မုဆိုးက မေးမြန်းနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



အဲဒီအခါ ဘုရားအလောင်းဟာ "ငါတော့ ကျော့ကွင်း အမိခံရပြီ။ မုဆိုးပြုတိုင်း ခံရတော့မယ်။ ငါ မရှိယင် မျက်မမြင်မိဘအိုတွေ ဘယ်လိုများနေကြ၊ စားကြရပါ့မလဲ၊ တောင်ခေါင်းထဲမှာ အစာငတ်ပြီး သေကုန်တော့မှာပဲ"လို့ မိဘများအတွက်သာ စိုးရိမ်ပြီး ငိုကြွေးပါတယ်။

ဘုရားအလောင်းငိုသံကို ကြားရတဲ့ မုဆိုးက "အသင်လင်းတ၊ သင်ဟာ ဘာဖြစ်လို့ငိုရတာလဲ။ ငါဟာ လူစကားပြောတဲ့ငှက်ကို အယင်က မြင်လဲမမြင်ဘူးပါ၊ ကြားလဲ မကြားဘူးပါ"လို့ မေးပါတယ်။

ဒီတော့ ဘုရားအလောင်းက "မုဆိုးကြီး၊ ငါဟာ တောင်ခေါင်းတစ်ခုမှာရှိတဲ့ မျက်မမြင် မိဘအိုများကို လုပ်ကျွေးနေသူဖြစ်တယ်။ ငါ့ကို သင်ဖမ်းသွားယင် မိဘများအစာငတ်ပြီး သေကုန်မှာတွေးမိလို့ ငိုကြွေးခြင်းဖြစ်တယ်"လို့ ဖြေကြားပါတယ်။

တစ်ဖန် မုဆိုးက "အသင်လင်းတမင်း၊ လင်းတများဟာ တစ်ယူဇနာကျော် (မိုင်တစ်ထောင်ခန့်) က အကောင်ပုပ်ကိုတောင် လှမ်းမြင်နိုင်တယ်လို့ ပြောသံကြားဖူးပါတယ်။ သင်ကတော့ ကျော့ကွင်းထဲ ရောက်တာတောင် မသိရှော့သလား၊ ကြိုတင်မမြင်ဘူးလား"လို့ မေးပါတယ်။

ဒီတော့ ဘုရားအလောင်းက "အသင်မုဆိုးကြီး၊ သတ္တဝါတွေဟာ ပျက်စီးချိန်ရောက်လာယင် ဒီလိုပဲ သေဘေးကို မမြင်နိုင်ကြဘူး"လို့ တရားစကားနဲ့ ဖြေကြားပါတယ်။

မုဆိုးကြီးဟာ ဘုရားအလောင်းရဲ့စကားကို ကြားရတဲ့အခါ မိအိုဖအိုများကို လုပ်ကျွေးနေမှန်း သိရလို့ လင်းတမင်းကို ကျော့ကွင်းမှ လွှတ်ပေးလိုက်ပါတယ်။

http://www.dhammadownload.com



ဘုရားအလောင်းလဲ အစာရှာဖွေပြီး မိဘများအား အသက်ထက်ဆုံး ဆက်လက်ကျွေးမွေးသွားပါတယ်။

ဒီဝတ္ထုမှာ အညံ့ဆုံး၊ အယုတ်ဆုံး လင်းတလိုငှက်ကတောင် ကျေးဇူးရှင် မိခင်ဖခင်များအား လုပ်ကျွေးသေးယင် အသိဉာဏ်ရှိပြီး မြင့်မြတ်တဲ့လူသားတွေဟာ မိခင်ဖခင်များအား ပိုပြီး ပြုစုလုပ်ကျွေးသင့်ကြပါတယ်။

ဒီလိုမှ မလုပ်ကျွေးကြဘူးဆိုယင် တိရစ္ဆာန်လောက်မှ တန်ဖိုးမရှိတဲ့အဖြစ်မျိုးရောက်သွားအောင် မိမိကိုယ်မိမိ တွန်းပို့ရာ ရောက်ပါလိမ့်မယ်။

## ဆောင်ရွက်စီမံ

မိဘများအတွက် ဆောင်ရွက်စရာကိစ္စများကို မိဘကိုယ်စား ဆောင်ရွက်စီမံ လုပ်ကိုင်ပေးခြင်းဟာ သားကောင်းသမီးကောင်းတို့ရဲ့ ပြုကျင့်ဖွယ် လူ့ကျင့်ဝတ်တရားပါပဲ။

မြတ်စွာဘုရားလက်ထက်မှာ သာဝတ္ထိပြည်က နွားသတ်သမားတစ်ဦးဟာ သေခါနီးမှာ နွားလိုသွား၊ နွားလိုအော်ဟစ်ပြီး မရှုမလှ သေဆုံးသွားပါတယ်။

ဒါကိုမြင်ရတဲ့ သူ့သားဟာ မိခင်ရဲ့ အကြံပေးချက်အရ တက္ကသိုလ်ပြည်သို့ ထွက်ပြေးတယ်။ တက္ကသိုလ်ပြည် ပန်းထိမ်ဆရာကြီးတစ်ဦးတံမှာ ပန်းထိမ်အတတ် သင်ယူတယ်။ တတ်မြောက်တဲ့အခါ သူ့ကို ပန်းထိမ်ဆရာကြီးက သမီးနဲ့ ထိမ်းမြားပေးစားလိုက်ပါတယ်။

http://www.dhammadownload.com



နွားသတ်သမားရဲ့သား ပန်းထိမ်သည်ဟာ တက္ကသိုလ်ပြည်မှာပဲ အခြေချကာ နေထိုင်လုပ်ကိုင်စားသောက်ပါတယ်။ မကြာမီ သားသမီးများ ထွန်းကားလာပါတယ်။

သူ့ရဲ့သားများဟာ အရွယ်ရောက်တော့ (ပန်းထိမ်)အတတ်ပညာ သင်ယူကြတယ်။ တတ်မြောက်တဲ့အခါ သာဝတ္ထိပြည်သို့ ပြောင်းရွှေ့ပြီး လုပ်ကိုင်စားသောက်ကြတယ်။ သူတို့ဟာ ရတနာသုံးပါးကို ကြည်ညိုလေးစားကြတယ်။ တတ်စွမ်းသမျှ ကုသိုလ်ပြုကြပါတယ်။

နွားသတ်သမားရဲ့သား၊ သူတို့ဖခင် ပန်းထိမ်သည်ကတော့ တစ်သက်လုံး ဘာကုသိုလ်မှ မပြုဘူး။ အိုမင်းမစွမ်း ဖြစ်လာတဲ့အချိန်အထိ တက္ကသိုလ်ပြည်မှာပဲ ဆက်လက်နေထိုင်တယ်။

ဒီလို ဖခင်ဖြစ်သူက ဘာကုသိုလ်မှမပြုပဲနေတာကို သာဝတ္ထိပြည်ရှိ သားတွေက ဘဝင်မကျပါဘူး။

ဒါနဲ့ သူတို့ရဲ့ဖခင်အိုကို သာဝတ္ထိပြည်သို့ အရခေါ်ဆောင်တယ်။ ဖခင်အတွက် အလှူပွဲ စီစဉ်ပေးပြီး ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို အိမ်သို့ပင့်ဆောင်ကြတယ်။

---

[၁၈] အိုမင်းမစွမ်း ဖြစ်လာချိန်အထိ ဘာကုသိုလ်မှမပြုပဲ နေလာခဲ့သူ နွားသတ်သမားရဲ့သား ပန်းထိမ်သည်ကြီးကို သားလိမ္မာများက အလှူပွဲစီစဉ်ပေးပြီး တရားနာခိုင်းနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com


"ဒီအလှူဟာ ဖခင်ကိုယ်စား မိမိတို့က ပြုလုပ်ပေးတဲ့အလှူဖြစ်ပါတယ်။ ဖခင်အား တရားဟောတော်မူပါ"လို့ မြတ်စွာဘုရားကို လျှောက်ထားကြပါတယ်။ ဖခင်အိုကို တရားနာခိုင်းကြပါတယ်။

မြတ်စွာဘုရားလဲ နွားသတ်သမားရဲ့သား ပန်းထိမ်သည်အိုကြီးအား သင့်လျော်ရာအနုမောဒနာ တရား ဟောကြားတော်မူပါတယ်။

ပန်းထိမ်သည်အိုကြီးဟာ ပထမနေ့ ဆွမ်းကျွေးတရားပွဲမှာ သောတာပန်၊ ဒုတိယနေ့ ဆွမ်းကျွေး တရားပွဲမှာ အနာဂါမ်ဖြစ်တဲ့အထိ တရားထူးရရှိသွားပါတယ်။

ဘာကုသိုလ်မှ ပြုရမှန်းမသိ ပေါ့ပေါ့ဆဆ အသက်ကြီးလာခဲ့သူ ပန်းထိမ်သည်အိုကြီးဟာ "ဆောင်ရွက်စီမံ"ဆိုတဲ့ သားသမီးကျင့်ဝတ်တရား နားလည်သူ သားကောင်း သမီးကောင်းများကို အမှီပြုရလို့ အနာဂါမ်အရိယာအထိ ရောက်ရှိသွားရခြင်းပါပဲ။

အနာဂါမ်ဆိုတာ သေယင် လူ့ပြည်၊ နတ်ပြည်တွေမှာတောင် မဖြစ်တော့ပဲ ပိုပြီးမြင့်မြတ်တဲ့ အထက်ဗြဟ္မာ့ပြည်သို့ တန်းရောက်ရပါတယ်။

## မွေ့ခံထိုက်ခေ

မိဘစကားနားထောင်တာဟာလဲ သားကောင်းသမီးကောင်းများရဲ့ ကျင့်ဝတ်တစ်ပါးပါပဲ။

မိဘစကားနားမထောင်လို့ အိမ်မှနှင်ချခံရတဲ့ သားသမီး၊ အမွေပြတ် ကြေငြာခြင်းခံရတဲ့ သားသမီးများအကြောင်းကို ဒီခေတ်မှာ မကြာခဏမြင်နေကြရ၊ ကြားနေကြရပါတယ်။

http://www.dhammadownload.com



ဒါဟာ "မိဘအမွေ ခံယူထိုက်အောင် မိဘများရဲ့ ဆုံးမစကား နာခံရမယ်"ဆိုတဲ့ သားသမီးကျင့်ဝတ်တရား ပျက်ပြားလို့ ဖြစ်ပါတယ်။

ဒါကြောင့် ဒီကျင့်ဝတ်တရား ကျင့်သုံးသွားကြဖို့ တိုက်တွန်းတဲ့အနေနဲ့ မိဘစကား နားထောင်လို့ မိဘအမွေကို ပြန်လည်ရရှိသွားတဲ့ ဝတ္ထုကြောင်းကလေး ဖော်ပြပါဦးမယ်။

ရှေးအခါက အင်အားကြီးမားလှတဲ့ ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ် အမည်ရှိတဲ့ ကာသိဘုရင်ဟာ ဒီဃီတိအမည်ရှိတဲ့ ကောသလဘုရင် အုပ်ချုပ်တဲ့တိုင်းပြည်ကို တိုက်ခိုက်သိမ်းပိုက်ဖို့ စစ်သည်အလုံးအရင်းနဲ့ ချီတက်လာပါတယ်။

အဘက်ဘက်က အင်အားချိနဲ့သူ ကောသလဘုရင်ဟာ ခုခံတိုက်ခိုက်မှုမပြုပဲ မိဖုရားကြီးကို ခေါ်ဆောင်ကာ တိုင်းပြည်မှ တိမ်းရှောင် ထွက်ပြေးသွားပါတယ်။

ကောသလဘုရင်နဲ့ မိဖုရားတို့ဟာ ဗာရာဏသီမြို့စွန်ရှိ အိုးထိန်းသည် အိမ်မှာ မထင်မရှားသွားနေကြပါတယ်။

မကြာမီ ဘုရားအလောင်းဟာ မိဖုရားဟောင်းရဲ့ ဝမ်းကြာတိုက်မှာ သန္ဓေယူလာပါတယ်။ ဖွားမြောက်တဲ့အခါ ဒီဃာဝုသတို့သားလို့ အမည်တွင်ပါတယ်။

ကောသလဘုရင်ဟောင်းဟာ ဗြဟ္မဒတ်ဘုရင်က သူတို့ကို မတော်တဆ တွေ့ရှိသွားယင် သားဖြစ်သူ အသက်မသေရအောင် သားငယ်ကို သူတို့နှင့်အတူ မထားဘူး။ မြို့အပြင်ဘက် ဘေးကင်းရာမှာ သားထားတယ်။

http://www.dhammadownload.com



ဘုရားအလောင်းဟာ မြို့ပြင်မှာ နေယင်းပင် မင်းသားများ တတ်သင့်တတ်ထိုက်တဲ့ ပညာရပ်များကို သင်ယူတတ်မြောက်လာပါတယ်။

နောက်မကြာမီ ဗြဟ္မဒတ်ဘုရင်က ကောသလဘုရင်နဲ့ မိဖုရားတို့ကို ဖမ်းဆီးသွားပါတယ်။ သူတို့ကို ကြိုးတုပ်နှောင်ပြီး သတ်ဖို့ ခေါ်ဆောင်သွားစဉ် ဒီဃာဝုမင်းသားလဲ အခြားသူများနှင့် ရောနှောကာ မထင်မရှား နောက်ယောင်ခံ လိုက်ပါသွားတယ်။

ကောသလဘုရင်ဟာ သားဖြစ်သူကို မြင်တဲ့အခါ "ချစ်သား ဒီဃာဝု၊ ရန်စကို မရှည်စေနဲ့၊ ချစ်စကို မတိုစေနဲ့၊ ရန်ကိုရန်ချင်း မတုန့်ပြန်နဲ့၊ ရန်တုန့်ပြန်ယင် ရန်မငြိမ်းနိုင်" လို့ အဓိပ္ပါယ်ရှိတဲ့စကားကို ဒီဃာဝု သိသာရုံ ပြောကြားပါတယ်။

အခြားသူတွေကတော့ နန်းကျဘုရင် ကောသလဟာ သေရခါနီးလို့ ကယောင်ကတမ်း ပြောတယ်တောင် ထင်ကြပါတယ်။ မကြာမီ ဘုရင်ဟောင်းနှင့် မိဖုရားဟောင်းတို့ဟာ အကွပ်မျက်ခံသွားကြရရှာပါတယ်။

ဘုရားအလောင်းဟာ မိဘရဲ့အလောင်းကို တိတ်တဆိတ် သဂြိုဟ်ပါတယ်။ အဲဒီနောက် ဗြဟ္မဒတ်မင်းရဲ့ ဆင်ဆရာထံမှာ တပည့်ခံပြီး သွားနေပါတယ်။

ဒီဃာဝုဟာ နေ့စဉ်နေ့စဉ် မိုးသောက်ယံမှာ သာယာတဲ့အသံနဲ့ သီချင်းဆိုကာ စောင်းတီးလေ့ရှိပါတယ်။ အဆိုအတီးလဲ အတော်ကောင်းပုံပါပဲ။ စောင်းသံကြားရာမှစပြီး ဗြဟ္မဒတ်ဘုရင်က ဘုရား

http://www.dhammadownload.com



အလောင်းအား သူ့ထံမှာ ခစားခိုင်းတယ်။ မကြာမီ ဒီဃာဝုဟာ ဗြဟ္မဒတ်မင်းရဲ့ လူယုံတော် ဖြစ်လာပါတယ်။

တစ်နေ့မှာ ဗြဟ္မဒတ်မင်းဟာ အမဲလိုက်ထွက်ယင်း မောပန်းတာနဲ့ ဒီဃာဝုရဲ့ ပေါင်ပေါ်မှာ ခေါင်းတင်ပြီး အိပ်နေပါတယ်။ အဲဒီအချိန်မှာ အခြား နောက်လိုက်နောက်ပါတွေလဲ မရှိကြဘူး။

ဒါနဲ့ ဒီဃာဝုဟာ ဗြဟ္မဒတ်မင်းကို သတ်ဖို့ သံလျက်ကို ဓားအိမ်မှ သုံးချိန်သုံးခါ ချွတ်ပါတယ်။ သတ်ဖို့လုပ်တဲ့အခါတိုင်း ဒေဝါနီး ဖခင်ရဲ့ နောက်ဆုံးမှာကြားသွားတဲ့ ဆုံးမစကားကို ပြန်ပြန်သတိရတာနဲ့ မသတ်ဖြစ်ဘူး။ သံလျက်ကို ချွတ်လိုက်စွပ်လိုက်နဲ့ ချီတုံချတုံ ဖြစ်နေတယ်။

အဲဒီအခိုက်မှာ ဗြဟ္မဒတ်ဘုရင်ဟာ လန့်နိုးလာတယ်။ ဒီဃာဝုက ဘုရင့်ဆံပင်ကိုဆွဲပြီး သံလျက်နဲ့ မိုးထားတယ်။ သူဟာ ကောသလဘုရင်ရဲ့သား ဒီဃာဝုမင်းသားဖြစ်ကြောင်း ဖွင့်ပြောတယ်။

ဗြဟ္မဒတ်က အသက်ဘေးမှ ချမ်းသာပေးဖို့ ရှိခိုးတောင်းပန်တယ်။ ဒီတော့ ဒီဃာဝုက သူ့ကိုလဲ အသက်ဘေးမှ ချမ်းသာပေးဖို့ ဗြဟ္မဒတ်အား ပြန်လည် တောင်းပန်ပါတယ်။ ဒီလိုနဲ့ သူတို့ဟာ အချင်းချင်းအသက်ဘေးမှ ချမ်းသာပေးပြီး သစ္စာဆိုကာ ရန်ငြိမ်း လိုက်ကြတယ်။

နန်းတော်ပြန်ရောက်တော့ ဗြဟ္မဒတ်မင်းက ဒီဃာဝုမင်းသားကို သူ့သမီးတော်နဲ့ စုံဖက်ပေးပြီး မိဘအမွေဖြစ်တဲ့ ကောသလထီးနန်းကိုပါ လွှဲအပ်ပေးလိုက်ပါတယ်။

http://www.dhammadownload.com



ဒီဝတ္ထုမှာ ဒီဃာဝုမင်းသားဟာ မိဘအမွေဖြစ်တဲ့ ထီးနန်းစည်းစိမ်ကို ပြန်လည်ဆက်ခံ စံစားရတာဟာ "မွေခံထိုက်စေ"ဆိုတဲ့ သားသမီးကျင့်ဝတ်နှင့်အညီ မိဘစကားကို နာခံလိုက်နာခဲ့လို့ ဖြစ်ပါတယ်။

## လူ့မျှဝေပါ

သေဆုံးသွားသူ မိဘများအား ရည်စူးကာ အလှူအတန်းပြုပြီး အမျှအတန်း ပေးဝေတာဟာလဲ သားကောင်းသမီးကောင်းတို့ရဲ့ ပြုကျင့်ဖွယ် လူ့ကျင့်ဝတ် တစ်ပါးပါပဲ။ ဒီကျင့်ဝတ်ကို ဖြည့်ကျင့်ယင် မိမိအတွက်ရော၊ သွားလေသူ မိဘများအတွက်ပါ ကောင်းကျိုးဖြစ်ထွန်းနိုင်ပါတယ်။

မြတ်စွာဘုရားလက်ထက်မှာ သာဝတ္ထိပြည်က ဥပါသိကာမတစ်ဦးရဲ့သား ကိုရင်သာနုဆိုတာ ရှိခဲ့ဖူးပါတယ်။


သူဟာ ငယ်ရွယ်စဉ်ကစပြီး ကိုရင်ဝတ်လာသူဖြစ်တယ်။ သီလနဲ့ပြည့်စုံတယ်။ ဆရာသမားများ၊ အာဂန္တုများအပေါ် ပြုကျင့်ရမည့် ဝတ္တရားများကိုလဲ ကျေပွန်စွာပြုကျင့်သူဖြစ်တယ်။

အထူးသဖြင့် လစဉ် (၈)ရက်နေ့ နံနက်တိုင်းမှာ စောစောထတယ်။ တရားနာယူရာ မဏ္ဍပ်မှာ ဆီမီးထွန်း၊ တံမြက်လှဲ၊ သောက်ရေတည်ထားပြီး တရားနာ ဖိတ်ကြားတယ်။ အဟောအပြောလဲ ကောင်းဟန်တူပါတယ်။

---

[၁၉] ဒီဃာဝုက ပြဟ္မဒတ်ဘုရင်ကို သံလျက်ဖြင့် မိုးထားပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



တစ်နေ့မှာ ရဟန်းတော်များက ကိုရင်သာနုကို တရားဟောခိုင်းတယ်။ သူဟာ ပလ္လင်ပေါ်တက်ပြီး ရဲရဲဝံ့ဝံ့ မထစ်မငေါ့ သာယာစွာ တရားဟောပါတယ်။ သူတရားဟောရတဲ့ ကုသိုလ်အဖို့ကို မိဘများအား အမျှအတန်း ပေးဝေတယ်။

ဒီလိုအမျှဝေတာကို အိမ်မှာရှိကြတဲ့ လူမိဘတွေကတော့ မသိကြဘူး။ ဒါပေမယ့် ရှေးဘဝက မိခင်ဟောင်းဖြစ်တဲ့ ဘီလူးမက အမျှရရှိသွားပါတယ်။

ကိုရင်သာနုဟာ အကျင့်သီလနှင့်ပြည့်စုံသူဖြစ်လို့ နတ်များ၊ ဘီလူးများက ချစ်ခင်ကြတယ်။ သူ့တရားပွဲကိုလဲ လာရောက်ပြီး တရားနာယူကြတယ်။


သူ့မိခင်ဟောင်း ဘီလူးမဟာ ကိုရင်သာနုရဲ့ကျေးဇူးကြောင့် အခြားဘီလူးများရဲ့ အလယ်မှာ အလွန် မျက်နှာပွင့်လန်းပါတယ်။ သာနုမယ်တော်လို့ ဂုဏ်ပြုအခေါ်ခံရတယ်။

တန်ခိုးကြီး နတ်ဘီလူးမင်းများကတောင် သာနုမယ်တော်ကိုမြင်ယင် နေရာမှထပေးကြတယ်။ လမ်းဖယ်ပေးကြတယ်။ ကောင်းမွန်တဲ့ စားဦးစားဖျား၊ နေရာကောင်းနေရာသန့်ကိုလဲ သာနုမယ်တော်အားပေးကြတယ်။

---

[၂၀] ကိုရင်သာနုသည် တရားဟောပြီးနောက် မိမိ၏ကုသိုလ်အဖို့ကို အမိအဖတို့အား အမျှပေးဝေစဉ် မိခင်ဟောင်းဘီလူးမက သာဓုခေါ်နေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



ကိုရင်သာနုဟာ အသက်နှစ်ဆယ်ပြည့်လောက်မှာ လူထွက်ချင်တာနဲ့ အိမ်ပြန်ပြီး မိခင်ကို ပြောတယ်။ မိခင်က လူမထွက်အောင် အမျိုးမျိုးတောင်းပန်တာတောင် မနေနိုင်တော့ဘူး။

အဲဒီအခါ ကိုရင်သာနုကို အမြဲတမ်းလိုလို စောင့်ရှောက်ကြည့်ရှုနေတဲ့ မိခင်ဟောင်းဘီလူးမက သူ လူထွက်မှာကို မကျေနပ်ဘူး။ ဒါကြောင့် ကိုရင်သာနုကို ဝင်ပူးတယ်။ ကိုရင်ဟာ လည်ပင်းလိမ်ပြီး ပါးစပ်မှ အမြှုပ်တစီစီထွက်ကာ မေ့လဲကျသွားတယ်။

သူ့မိခင်နှင့် အခြားသူများကပါ သူ့ကို ဝိုင်းဝန်းပြုစုကြတယ်။ အဲဒီအခါ ဝင်ပူးနေတဲ့ မိခင်ဟောင်း ဘီလူးမက "ကိုရင်သာနု လူထွက်ယင် နှောင့်ယှက်မယ်၊ ငှက်လိုအတောင်ပေါက်ပြီး ပျံပြေးတာတောင် အလွတ်မပေးဘူး၊ ထွက်ရဲထွက်ကြည့်" ဆိုတဲ့စကားမျိုးနဲ့ လူမထွက်ရဲအောင် ခြိမ်းခြောက်ပြီးမှ ထွက်ခွာ သွားတယ်။

ကိုရင်သာနုဟာ ပြန်သတိရလာလို့ အကြောင်းစုံသိရတဲ့အခါ လူမထွက်ရဲတော့ပဲ ရဟန်းဘောင် တက်သွားတယ်။

မကြာမီ မြတ်စွာဘုရားထံသွားပြီး သူ့အကြောင်းကိုလျှောက်ထားပါတယ်။ မြတ်စွာဘုရားက တရားဟောကြားတဲ့အခါ သူလဲ အကျွတ်တရား ရသွားပါတယ်။

သူဟာ ပိဋကတ်သုံးပုံသင်ယူပြီး နာမည်ကျော် ဓမ္မကထိက ရဟန္တာကြီး ဖြစ်သွားပါတယ်။ သက်တော် တစ်ရာ့နှစ်ဆယ်အရွယ်ကျမှ ပရိနိဗ္ဗာန် စံသွားပါတယ်။

http://www.dhammadownload.com


ဒီဝတ္ထုမှာ ကိုရင်သာနုဟာ မိမိတရားဟောရတဲ့ကုသိုလ်အဖို့ကို မိဘများအား အမျှပေးဝေခဲ့တယ်။ အဲဒီကုသိုလ်ကို မိခင်ဟောင်း ဘီလူးမက ရရှိပြီး သူ့ကို ပြန်လည်စောင့်ရှောက်ခဲ့တယ်။ ဒါ့ကြောင့် သူဟာ လူမထွက်ဖြစ်တော့ပဲ ဓမ္မကထိက ရဟန္တာကြီးအထိ ဖြစ်သွားရခြင်းပါပဲ။

ဒီအဖြစ်အပျက်ကိုကြည့်ယင် သေဆုံးသူမိဘများအား ရည်စူးပြီး အလှူအတန်းပြုကာ အမျှအတန်းပေးဝေတာဟာ မိမိအတွက်ရော၊ မိဘများအတွက်ပါ အကျိုးဖြစ်ထွန်းစေတယ် ဆိုတာ တွေ့မြင်နိုင်ပါတယ်။

## ခေါင်းလေးမျိုးနွယ်

မိဘတို့ရဲ့ မျိုးရိုးအစဉ်အလာကောင်း၊ ဓလေ့ထုံးတမ်းကောင်းများကို ဆက်လက်စောင့်ရှောက်ထိန်းသိမ်းတာဟာလဲ သားသမီးကောင်းတို့ရဲ့ ပြုကျင့်ဖွယ် လူ့ကျင့်ဝတ်တစ်ပါးပါပဲ။

ရှေးသူတော်ကောင်းများဟာ ဒီလို မိဘမျိုးရိုး အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ကြမြဲ ဖြစ်ပါတယ်။

မြတ်စွာဘုရားလက်ထက်က သာဝတ္ထိပြည်မှာ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့ရဲ့ ဆွမ်းဒါယိကာမ အမျိုးသမီးငယ်တစ်ဦး ရှိခဲ့ဖူးပါတယ်။

သူဟာ သဒ္ဓါတရားနဲ့ပြည့်စုံတယ်၊ ရတနာသုံးပါးကို ကြည်ညိုတယ်၊ မြတ်နိုးတယ်။ ပညာရှိတယ်၊ အကျင့်သီလနဲ့ ပြည့်စုံတယ်။ အလှူအတန်းပြုခြင်းစတဲ့ ကောင်းမှုနှင့် ပျော်မွေ့သူဖြစ်တယ်။

http://www.dhammadownload.com


တစ်နေ့မှာ သာဝတ္ထိကပင် အမျိုးသားတစ်ဦးရဲ့ မိဘများက အဲဒီအမျိုးသမီးကို သူတို့သားနှင့် ပေးစားဖို့ ကမ်းလှမ်းလာတယ်။ သူတို့ဟာ ဘာသာခြား မိစ္ဆာအယူရှိသူများ ဖြစ်ကြပါတယ်။

အမျိုးသမီးရဲ့ မိဘများက "ငါတို့သမီးအား ရတနာသုံးပါးကို ကြည်ညိုကိုးကွယ်ခွင့်၊ အလှူအတန်း ပြုခွင့်၊ သီလဆောက်တည်ခွင့်တွေ လွတ်လွတ်လပ်လပ် ပေးရမယ်။ ဒါမှ ပေးစားနိုင်မယ်"လို့ ပြောဆိုပါတယ်။

ဒါဟာ မျိုးရိုးအစဉ်အလာကို သတို့သမီးရဲ့ မိဘများကိုယ်တိုင်လဲ ထိန်းသိမ်းရာ ရောက်တယ်။ သမီးဖြစ်သူကိုလဲ အစဉ်အလာ ဆက်လက်ထိန်းသိမ်းအောင် နည်းပေးလမ်းညွှန်ရာ ရောက်ပါတယ်။

သတိုးသားရဲ့ မိဘများက သတိုးသမီးရဲ့ မိဘများ တောင်းဆိုချက်ကို ခြွင်းချက်မရှိ လိုက်လျောပါတယ်။ ဒါနဲ့ အဲဒီအမျိုးသမီးဟာ မိစ္ဆာဒိဋ္ဌိအိမ် လိုက်ပါသွားရပါတယ်။

သူဟာ ဘာသာခြား ယောက္ခမနှင့် လင်သားအပေါ် အပြစ်ဆိုစရာမရှိအောင် ဝတ္တရားကျေပွန်သူ ဖြစ်တယ်။ ဒါကြောင့် လင့်ဆွေမျိုးမိဘတွေက သူ့ကို အလွန်ကျေနပ် သဘောကျချစ်ခင်ကြတယ်။

---

[၂၁] ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့၏တပည့် ဥပါသိကာမက သူ့ခင်ပွန်းနှင့် ယောက္ခမများ အယူမှန်လာသည်အထိ သူတို့အိမ်ကိုဆွမ်းခံကြွဖို့ အရှင်မြတ်များအား လျှောက်ကြားနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



အဲဒီအမျိုးသမီးဟာ သူ့ရဲ့အစဉ်အလာကိုတော့ မဖျက်ဘူး။ သူ့ဆရာမထေရ်ကြီးများကိုပင့်ပြီး ဆွမ်းကျွေးတယ်။ အယူလမ်းလွဲနေသူများ အယူမှန်လာတဲ့အထိ ဆွမ်းခံကြွကြဖို့ မထေရ်ကြီးများကို လျှောက်ထားပါတယ်။ မထေရ်ကြီးများကလဲ လက်ခံပြီး နေ့စဉ် ဆွမ်းခံဝင်ကြတယ်။

ဒီလိုနဲ့ မကြာမီ အဲဒီအမျိုးသမီးရဲ့လင်သားဟာ ဇနီးနဲ့အတူ သောတာပန် ဖြစ်သွားပါတယ်။ သူ့မိဘများနှင့် ကျေးကျွန်များလဲ အကျွတ်တရားရပြီး အယူမှန်ကုန်ကြပါတယ်။

နောက်ဆုံးမှာ ဇနီးမောင်နှံ နှစ်ဦးလုံး သာသနာ့ဘောင် ဝင်ရောက်သွားကြပြီး၊ ရဟန္တာ ဖြစ်ကုန်ကြပါတယ်။

ဒီဝတ္ထုမှာ သတို့သမီးဟာ ဘာသာခြား မိစ္ဆာအယူရှိသူများရဲ့ အလယ်မှာ နေရတာတောင် မိမိရဲ့ အစဉ်အလာကောင်းကို အပျက်မခံပဲ စောင့်ထိန်းခဲ့တယ်။ ဒီလိုစောင့်ထိန်းခဲ့လို့လဲ အယူလမ်းလွဲသူများကိုပင် လမ်းမှန်ရောက်အောင် ပို့ဆောင်ပေးနိုင်ခဲ့ပါတယ်။

ဒီနေရာမှာသတိပြုဖို့က မိဘမျိုးရိုးအစဉ်အလာဆိုပေမယ့် ကောင်းမွန်မှန်ကန်တဲ့ အစဉ်အလာကိုသာ ဆက်လက်စောင့်ရှောက် ထိန်းသိမ်းရပါတယ်။ အကျိုးမရှိ၊ မမှန်ကန်၊ မကောင်းမွန်တဲ့ အစဉ်အလာ အယူအဆတွေကိုတော့ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုမယ်မထင်ပါဘူး။

ကဲ . . . သားသမီးဝတ္တရားနဲ့ ပတ်သက်ပြီး ပြောလာလိုက်တာ စကားကြောလဲ တော်တော်ရှည်သွားပြီ။ စုံလဲ စုံသွားပါပြီ။ ဒါကြောင့် နိဂုံးချုပ် ဆောင်ပုဒ် ကဗျာလေးတွေဆိုပြီး တစ်ခန်းရပ်ကြဦးစို့။

http://www.dhammadownload.com



## သားသမီးကျင့်ရန် ဆောင်ပုဒ်ညွှန်

မိဘအမွေ-ခံထိုက်ရအောင်၊ မိဘစကား-နားထောင်ကွယ်။
မိဘပြုဖွယ်-မှန်သမျှကို၊ မိဘကိုယ်စား-ဆောင်ရွက်ကွယ်။
သားသမီးကျင့်ရာ-ငါးဖြာဝတ်ကို၊ အကုန်မလွှတ်-ကျင့်ရမယ်။
ကျေးဇူးကြီးသူ-မိဘများကို၊ ပြန်လည်လေးစား-လုပ်ကျွေးကွယ်။
မိဘသေသော်-အလှူပြုလို့၊ မျှဝေသာဓု-ခေါ်စေကွယ်။
မိဘမျိုးနွယ်-စဉ်လာမပျက်အောင်၊ တစ်ဖန်ဆက်လက်-စောင့်ထိန်းကွယ်။
ကျင့်ဝတ်ငါးဖြာ-အဲဒါပဲကွဲ့၊ အသဲစွဲအောင်-မှတ်ကြကွယ်။
မှတ်ကွယ် . . . မှတ်ကွယ်။ ။

http://www.dhammadownload.com



## လင် နှင့် မယား

တစ်မိသားနှင့် တစ်မိသား တွေ့ကြ၊ ဆုံကြ၊ ပေါင်းသင်းနေထိုင်ကြရတယ်ဆိုတာ အကြောင်းမဲ့ သက်သက်မဟုတ်ပါ။ (၁) ရှေးရှေးဘဝကပင် အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ဖူးခြင်း။ (၂) ယခုဘဝမှာ အကျိုးစီးပွားဆက်စပ်မှုရှိခြင်း ဆိုတဲ့ အကြောင်းတရား နှစ်ပါးအနက် တစ်ပါးပါးကြောင့်သာ ဆုံတွေ့ကြ၊ ပေါင်းသင်းနေထိုင်ကြရတာ ဖြစ်ပါတယ်။

ဒီလို အကြောင်းအားလျော်စွာ ဆုံတွေ့ နေထိုင် ပေါင်းသင်းကြရခိုက်မှာ လင် နှင့် မယား အဆင်ပြေပြေ ဆက်ဆံနေထိုင်သွားနိုင်ဖို့ အရေးကြီးပါတယ်။ ဒီလို နေထိုင်ရန် လင်ကလဲ လင်သားကျင့်ဝတ်နှင့်အညီ၊ မယားကလဲ မယားကျင့်ဝတ်နှင့်အညီ ပြုကျင့်နေထိုင်သင့်ကြပါတယ်။

ယောကျ်ားဟာ မယားအတွက် အနောက်မျက်နှာအရပ် မည်သလို၊ မယားဟာလဲ လင်သားရဲ့ အနောက်အရပ်ပါပဲ။ လင်ကလဲ လင့်ကျင့်ဝတ်နှင့်အညီ၊ မယားကလဲ မယားကျင့်ဝတ်နှင့်အညီ နေထိုင်တာကိုပဲ အနောက်မျက်နှာအရပ်ကို လုံခြုံအောင် စောင့်ရှောက်ခြင်းလို့ ခေါ်ပါတယ်။

## လင်သားကျင့်ရာ ဝတ်ငါးဖြာ

လင်သားဖြစ်သူက ဇနီးမယားအပေါ် ပြုကျင့်ရမည့် လူ့ကျင့်ဝတ်တရားမှာ ငါးပါးရှိပါတယ်။ သူတို့က ဘာတွေလဲလို့ဆိုယင် . . .

http://www.dhammadownload.com


(၁) ချစ်ဇနီးကို ခေါ်ဆိုရာမှာ အမြတ်တနိုး ခေါ်ဆိုခြင်း၊
(၂) နှိမ့်ချပြီး မပြောဆို၊ မခေါ်ဆိုခြင်း
(၃) မိမိမယားမှတစ်ပါး အခြားမိန်းမများနှင့် မပျော်ပါးခြင်း၊
(၄) စဖိုဆောင် (မီးဖိုဆောင်) အုပ်စိုးမှုကို လွှဲအပ်ခြင်း၊
(၅) အဝတ်တန်ဆာ ဆင်ယင်ပေးခြင်း

တို့ဖြစ်ကြပါတယ်။ ဒီကျင့်ဝတ်တရားတွေဟာ လင်သားတိုင်း ပြုကျင့်ရမည့် ဘုရားဟော လူ့ကျင့်ဝတ်တရားတွေပါပဲ။

## သိကြားမင်းတောင် ရှိခိုးရသူ

တာဝတိံသာ နတ်တို့သနင်း သိကြားမင်းမှာ စီးစရာ ဆင်နှင့် ရထားယာဉ်တို့ ရှိပါတယ်။

ဆင်ဆိုပေမယ့် တကယ့်တိရစ္ဆာန်တော့ မဟုတ်ဘူး။ နတ်ပြည်မှာက တိရစ္ဆာန်မှ မရှိပဲကိုး။ သိကြားမင်း သွားစရာလာစရာရှိတဲ့အခါ ဧရာဝဏ်နတ်သားက ဆင်အသွင် ခံတ္တာ ဖန်ဆင်းပေးရခြင်းမျှသာ ဖြစ်ပါတယ်။

သိကြားမင်းဟာ အခြွေအရံများနှင့်အတူ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား အေးအေးဆေးဆေး ဥယျာဉ်ပျော်ပါး ကစားထွက်တဲ့အခါမျိုးမှာ ဧရာဝဏ် နတ်ဆင်စီးပြီး ထွက်လေ့ရှိပါတယ်။

http://www.dhammadownload.com



ကျန်အခါမျိုးမှာတော့ ဝေဇယန္တာ နတ်ရထားနှင့်ပဲ သွားတာများပါတယ်။ ဒီနတ်ရထားက သိန္ဓော နတ်မြင်းတစ်ထောင် က,တဲ့ ရထားဖြစ်တယ်။ ရထားမောင်းနှင်သူကတော့ မာတလိနတ်သားဖြစ်တယ်။

အခါတစ်ပါးမှာ သိကြားမင်းက မာတလိနတ်သားအား "အမောင်မာတလိ၊ ငါ မြေကောင်းရာ အရပ်ကို ကြည့်လိုတယ်၊ ဥယျာဉ်သို့ ထွက်တော်မူမယ်။ ဝေဇယန္တာ နတ်ရထားကို အသင့်ပြင်ပါ"လို့ ခိုင်းစေပါတယ်။

မာတလိဟာ နတ်ရထားကို အသင့်ပြင်ပြီး သိကြားမင်းစံရာ ဝေဇယန္တာနန်းပြာသာဒ်ခြေရင်းက စောင့်နေပါတယ်။

သိကြားမင်းဟာ အချိန်ကျလို့ ဆင်းလာတဲ့အခါ နတ်ရထားပေါ် တန်းတန်းမတ်မတ် မတက်ဘူး။ အရှေ့, အနောက်, တောင်, မြောက် အရပ်လေးမျက်နှာဘက် လှည့်ပတ်ပြီး လက်အုပ်ချီကာ ဦးညွှတ် ရှိခိုးပါတယ်။

ဒါကိုမြင်ရတဲ့ မာတလိဟာ "အရှင်သိကြားမင်း၊ အရှင့်ကို ဗေဒင်ပညာတတ် ပုဏ္ဏားတွေ၊ လူမင်းတွေ၊ စတုမဟာရာဇ် နတ်မင်းကြီးတွေ၊ အခြားတန်ခိုးကြီး နတ်မင်းတွေကပါ ရှိခိုးကြရပါတယ်။ အခု အရှင်သိကြားမင်းက ဘယ်နတ်မင်းကို ရှိခိုးနေရပြန်တာလဲ"လို့ မေးလျှောက်ပါတယ်။

---

[၂၂] သိကြားမင်းက "လူ့ဘောင်မှာနေပြီး သားမယားတို့အား တရားသဖြင့် လုပ်ကိုင်ကျွေးမွေး သူ လူသူတော်ကောင်းများကို" ဦးညွှတ်ရှိခိုးနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



ဒီတော့ သိကြားမင်းက "အမောင်မာတလိ၊ ငါဟာ နတ်မင်းတစ်ပါးပါးကို ရှိခိုးနေတာ မဟုတ်ဘူး၊ အကျင့်သီလနှင့်ပြည့်စုံတဲ့ ရဟန်းတော်မြတ်တွေကို ရှိခိုးတယ်၊ အိမ်ရာတည်ထောင် လူဘောင်မှာနေပြီး ကောင်းမှုပြု သီလဆောက်တည်၊ ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်ကာ တရားသဖြင့် ရှာဖွေလုပ်ကိုင်လျက် သားမယားတို့အား လုပ်ကျွေးမွေးမြူသူများကိုလဲ ရှိခိုးပါတယ်"လို့ ပြန်လည်ဖြေကြားပါတယ်။

အဲဒီအခါ မာတလိနတ်သားက "အရှင်သိကြားမင်း၊ အရှင်သိကြားမင်းရဲ့ ရှိခိုးခြင်းခံရတဲ့ ပုဂ္ဂိုလ်တွေဟာ မြင့်မြတ်သူတွေဖြစ်ပါတယ်။ ကျွန်ုပ်လဲ အဲဒီပုဂ္ဂိုလ်တွေကို ရှိခိုးပါတော့မယ်"လို့ သိကြားမင်းကို အားကျပြီး ပြောကြားပါတယ်။

အဲဒီနတ်မင်း, သိကြားမင်းတွေရဲ့ရှိခိုးခြင်းခံရတဲ့သူတွေထဲမှာ တရားသဖြင့် ရှာဖွေလုပ်ကိုင်စားသောက်ပြီး သားမယားတို့အား ကျွေးမွေးပြုစုသူလဲပါတယ်ဆိုတာကို သတိပြုပြီး လင့်ဝတ္တရားနှင့်အညီ ပြုကျင့်နေထိုင်သင့်ကြပါတယ်။ ဒီလို နေထိုင်တာဟာ လူရောနတ်ပါ လိုလားတဲ့ လူ့ကျင့်ဝတ်တရားနှင့်အညီ နေထိုင်ခြင်းပါပဲ။

ကဲ . . . လင့်ကျင့်ဝတ်တရားနဲ့ ပတ်သက်လို့တော့ သည်မျှနှင့်ပဲ တော်လောက်ပါပြီ။ နိဂုံးချုပ် ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့။

http://www.dhammadownload.com



## လင်သားကျင့်ရန် ဆောင်ပုဒ်ညွှန်

လင်သားကျင့်ရာ-ငါးဖြာဝတ်ကို၊ သေချာမှတ်ဖို့-ဖော်ပြမယ်။
မြတ်နိုးကြင်နာ-ချိုသာစကားနဲ့၊ ချစ်ဇနီးအား-ဆက်ဆံကွယ်။
ဇနီးအပေါ်-ချိုးနှိမ်စကားကို၊ မပြောကြားနဲ့-ရှောင်ကြဉ်ကွယ်။
အခြားအလေ-မိန်းမများနဲ့၊ ပျော်ပါးမှုလဲ-ရှောင်ကြဉ်ကွယ်။
မီးဖိုချောင်မှာ-လုပ်ပိုင်ခွင့်ကို၊ စိတ်မထင့်ပဲ-ပေးအပ်ကွယ်။
ဝတ်စားတန်ဆာ ဆင်ယင်ပေးလို့၊ သူစိတ်အေးအောင်-ပြုကျင့်ကွယ်။
ဤငါးပါးကို-အမှန်ကျင့်မှ၊ လင့်ဝတ္တရား-ကျေပါတယ်။
မှတ်ကွယ် . . . မှတ်ကွယ်။ ။

http://www.dhammadownload.com



## မယားကျင့်ရာ ဝတ်ငါးဖြာ

မယားဖြစ်သူက လင်သားအပေါ် ပြုကျင့်ရမည့် ဝတ္တရားမှာလဲ ငါးပါးပင် ဖြစ်ပါတယ်။ သူတို့က ဘာတွေလဲဆိုယင် . . .

(၁) အိမ်တွင်းပြုဖွယ် အမှုကြီးငယ်မှန်သမျှကို ကောင်းစွာ စီရင်ခြင်း၊

(၂) နှစ်ဘက်ဆွေမျိုးများကို မျှမျှတတ ပေးကမ်းချီးမြှောက်ခြင်း။

(၃) မိမိလင်မှတစ်ပါး အခြားယောကျ်ားများနှင့် ဖောက်ပြားမှု မရှိခြင်း။

(၄) ရှာဖွေရလာသော ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

(၅) အမျိုးသမီးဆိုင်ရာ ကိစ္စမှန်သမျှ၌ တတ်သိလိမ္မာပြီး ပျင်းရိမှုမရှိခြင်းတို့ဖြစ်ကြပါတယ်။

ဒီကျင့်ဝတ်တွေဟာ အမျိုးကောင်းသမီး ဇနီးသည်တိုင်း လိုက်နာပြုကျင့်ရမည့် ဘုရားဟော လူ့ကျင့်ဝတ်တရားတွေပါပဲ။

## ဇနီးကျင့်ဝတ် ကျေပွန်သူ

မိမိတို့ရဲ့ ဘဝခရီးဖော် လင်သားများအပေါ် မယားဝတ္တရားနှင့်အညီ ပြုကျင့်နေထိုင်ယင် နတ်ပြည် နတ်ရွာ ရောက်နိုင်ပါတယ်။

မြတ်စွာဘုရားလက်ထက်က တန်ခိုးအရာမှာ အမြတ်ဆုံးဘွဲ့ထူး (ဧတဒဂ်)ရရှိသူ အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးဟာ တစ်ခါတစ်ရံ ငရဲပြည်သို့ တစ်ခါတစ်ရံ နတ်ပြည်သို့ ကြွလေ့ရှိပါတယ်။

http://www.dhammadownload.com



ငရဲပြည်ရောက်တဲ့အခါ ငရဲသားတွေနဲ့ တွေ့ဆုံပြီး သူတို့ ခံနေကြရတဲ့ မကောင်းကျိုးနှင့် ပတ်သက်တဲ့ ရှေးအကုသိုလ်ကံအကြောင်းကို မေးမြန်းတယ်။ နတ်ပြည်ရောက်တဲ့အခါ နတ်သမီး နတ်သားတွေနဲ့ တွေ့ဆုံပြီး သူတို့စံစားနေရတဲ့ ကောင်းကျိုးနဲ့ပတ်သက်တဲ့ ရှေးကုသိုလ်ကံအကြောင်းကို မေးမြန်းပါတယ်။

ဒီလို မေးမြန်းမှတ်သားပြီး လူ့ပြည်ပြန်ရောက်တော့ အကုသိုလ်ပြုခဲ့သူများ ငရဲမှာ ခံနေကြရပုံတွေ၊ ကုသိုလ်ပြုခဲ့သူများ နတ်ပြည်မှာ နတ်စည်းစိမ် စံစားနေကြရပုံတွေကို ရှင်မဟာမောဂ္ဂလာန်က ပြန်လည် ဟောပြလေ့ရှိပါတယ်။

သဒ္ဓါနှားဖြင့် နာကြားရသူများမှာ သတိသံဝေဂရပြီး အကုသိုလ်မှုကို ရှောင်ကြဉ်ကြတယ်။ တတ်စွမ်းသမျှ ကုသိုလ်ကောင်းမှုပြုကြပါတယ်။

အခါတစ်ပါးမှာ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးဟာ တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူပါတယ်။ အဲဒီအခါ ဗိမာန်ရှင်နတ်သမီးတစ်ဦးဟာ အရှင်မြတ်ထံလာပြီး ရှိခိုးဝတ်ပြုပါတယ်။

ဒီနတ်သမီးဟာ ရုပ်ဆင်း အလွန်လှပတယ်။ သူ့ကိုယ်မှ ဖြာထွက်နေတဲ့ အရောင်အဝါကလဲ အရပ်မျက်နှာအလုံးစုံကို ထွန်းလင်းတောက်ပစေတယ်။ ကိုယ်မှာ ဆင်မြန်းထားတဲ့ နတ်ဝတ်တန်ဆာ ရတနာတွေကလဲ လှည်းအစီးခြောက်ဆယ်တိုက်ခန့် ရှိပါသတဲ့။

သူ့မှာ အခြံအရံ နတ်သမီးပေါင်း တစ်ထောင်ရှိပါတယ်။ ဒီအခြံအရံ နတ်သမီးတွေဟာ သူ့ကို ဝန်းရံပြီး သီချင်းဆိုပြကြ၊ ကပြကြနဲ့ အမျိုးမျိုး ဖျော်ဖြေကြတယ်။

http://www.dhammadownload.com



ဒီ နတ်သမီးရဲ့ စံရာ ဗိမာန်ကလဲ ဥယျာဉ်ပန်းမန် ရေကန်တို့ဖြင့် လှပတင့်တယ် ရှုမငြီးဖွယ် ဖြစ်တယ်။ အတွင်းဘက်မှာလဲ လှပဆန်းကြယ်တဲ့ အရုပ်အမျိုးမျိုးတွေ၊ ခြူးပန်း ခြူးနွယ်တွေ၊ ရတနာ အမျိုးမျိုးစီခြယ်ထားတဲ့ အသုံးအဆောင်တွေနဲ့ မွမ်းမံခြယ်လှယ်ထားတယ်။

နတ်ကြိုးကြာ၊ နတ်ဥဒေါင်း၊ နတ်ဟင်္သာ အပေါင်းနဲ့ အသံသာမော နတ်ဥသြငှက်တို့ကလဲ သူ့ဗိမာန်ဝန်းကျင်မှာ လှည့်ကာပတ်ကာ ဝဲပျံကာနဲ့ သာယာမြည်ကြွေး ဖိုမသံပေးလျက် ဗိမာန်ရှင် နတ်သမီးကို ကြည်နူးအောင် တမင် ဖန်တီးကာ ပျော်တော်ဆက်နေကြပါတယ်။

ဒီလို ကြီးကျယ်ခမ်းနားတဲ့ စည်းစိမ်ရှင်နတ်သမီးကို တွေ့ရတော့ အရှင်မောဂ္ဂလာန် ကိုယ်တော် မြတ်ကြီးက "အသင်နတ်သမီး၊ သင်ဟာ ဒီလို ကြီးကျယ်ခမ်းနားလှတဲ့ စည်းစိမ်ချမ်းသာကို ဘယ်လို ကုသိုလ်ကြောင့် စံစားရတာလဲ"လို့ မေးမြန်းစုံစမ်းတော်မူပါတယ်။

အဲဒီအခါ စည်းစိမ်ရှင်နတ်သမီးက "သူဟာ ရှေးလူဖြစ်စဉ်က လင်သားအပေါ် မယားဝတ္တရား နှင့်အညီ ပြုကျင့်နေထိုင်ခဲ့ပါတယ်။ လင်သားအပေါ် အရာရာသည်းခံစိတ်ထားတယ်၊ တစ်ဦးတည်းသော သားကို မိခင်က စောင့်ရှောက်သလို လင်သားကိုလဲ စောင့်ရှောက်ခဲ့တယ်။

[၂၃] လူ့ဘဝတုန်းက မယားဝတ္တရားနှင့်အညီ နေထိုင်ခဲ့၍ တာဝတိံသာနတ်ပြည်ဝယ် အခြွေအရံ နတ်သမီးတစ်ထောင်တို့၏အလယ်၌ စံစားနေရသူ နတ်သမီးတစ်ဦးပုံ။

http://www.dhammadownload.com



http://www.dhammadownload.com


အထူးသဖြင့် အခြားယောကျ်ားများနှင့် ဖောက်ပြားလိုစိတ်တောင် မရှိခဲ့ဘူး။ တစ်ခါတစ်ရံ ပုထုဇဉ်သဘာဝ စိတ်ဆိုးပေမယ့် လင်သားအပေါ် ကြမ်းကြမ်းတမ်းတမ်း မပြောဆိုခဲ့ဘူး။

ဒါ့အပြင် လိမ်ညာပြောဆိုမှုလဲ မပြုခဲ့ဘူး။ မှန်ရာကိုသာ ပြောဆိုလေ့ရှိတယ်။ တတ်စွမ်းသမျှ ပေးကမ်းလှူဒါန်းခဲ့တယ်။

ဒီလို ဇနီးဝတ္တရားနှင့်အညီ ပြုကျင့်နေထိုင်ခဲ့ပြီး တတ်စွမ်းသမျှ ကုသိုလ်ကောင်းမှုပြုခဲ့လို့ ဒီလိုကြီးကျယ်ခမ်းနားတဲ့ နတ်စည်းစိမ်ကို စံစားရခြင်း ဖြစ်ပါတယ်" လို့ သူ့အကြောင်းကို ပြန်ပြောင်း လျှောက်ထားပါတယ်။

ဒီနတ်သမီးရဲ့အဖြစ်ကိုကြည့်ယင် လင်သားအပေါ် ပြုကျင့်ရမည့် မယားဝတ္တရားနှင့်အညီ ပြုကျင့်နေထိုင်တာဟာလဲ နတ်ပြည်ရောက်ကြောင်း တရားကောင်းပဲဆိုတာ သိမြင်နိုင်ပါတယ်။

ကဲ . . . မယားဝတ္တရားနှင့် ပတ်သက်လို့တော့ တော်လောက်ပါပြီ။ နိဂုံးချုပ် ဆောင်ပုဒ် ကဗျာလေးတွေဆိုပြီး တစ်ခန်းရပ်နားကြဦးစို့။

**မယားကျင့်ရန် ဆောင်ပုဒ်ညွှန်**

ဇနီးဖြစ်သူ-ကျင့်ရာဝတ်ကို၊ သေချာမှတ်ဖို့-ဖော်ပြမယ်။
အိမ်တွင်းပြုဖွယ်-မှန်သမျှကို၊ သေချာကျန-စီရင်ကွယ်။

http://www.dhammadownload.com



နှစ်ဘက်မျိုးဆွေ-အညီတွေးလို့၊ ချီးမြှောက်ပေးကမ်း-မျှစေကွယ်။
အခြားအလေ-ယောကျ်ားများနဲ့၊ ဖောက်ပြားမှုလဲ-ရှောင်ကြဉ်ကွယ်။
ရှာဖွေရလာ-ဥစ္စာများကို၊ လုံခြုံထားလို့-စောင့်ရှောက်ကွယ်။
အိမ်မှုလုပ်ရာ-ပျင်းစိတ်မထားနဲ့၊ လိမ္မာရေးခြား-ရှိစေကွယ်။
မယားဝတ်မှာ-အဲဒါပဲကွဲ့၊ အသဲစွဲအောင်-မှတ်ကြကွယ်။
မှတ်ကွယ် . . . မှတ်ကွယ်။ ။

http://www.dhammadownload.com



## ဆရာ နှင့် တပည့်

အတတ်ပညာ သင်ပြပေးသူ ဆရာသမားများဟာ တပည့်များရဲ့ တောင်အရပ်မျက်နှာမည် ပါတယ်။

တောင်အရပ်မည်တဲ့ ဆရာသမားများအပေါ် တပည့်ဝတ္တရားနှင့်အညီ ပြုကျင့်နေထိုင်တာဟာ တောင်အရပ်ကို ရှိခိုးခြင်းလဲ မည်တယ်။ လုံခြုံစေခြင်းလဲ မည်ပါတယ်။ ဒီလိုနေယင် ဆရာ့ကြောင့် တပည့်မှာ အပြစ်မရောက်ဘူးလို့ ဆိုလိုပါတယ်။

တပည့်ဟာ ဘယ်အရပ်မျက်နှာ ဖြစ်တယ်လို့တော့ တိုက်ရိုက်ဖော်ပြတာ မတွေ့မိသေးဘူး။

ဒါပေမယ့် တပည့်ဆိုတာ (၁) မိမိရင်မှဖြစ်သော သား၊ (၂) မွေးစားသား၊ (၃) မိမိပိုင်နက် အတွင်းမှာ ဖြစ်လာသောသား၊ (၄) မိမိထံမှာ ပညာသင်ယူနေသော တပည့်သားရယ်လို့ သားလေးမျိုး ထဲမှာ တစ်မျိုးဖြစ်ပါတယ်။

ဒါ့ကြောင့် တပည့်ဆိုတာ ဆရာသမားရဲ့ အနောက်အရပ်မျက်နှာ ဖြစ်တယ်လို့ ဆိုချင်ဆိုနိုင် ပါတယ်။

ဒီလို သားတပည့်များအပေါ် ဆရာသမားများက ဆရာ့ဝတ္တရားနှင့်အညီ ပြုကျင့်နေထိုင်မယ် ဆိုယင် တပည့်ကြောင့်လဲ ဆရာသမားများမှာ အပြစ်မရောက်နိုင်ပါဘူး။

http://www.dhammadownload.com



## ဆရာကျင့်ရာ ဝတ်ငါးဖြာ

ဆရာသမားများက တပည့်များအပေါ် ပြုကျင့်ရမည့် လူ့ကျင့်ဝတ်တရားမှာ ငါးပါး ဖြစ်ပါတယ်။ သူတို့က ဘာတွေလဲဆိုယင် . . .

(၁) ဆုံးမသင့်သောအရာကို ကောင်းစွာ ဆုံးမခြင်း၊
(၂) အတတ်ပညာကို ကောင်းစွာ သင်ကြားပြသခြင်း၊
(၃) သင်ပြသင့်ရာကို အကုန်အစင် သင်ပြပေးခြင်း၊
(၄) ကောင်းသောမိတ်ဆွေ ဆရာသမားများထံ အပ်နှံပေးခြင်း၊
(၅) ဘေးရန်မြင်ယင် ကြိုတင် အကာအကွယ် ပြုပေးခြင်းတို့ဖြစ်ကြပါတယ်။

ဒီကျင့်ဝတ်တွေဟာ ဆရာသမားတိုင်း ပြုကျင့်ရမည့် ဘုရားဟော လူ့ကျင့်ဝတ် တရားတွေပါပဲ။

## အတတ်လဲသင်

တပည့်တပန်းများအား စေတနာထားပြီး အတတ်ပညာ သင်ကြားပြသ ပေးတာဟာ ဆရာသမားကောင်းတို့ရဲ့ ပြုကျင့်ဖွယ် လူ့ကျင့်ဝတ်တစ်ပါးပင် ဖြစ်ပါတယ်။ ဒီကျင့်ဝတ်တရားနှင့် ပြည့်စုံသူ ဆရာသမားများဟာ ဖြစ်လေရာရာဘဝမှာ ပရိသတ်စုလို့ အများအပြား ရရှိနိုင်ပါတယ်။

မြတ်စွာဘုရားရဲ့ ယောကျ်ားမြတ် လက္ခဏာ သုံးဆယ့်နှစ်ပါးထဲမှာ "ဇာတိသားကောင်လို ပြေပြစ်သော သလုံးမြင်းခေါင်း (ခြေသလုံး) ရှိခြင်း" လဲ တစ်ပါး အပါအဝင်ဖြစ်ပါတယ်။

ဒီလိုလက္ခဏာရှင်မျိုးဟာ လူနဲ့နေယင် စကြာမင်းဖြစ်နိုင်တယ်။ မင်းနဲ့ထိုက်တန်တဲ့ ဆင်ယာဉ် မြင်းယာဉ်စတဲ့ အသုံးအဆောင်တွေကို လိုလေသေးမရှိ ရနိုင်တယ်။

ရဟန်းပြုယင် ဘုရားဖြစ်နိုင်တယ်။ ဘုရားဖြစ်ယင် ရဟန်းအသုံးအဆောင်ပစ္စည်းများ၊ အမျိုးသား ရဟန်းပရိသတ်၊ အမျိုးသမီး ရဟန်းပရိသတ်၊ လူအမျိုးသား ပရိသတ်၊ လူအမျိုးသမီး ပရိသတ်ဆိုတဲ့ ပရိသတ်လေးပါးကို အလျင်အမြန် ရရှိနိုင်ပါတယ်။

မြတ်စွာဘုရားမှာ အသုံးအဆောင်နှင့် ပရိသတ်ပေါများရတာ အကြောင်းမဲ့သက်သက် မဟုတ်ပါဘူး။ ရှေးရှေးဘဝတွေမှာ အခြားသူများအား အတတ်ပညာ သင်ပြပေးခဲ့တယ်။ မြန်မြန်တတ်လွယ် သိလွယ်မည့် နည်းလမ်းကို တီထွင်ကြံဆပြီး သင်ပြပေးခဲ့ဖူးပါတယ်။

ဒီလိုအတတ်ပညာ သင်ပြပေးခဲ့မှု ကုသိုလ်ကံ အကြောင်းတရားကြောင့် အသုံးအဆောင် ပေါများခြင်း၊ ပရိသတ်လေးပါးကို အလျင်အမြန် ရရှိနိုင်ခြင်းဆိုတဲ့ အကျိုးတရား ရရှိတော်မူခြင်းသာ ဖြစ်ပါတယ်။ ဘုရားဖြစ်လို့ အလကားသက်သက် ရရှိတော်မူခြင်း မဟုတ်ပါဘူး။

---

[၂၄] မြတ်စွာဘုရားက ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့အား သူတို့၏တပည့် ရဟန်းဆိုးများကို သွားရောက်ဆုံးမရန် မိန့်ကြားတော်မူပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



ဒါ့ကြောင့် မိမိတို့ရဲ့ တပည့်တပန်းများအား အတတ်ပညာ သင်ပြပေးတာဟာ မိမိတို့အတွက်လဲ ဘဝအဆက်ဆက် အကျိုးအမြတ် ထွက်နိုင်တယ်ဆိုတာ သတိပြုပြီး စေတနာ ကောင်းကောင်းနဲ့ စွမ်းနိုင်သမျှ သင်ပြပေးသင့်ကြပါတယ်။

## ပဲ့ပြင်ဆုံးမ

တပည့်တပန်းများ လမ်းလွဲမလိုက်မိအောင်၊ လမ်းလွဲလိုက်နေသူ တပည့်များအားလဲ လမ်းမှန်ရောက်အောင် ပြောဆို ဆုံးမ ပဲ့ပြင် ပေးခြင်းဟာလဲ ဆရာသမားကောင်းရဲ့ ပြုကျင့်ဖွယ် ဝတ္တရားတစ်ပါးပါပဲ။

မြတ်စွာဘုရားလက်ထက်က ကီဋာဂိရိဇနပုဒ်မှာ ရဟန်းဆိုးငါးရာ ရှိကြပါတယ်။ သူတို့ဟာ သစ်ပင်ပန်းပင်စိုက်ပြီး ဒါယကာ ဒါယိကာမများအား သစ်သီးပေး၊ ပန်းပေးကာ စည်းရုံးခြင်းစတဲ့ ဝိနည်းနဲ့ မညီတဲ့ အမှုတွေ ပြုလုပ်နေကြတယ်။ ဒီရဟန်းဆိုးတွေဟာ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ရဲ့ တပည့်တပန်းတွေပါပဲ။

သူတို့အကြောင်း မြတ်စွာဘုရား ကြားသိတော်မူတဲ့အခါ "တပည့်မကောင်း ဆရာ့ခေါင်း" ဆိုတဲ့အတိုင်း ဆရာသမားဖြစ်ကြတဲ့ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ကို ခေါ်တော်မူပါတယ်။ သူတို့ရဲ့ တပည့်များကို သူတို့ကိုယ်တိုင် သွားရောက်ဆုံးမဖို့ မြတ်စွာဘုရားက ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ကို စေလွှတ်တော်မူပါတယ်။

http://www.dhammadownload.com



ဒါကိုကြည့်ယင် တပည့်များ မလိမ္မာပါက ဆရာသမားများမှာ တာဝန်ရှိတယ်။ ပြောဆို ဆုံးမပြုပြင်ပေးရမယ်ဆိုတာ သိသာနိုင်ပါတယ်။

## သိပ္ပမချန်

မိမိတို့ရဲ့ တပည့်သားများအား သင်ပြပေးသင့်တဲ့ အတတ်ပညာများကို အကုန်အစင် သင်ပြပေးတာ (ဒီခေတ်မှာ သင်ရိုးညွှန်းတမ်းအတိုင်း အကုန်သင်ပြပေးတာမျိုး) ဟာ ဆရာသမားကောင်းတို့ရဲ့ ပြုကျင့်ဖွယ် လူ့ကျင့်ဝတ်တရားပါပဲ။

ရှေးပညာရှိ ဆရာသမားများဟာ မိမိတို့အား တုပြိုင်အာခံမည့် တပည့်မိုက်ကိုပင် ဆရာ့ဝတ္တရားအတိုင်း အတတ်ပညာအကုန်အစင် သင်ပြပေးခဲ့ဖူးပါတယ်။

ငါးရာ့ငါးဆယ် ဒုကနိပါတ် ဂုတ္တိလဇာတ်မှာ ဘုရားအလောင်းဟာ ဗာရာဏသီပြည်ဝယ် စောင်းဝိဇ္ဇာဆရာကြီးတစ်ဦး ဖြစ်ခဲ့ဖူးပါတယ်။ စောင်းအတတ်ဖြင့် မင်းထံခစားပြီး မျက်မမြင် မိဘနှစ်ပါးကို လုပ်ကျွေးနေပါတယ်။

တစ်နေ့မှာ လုလင်တစ်ဦးရောက်လာပြီး သူ့အထံမှာ မှီခိုနေထိုင်ကာ စောင်းအတတ် သင်ယူပါတယ်။ ဒီလုလင်ဟာ နောင်အခါ ဘုရင့်ရှေ့တော်မှာ ဆရာကြီးနှင့် စောင်းတီးယှဉ်ပြိုင်ပြီး အာခံမည့် တပည့်မိုက်ပါပဲ။

http://www.dhammadownload.com



သူ့ရဲ့နဖူးရည်၊ ဒူးရည်နဲ့ စိတ်နေစိတ်ထားကိုကြည့်ခြင်းဖြင့် ဆရာသမားကို ကျေးဇူးကန်းမည့် တပည့်မိုက် ဖြစ်လာမယ်ဆိုတာကို ပညာရှိ ဘုရားအလောင်းကလဲ ကောင်းကောင်း ရိပ်စားမိပုံပေါ်ပါတယ်။

ဒါပေမယ့် ဘုရားအလောင်းတော်ဆရာကြီးဟာ ဆရာသမားများ ပြုကျင့်ရမည့် "သိပ္ပမချန်" ဆိုတဲ့ ဝတ္တရားကို အပျက်ပြားမခံခဲ့ဘူး။ မိမိအား နောင်အခါ တုပြိုင်အာခံလာမည့် တပည့်မိုက်ကိုပင် ပညာကုန် သင်ပြပေးခဲ့ဖူးပါတယ်။


ဒီဝတ္ထုကတော့ ဖတ်ဖူးကြားဖူးတာ များပါတယ်။ ဒါ့ကြောင့် ဇာတ်ကြောင်းကုန် ဖော်မပြတော့ပဲ ဆရာသမားဆိုယင် ဆရာသမားရဲ့ ဝတ္တရားနှင့်အညီ ပြုကျင့်ရမယ်ဆိုတာ သိသာရုံ ပေါ်လွင်ရုံလောက်ပဲ ဖော်ပြလိုက်ပါတယ်။

## ဘေးရန်ဆီးကာ သင့်ရာအပ်ဖို့

တပည့်များအပေါ် ကျရောက်လာမည့် အန္တရာယ်ကိုမြင်ယင် ကြိုတင်ကာကွယ် တားဆီးပေးခြင်း၊ ပညာတတ်မြောက်ပြီးသူ တပည့်များကို မိဘဆွေမျိုးများထံ ပြန်လည်အပ်နှံပေးခြင်း၊ ဒါမှမဟုတ် မိမိထက်

[၂၅] ဘုရားအလောင်းတော်ဆရာကြီးသည် နောင်အခါ မိမိအား တုပြိုင်အာခံမည့် တပည့်မိုက်ကိုပင် ဆရာ့ဝတ္တရားနှင့်အညီ အတတ်ကုန် သင်ပြပေးနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



သာသူ အခြားဆရာသမားများထံမှာ ဆက်လက် ပညာသင်ယူနိုင်ရန် အပ်နှံပေးခြင်းဟာလဲ ဆရာသမားကောင်းတို့ရဲ့ ပြုကျင့်ဖွယ် ဝတ္တရားများပါပဲ။

ဆရာ့ဝတ္တရားကျေပွန်သူ ဆရာကောင်း သမားကောင်းကို အမှီရလို့ တပည့်ဖြစ်သူ အသက်ဘေးမှ ချမ်းသာရာရသွားပုံ ဝတ္ထုကြောင်းလေး ဆက်ကြဦးစို့။

ငါးရာ့ငါးဆယ် ပဉ္စကနိပါတ် မူသိကဇာတ်မှာ ဘုရားအလောင်းဟာ တက္ကသိုလ်ပြည်ဝယ် ဒိသာပါမောက္ခ ဆရာကြီးတစ်ဦး ဖြစ်ခဲ့ဖူးပါတယ်။ သူဟာ အရပ်ဒေသအမျိုးမျိုးမှ လာရောက်ကြသူ တပည့်များအား အတတ်ပညာအသီးသီး သင်ပြပေးခဲ့ပါတယ်။

ဆရာကြီးဟာ မိမိထံမှာ ပညာသင်ကြားတတ်မြောက်ပြီး ပြည်တော်ပြန်တော့မည့် ဗာရာဏသီမင်းသားငယ်ကို အင်္ဂဝိဇ္ဇာအတတ် (ဗေဒင်ပညာတစ်မျိုး)ဖြင့် ကြည့်ရှုပါတယ်။ သူ့တပည့်ဟာ မင်းဖြစ်ပြီးသားရတဲ့အခါ သားရဲ့လုပ်ကြံခံရမှာကို မြင်ပါတယ်။

ဒါ့ကြောင့် တပည့်ဖြစ်သူ သေဘေးမှ လွတ်စေရန် ဂါထာ (ပါဠိသီချင်း) သုံးပုဒ် သင်ပေးလိုက်ပါတယ်။ ရွတ်ဆိုရမည့် နေရာနှင့် အချိန်ကိုပါ မှာကြားလိုက်ပြီး မိဘရပ်ထံ ပြန်ခွင့်ပေးလိုက်ပါတယ်။

[၂၆] မင်းဖြစ်ပြီးနောက် သားတော်၏လုပ်ကြံခံရမည့် အန္တရာယ်ရှိသူ တပည့်မင်းသားငယ်ကို သေဘေးမှ လွတ်စေရန် တက္ကသိုလ်ဆရာကြီးက ဂါထာ (၃)ပုဒ် သင်ပေးနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



ဆရာကြီးရဲ့ ဂါထာတွေကတော့ လုပ်ကြံခံရမည့်သူက လုပ်ကြံမှာကိုသိတဲ့အကြောင်း လုပ်ကြံမည့်သူအား သဘောပေါက်စေတဲ့ ဂါထာတွေ ဖြစ်ပါတယ်။

သူတပည့် မင်းသားဟာ ဘုရင်ဖြစ်သွားပြီးနောက် သားတော်တစ်ပါး ထွန်းကားလာပါတယ်။

အဲဒီသားတော် အရွယ်ရောက်ချိန်ကစပြီး ဘုရင်ကြီးဟာ သူ့ဆရာ သင်ပေးလိုက်တဲ့ ပထမဂါထာကို ရေကန်နားရောက်တိုင်း ရွတ်ဆိုတယ်။ ဒုတိယဂါထာကို စောင်းတန်းခြေရင်းရောက်တိုင်း ရောက်တိုင်း ရွတ်ဆိုတယ်။ တတိယဂါထာကိုတော့ စောင်းတန်းထိပ်ရောက်တိုင်း ရွတ်ဆိုပါတယ်။

အရွယ်ရောက်လာသူ မင်းသားငယ်ဟာ ထီးနန်းစည်းစိမ်ကို လိုချင် မက်မောလာတယ်။ သူ့ငယ်သားများနှင့် တိုင်ပင်တဲ့အခါ ခမည်းတော်ကိုသတ်ပြီး ထီးနန်းအရယူဖို့ ငယ်သားများက အကြံပေးကြတယ်။ မင်းသားကလဲ သဘောကျ လက်ခံတယ်။

ဒါနဲ့ ညဘက် ရေကန်နားမှာ တစ်ကြိမ်၊ စောင်းတန်းခြေရင်းမှာ တစ်ကြိမ်၊ စောင်းတန်းထိပ်မှာ တစ်ကြိမ်၊ ဒီလို သုံးကြိမ်သုံးခါ မင်းသားက ခမည်းတော်ကို သတ်ဖို့ ကြံစည်ခဲ့ပါတယ်။

ဒါပေမယ့် ဆရာပေးလိုက်တဲ့ဂါထာကို ဆရာမှာတဲ့အတိုင်း ရွတ်ဆိုသူဘုရင်ဟာ သုံးကြိမ်သုံးခါ သေဘေးမှ လွတ်မြောက်ခဲ့ပါတယ်။

http://www.dhammadownload.com



ဒါတင်မျှမက မင်းသားငယ်ကိုယ်တိုင်က သူ့အကြံကို ခမည်းတော်ဘုရင်ကြီး သိတယ်ထင်ပြီး ဝန်ချတောင်းပန်ခဲ့ပါတယ်။ အမှန်ကတော့ သူ့သားတော်က သူ့ကို သတ်ဖို့ကြံတာကို ဘုရင်ကြီးဟာ လုံးဝမသိခဲ့ပါဘူး။

ဒီဝတ္ထုမှာ ဗာရာဏသီဘုရင်ကြီးဟာ "ဘေးရန်ဆီးကာ"ဆိုတဲ့ ဆရာ့ဝတ္တရားနှင့်အညီ ပြုကျင့်ခဲ့သူ ဆရာသမားကောင်းကို အမှီရခဲ့ပြီး ဆရာ့စကားလိုက်နာခဲ့လို့ အသက်ဘေးမှ ချမ်းသာရခဲ့ခြင်း ဖြစ်ပါတယ်။

ဘုရားအလောင်းဆရာကြီးဟာလဲ တပည့်များအား အတတ်ပညာသင်ပြပေးခြင်း၊ လိမ္မာအောင် ဆုံးမပဲ့ပြင်ပေးခြင်းစသော ဆရာ့ဝတ္တရားကို ပြုကျင့်ခဲ့လို့ ဘုရားဖြစ်လာတဲ့အခါ "ရဟန်းအသုံးအဆောင်များအပြင် ပရိသတ်လေးပါးကိုပါ အလိုရှိက အလျင်အမြန် ရရှိနိုင်ခြင်း" ဆိုတဲ့ အကျိုးထူးတရားကို ရရှိတော်မူခြင်း ဖြစ်ပါတယ်။

ဒါ့ကြောင့် ဆရာသမားဖြစ်သူတိုင်းဟာ ဆရာ့ဝတ္တရားနှင့်အညီ ပြုကျင့်နေထိုင်ယင် မိမိတို့ရဲ့ တပည့်သားများလဲ အကျိုးရှိ၊ မိမိမှာလဲ အကျိုးရှိတယ်ဆိုတာကို သတိပြုပြီး လိုက်နာကျင့်ကြံသင့်ပါတယ်။

ကဲ . . . ဆရာ့ဝတ္တရားနှင့်အညီ ပြုကျင့်နေထိုင်ကြဖို့ တိုက်တွန်းပြောကြားတဲ့ စကားကတော့ ဒီမျှနှင့်ပဲ တော်လောက်ပါပြီ။ နိဂုံးချုပ် ဆောင်ပုဒ်ကဗျာလေးတွေကို ဆိုကြဦးစို့။

http://www.dhammadownload.com



## ဆရာကျင့်ရန် ဆောင်ပုဒ်ညွှန်

ဆရာကျင့်ရာ-ငါးဖြာဝတ်ကို၊ သေချာမှတ်ဖို့-ဖော်ပြမယ်။
လိမ္မာစေရန်-နည်းလမ်းပြလို့၊ ပြောဆိုဆုံးမ-ပြုပြင်ကွယ်။
တပည့်သူငယ်-ပညာတတ်ဖို့၊ မခိုမကပ်-သင်ပြကွယ်။
သင်သင့်ရာကို-ချန်မထားပဲ၊ ကုန်ဆုံးသွားအောင်-သင်ပေးကွယ်။
မိမိထက်သာ-ဆရာများထံ၊ ပို့သင့်သူအား-ပို့အပ်ကွယ်။
ရန်ဘေးမြင်ယင်-ကြိုတင်တားလို့၊ အကာကွယ်များ-ပေးရမယ်။
ဆရာ့ဝတ်မှာ-အဲဒါပဲကွဲ့၊ အသည်းစွဲအောင်-မှတ်ကြကွယ်။
မှတ်ကွယ် . . . မှတ်ကွယ်။ ။

## တပည့်ကျင့်ရာ ဝတ်ငါးဖြာ

မိမိတို့အား အတတ်ပညာ သင်ပြပေးသူ၊ လိမ္မာရေးခြားရှိအောင် ဆုံးမသွန်သင်ပေးသူ ဆရာသမားများအပေါ် တပည့်များက ပြုကျင့်ရမည့် လူ့ကျင့်ဝတ်တရားမှာလဲ ငါးပါးပင် ဖြစ်ပါတယ်။ သူတို့က ဘာတွေလဲလို့ဆိုယင် . . .

http://www.dhammadownload.com



(၁) ဆရာများ လာတာမြင်ယင် နေရာမှထပြီး ခရီးဦးကြိုဆိုခြင်း
(၂) ဆရာများကခေါ်ယင် ရိုရိုသေသေ ချဉ်းကပ်နေထိုင်ခြင်း
(၃) ဆရာများရဲ့ ဆုံးမစကားကို နာယူလိုက်နာခြင်း
(၄) လုပ်ကိုင်ပေးစရာရှိယင် ရိုရိုသေသေ လုပ်ကိုင်ပေးခြင်း
(၅) စည်းကမ်းရှိရှိ ရိုရိုသေသေ အတတ်ပညာ သင်ယူခြင်း
တို့ ဖြစ်ကြပါတယ်။

ဒီ ကျင့်ဝတ်တွေဟာ တပည့်ကောင်းဖြစ်လိုသူတိုင်း လိုက်နာ ပြုကျင့်ရမည့် ဘုရားဟော လူ့ကျင့်ဝတ်တရားတွေပါပဲ။

## ညီညာထကြွ ဆုံးမနာယူ

အတတ်ပညာသင်ယူရာမှာ စည်းကမ်းရှိရှိ တက်တက်ကြွကြွသင်ယူတာ၊ ဆရာရဲ့အဆုံးအမ အတိုင်း လိုက်နာ ဆောက်ရွက်တာတွေဟာ တပည့်ကောင်းတို့ရဲ့ ပြုကျင့်ဖွယ် လူ့ကျင့်ဝတ်တရားတွေ ပင် ဖြစ်ပါတယ်။ ဒီ ကျင့်ဝတ်တရားများနှင့် ပြည့်စုံသူ တပည့်များဟာ ကောင်းကျိုးရရှိကြမြဲ ဖြစ်ပါတယ်။

ငါးရာ့ငါးဆယ် သံဝရဇာတ်မှာ ဘုရားအလောင်းဟာ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးရဲ့ ပညာရှိ အမတ်ကြီးတစ်ဦး ဖြစ်ခဲ့ဖူးပါတယ်။

http://www.dhammadownload.com



ဒီမင်းမှာ သားတော်ပေါင် တ ၊ တောင် ထွန်းကားပါတယ်။ သူဟာ သားတော် တစ်ပါးစီ တစ်ပါးစီကို အမတ်ကြီး တစ်ဦးစီမှာ အပ်နှံပြီး ပညာသင်ယူစေပါတယ်။

ဘုရားအလောင်း အမတ်ကြီးဟာ အငယ်ဆုံး သားတော် သံဝရမင်းသားကို တာဝန်ယူ ပညာသင်ပေးရတယ်။ မင်းသားများဟာ အတတ်ပညာများကို တက်တက်ကြွကြွ စည်းကမ်းရှိရှိ သင်ယူကြပါတယ်။

ပညာများစုံတဲ့အခါ ဘုရင်က သားတော်များအား မြို့ရွာဇနပုဒ်များ ပေးပြီး သူတို့ အပိုင်စားရတဲ့ ဒေသတွေမှာ သွားရောက်နေစေပါတယ်။

ဒါပေမယ့် ဘုရားအလောင်းက သံဝရမင်းသားအား "မြို့ရွာအပိုင်စား မယူနဲ့၊ ခမည်းတော်နားမှာပဲနေပါ။ ဥယျာဉ်တစ်ခုတောင်းပြီး ထွက်ရှိတဲ့ အသီးအနှံများကို မှူးကြီးမတ်ရာ သေနာပတိများအား လက်ဆောင်ပေးပါ။ မြို့ထဲမှာ ရိက္ခာဝေတဲ့ တာဝန်ကို ယူပါ"လို့ ညွှန်ကြား ဆုံးမပါတယ်။


သံဝရမင်းသားကလဲ ဆရာ့အဆုံးအမအတိုင်း လိုက်နာပြုကျင့်ပါတယ်။ မကြာမီ အမှုထမ်းများရော တိုင်းသူပြည်သားများကပါ သံဝရမင်းသားကို ချစ်ခင်ကြည်ညိုလာကြပါတယ်။

ဘုရင်ကြီးဟာ နတ်ရွာစံခါနီးမှာ တိုင်းသူပြည်သားများ သဘောကျသူကို ဘုရင်မြှောက်ဖို့ မှာကြားသွားပါတယ်။

---

[၂၇] တိုင်းသူပြည်သားများနှင့် မှူးမတ်များက သူတို့ ကြည်ညိုသူ သံဝရမင်းသားကို ဘုရင်တင်မြှောက်နေကြပုံ။

http://www.dhammadownload.com



ဒါကို အဝေးရောက် နောင်တော် မင်းသား ကိုးဆယ့်ကိုးယောက်တို့က မကျေမနပ်ဖြစ်ပြီး တိုက်ခိုက်ဖို့ ချီတက်လာကြပါတယ်။

အဲဒီအခါ ဘုရားအလောင်းက သူတပည့် သံဝရမင်းသားအား "နောင်တော်တွေကို ခံမတိုက်နဲ့။ တိုင်းပြည်ကို အစု တစ်ရာပုံပြီး နောင်တော်တစ်ဦးစီထံ တစ်ပုံစီယူဖို့ အကြောင်းကြားပါ"လို့ ညွှန်ကြားပါတယ်။ သံဝရမင်းသားကလဲ ဆရာ့စကားအတိုင်း လိုက်နာဆောင်ရွက်ပါတယ်။

ကိုင်းပြည်တစ်ပြည်တည်းကို မင်းသားတစ်ရာလုံး အုပ်စိုးဖို့ကလဲမဖြစ်၊ အငယ်ဆုံးညီကလဲ ပြန်မတိုက်တဲ့အပြင် အဖ အမွေကိုတောင် အချိုးကျ ခွဲဝေပေးတာကို ကြုံရတော့ နောင်တော်မင်းသားတွေဟာ စိတ်ပြေကုန်ကြတယ်။ ညီထွေးထံ ဝမ်းမြောက်ဝမ်းသာ လာရောက်တွေ့ဆုံကြပြီးနောက် ညီငယ်ကိုပင် ဘုရင်မြှောက်ကြပါတယ်။ သူတို့ကတော့ မိမိတို့ အပိုင်စားရာ မြို့ရွာဇနပုဒ် အသီးသီးသို့ ပြန်သွားကြပါတယ်။

ဒီဝတ္ထုမှာ သံဝရမင်းသားဟာ ဆရာ့စကားကိုသာ လိုက်နာဆောင်ရွက်ခြင်း မပြုခဲ့ယင် ထီးနန်းစည်းစိမ်ကို ရရှိဖို့ မဖြစ်နိုင်ပါဘူး။ အခုတော့ ပညာရှိ ဆရာသမားရဲ့ ဆုံးမစကားအတိုင်း လိုက်နာဆောင်ရွက်ခဲ့တဲ့အတွက် သားတော် တစ်ရာအနက် အငယ်ဆုံးသား ဖြစ်ပါလျက်နှင့် ထီးနန်းစည်းစိမ်ကို ရရှိသွားခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဆရာသမားများရဲ့ ကောင်းမွန်တဲ့ အဆုံးအမကို လိုက်နာဆောင်ရွက်တာဟာ မိမိ **အတွက် အကျိုးအမြတ်** ထွက်နိုင်တယ်ဆိုတာ သတိပြုပြီး လိုက်နာပြုကျင့်သင့်ကြပါတယ်။

http://www.dhammadownload.com



## လာမူကြိုဆီး ထံနီးလုပ်ကျွေး

ဆရာသမားများ လာတာမြင်ယင် နေရာမှထပြီး ကြိုဆိုနှုတ်ဆက်တာ၊ ဆရာသမားများထံ ချဉ်းကပ်ပြီး အမှုကြီးငယ် ပြုဖွယ်များကို ဆောင်ရွက်ပြုလုပ်ပေးတာတွေဟာ တပည့်ကောင်းများရဲ့ ပြုကျင့်ဖွယ် လူ့ကျင့်ဝတ်တရားတွေပါပဲ။

ဒီ ကျင့်ဝတ်တွေကို မြတ်စွာဘုရားဟောကြားခဲ့တဲ့ခေတ်က တပည့်သူငယ်တွေဟာ အများအားဖြင့် ပုဏ္ဏားဆရာများ၊ ရသေ့ ဆရာများနှင့် ရဟန်းဆရာများထံမှာ အတူတကွ လက်ပွန်းတတီး နေထိုင်ပြီး ပညာသင်ယူကြရပါတယ်။

ဒါကြောင့် ဟိုခေတ်က တပည့်သူငယ်များဟာ ပညာသင်ယူရုံတင်မဟုတ်ပဲ ဆရာသမားများကိုလဲ ဝတ်ကြီးဝတ်ငယ် ပြုစုဆောင်ရွက် လုပ်ကိုင်ပေးကြရပါတယ်။

ဒီခေတ်မှာတော့ ဘုန်းကြီးကျောင်းသားများနှင့် ကိုရင်ငယ်၊ ဦးပဉ္စင်းငယ်များလောက်သာ ဆရာဘုန်းကြီးများနှင့်အတူ နေထိုင်ကြရပါတော့တယ်။ ဒါတောင် အနည်းအကျဉ်းမျှသာ ရှိပါတော့တယ်။

အများစုကတော့ အတန်းကျောင်းများမှာ တက်ရောက်ပြီး ပညာသင်ယူကြရတာဖြစ်လို့ ဆရာနှင့် တပည့် အတူတကွ နေထိုင်ခွင့် မရှိကြတော့ဘူး။ ကျောင်းဖွင့်ရက်၊ ကျောင်းဖွင့်ချိန်လောက်မှာသာ ဆရာနှင့်တပည့်တို့ တွေ့ခွင့်ဆုံခွင့် ရကြပါတော့တယ်။

ဒါကြောင့် "ထံနီးလုပ်ကျွေး"ဆိုတဲ့ တပည့်ကျင့်ဝတ်ဟာ မလိုတော့သလိုတောင် တချို့က ထင်နေကြပါတယ်။ ဒါပေမယ့် အတန်းကျောင်းသား တပည့်များဟာလဲ ဆရာ၊ ဆရာမများက ခိုင်းစေတဲ့အခါ ကြည်ကြည်သာသာ ရွှင်ရွှင်ပျပျ လုပ်ကိုင်ဆောင်ရွက်ပေးယင် "ထံနီးလုပ်ကျွေး" ကျင့်ဝတ်နှင့်အညီ ပြုကျင့်ရာရောက်တာပါပဲ။

ဒီခေတ်မှာ ဆရာ၊ ဆရာမများ အတန်းထဲ ဝင်လာတဲ့အခါ တပည့်များက မတ်တတ်ထပြီး "မင်္ဂလာပါ ဆရာ/ မင်္ဂလာပါ ဆရာမ"စသည်ဖြင့် ကြိုဆိုနှုတ်ဆက်တာဟာ "လာမူကြိုဆီး"တပည့်ကျင့်ဝတ်နှင့် ညီညွတ်ပါပေတယ်။

ကဲ . . ., တပည့်တို့ဆိုယင် တပည့်ကျင့်ဝတ်နှင့်အညီ ပြုကျင့်နေထိုင်သင့်ကြောင်း ဖော်ပြတဲ့ သာဓကဝတ္ထုလေး ဆက်ကြဦးစို့။

မြတ်စွာဘုရားလက်ထက်မှာ ကောသမ္ဗီပြည်က အမျိုးကောင်းသားတစ်ဦးဟာ သာသနာ့ဘောင်ဝင်ပြီး ရဟန်းပြုပါတယ်။ ကောသမ္ဗီတိဿမထေရ်လို့ အမည်တွင်လာပါတယ်။

တစ်နေ့မှာ ဒီ မထေရ်ဟာ ခုနစ်နှစ်အရွယ် တပည့် ကိုရင်ငယ်နှင့်အတူ ကောသမ္ဗီပြည်မှ သာဝတ္ထိပြည်သို့ ဘုရားဖူးဖို့ ကြွလာပါတယ်။ ကိုရင်လေးက ယူဆောင်စရာ ပစ္စည်းများကို သယ်ဆောင်ရပါတယ်။

လမ်းခရီးကြားက ကျောင်းတစ်ကျောင်းကို ရောက်တဲ့အခါ ကိုရင်လေးက သူ့ဆရာမထေရ်တည်းဖို့ ကျောင်းကို သုတ်သင်ရှင်းလင်း ပြင်ဆင်ပေးတယ်။ ဆရာ့အတွက် ပြင်ဆင်ယင်း အချိန်ကုန်

http://www.dhammadownload.com



သွားတာနဲ့ သူ့အတွက် တည်းဖို့ကျောင်းကို ပြင်ဆင်ချိန်မရတော့ဘူး။ ဒါနဲ့ ဆရာဖြစ်သူမထေရ်က တပည့်ကိုရင်ငယ်ကို သူ့တည်းကျောင်းမှာပဲ ခေါ်ထားပါတယ်။

ဝိနည်းစည်းကမ်းအရ ရဟန်းနဲ့ကိုရင်ဟာ အမိုးတူ အကာတူ တစ်နေရာတည်းမှာ အတူမအိပ်ရဘူး။ (နှစ်ညဥ့် သုံးညဥ့်လွန်အောင်) အတူအိပ်မိယင် ရဟန်းမှာ ဝိနည်းအပြစ် သင့်ရောက်ပါတယ်။

ဒါကို တပည့်ကိုရင်ငယ်က သိတာနဲ့ သူ့ဆရာ အပြစ်မရောက်အောင် ဆရာ့ခုတင်ဘေးနားမှာ တစ်ညလုံး မအိပ်ပဲ ထိုင်စောင့်နေပါတယ်။

ဒီလို တပည့်ကိုရင်ငယ် မအိပ်ပဲထိုင်စောင့်နေတာကို ဆရာမထေရ်က မသိဘူး။ သူကတော့ ခေါင်းချလိုက်တယ်ဆိုယင်ပဲ မောမောနဲ့ အိပ်ပျော်သွားပါတယ်။ မိုးလင်းခါနီးမှ နိုးလာတယ်။ ဒီတော့မှ ကိုရင်ငယ် အိပ်ပျော်နေတယ်ထင်ပြီး အနီးရှိ ယပ်ကို ဆွဲယူကာ ကြမ်းကိုယပ်နှင့် အသာဆောင့်နှိုးပါတယ်။

အိပ်မှုံစုံမွှားနှင့် ဆောင့်နှိုးတာဖြစ်လို့ ကိုရင်ငယ်ရဲ့ မျက်စိတစ်ဖက်ကို ယပ်တောင်ရိုးနှင့် ထိုးမိသွားတယ်။ ဒါနဲ့ ကိုရင်ဟာ မျက်စိတစ်ဖက် ပျက်သွားရှာပါတယ်။ ဒါပေမယ့် သူ့ဆရာကို မျက်စိကန်းသွားတဲ့အကြောင်း ပြောမပြဘူး။

ကန်းသွားတဲ့မျက်စိတစ်ဖက်ကို လက်တစ်ဖက်နှင့် အသာပိတ်ပြီး ကျန်လက်တစ်ဖက်နှင့် တံမြက်စည်းလှဲခြင်း၊ မျက်နှာသစ်ရေခပ်ခြင်းစတဲ့ သူလုပ်ရမည့် ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ဆက်လက်လုပ်ကိုင်ပေးပါတယ်။

http://www.dhammadownload.com


ဆရာမထေရ် မျက်နှာသစ်တဲ့အခါ သွားတိုက်စရာဒန်ပူကို လက်တစ်ဖက်တည်းဖြင့် ကပ်ပါတယ်။ အဲဒီအခါ ဆရာမထေရ်က "ကိုရင်၊ ဆရာသမားများကို ဒန်ပူစသည် ကပ်တဲ့အခါ လက်နှစ်ဖက်နှင့် ရိုရိုသေသေ ကပ်ရတယ်"လို့ ပြောပါတယ်။

ဒီတော့ ကိုရင်ငယ်က "မှန်လှပါ၊ လက်နှစ်ဖက်နှင့် ရိုရိုသေသေ ကပ်ရမှန်း တပည့်တော် သိပါတယ်။ လက်တစ်ဖက်မအားလို့သာ တစ်ဖက်တည်းနဲ့ကပ်ရခြင်း ဖြစ်ပါတယ်ဘုရား"လို့ ပြန်လျှောက်ထားပါတယ်။

"ကိုရင့် လက်တစ်ဖက်က ဘာဖြစ်လို့ မအားရတာလဲ"လို့ ဆရာမထေရ်က ထပ်မေးပါတယ်။


**ဒီတော့မှ ကိုရင်ငယ်က ဆရာ့အပေါ် ဝိနည်းအပြစ်ရောက်မှာစိုးလို့ တစ်ညလုံး မအိပ်ပဲ စောင့်နေ**ပုံကစပြီး မျက်စိကန်းရတဲ့အထိ အကြောင်းအရာတွေကို ပြန်ပြောင်း ပြောပြပါတယ်။

တပည့် ကိုရင်ငယ်ရဲ့စကားကို ကြားလိုက်ရတဲ့အခါ ဆရာမထေရ်ဟာ အတော် စိတ်မကောင်းဖြစ်သွားပါတယ်။ ချက်ချင်းပင် ခုနစ်နှစ်အရွယ် တပည့် သာမဏေငယ်ကို လက်အုပ်ချီပြီး တောင်းပန်ပါတယ်။

---

[၂၈] ဆရာမထေရ် အိပ်နေစဉ် (၇)နှစ်အရွယ် တပည့်ကိုရင်ငယ်က ဆရာ့ဘေး၌ တစ်ညလုံး မအိပ်ပဲ ထိုင်စောင့်နေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



တပည့်ကလဲ "ဆရာ့မှာ အပြစ်မရှိပါ၊ မိမိရဲ့ဝဋ်ကြွေးကြောင့်သာ မျက်စိကန်းရတာ ဖြစ်ပါ တယ်။ ဒီအတွက်တော့ စိတ်မကောင်း မဖြစ်ပါနဲ့"လို့ ဆရာမထေရ်အား နှစ်သိမ့်စကား ပြောကြားပါတယ်။

ဆရာမထေရ်ဟာ တပည့်ကိုရင်ငယ်ရဲ့ ပစ္စည်းတွေကိုပါ ကိုယ်တိုင်သယ်ဆောင်ပြီး တပည့်ငယ် နှင့်အတူ မြတ်စွာဘုရားထံ ဆက်လက်ထွက်ခွာသွားပါတယ်။

အဲဒီ ကိုရင်ငယ်ဟာ သာမန်ကိုရင်မဟုတ်ဘူး။ ကိုရင်ဝတ် ဖို့ ဆံချစဉ်ကပင် သူ့ဆရာသင်ပေး တဲ့ "ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ"ဒီ ငါးမျိုးကို နှလုံးသွင်း ဆင်ခြင်ယင်း ရဟန္တာ ဖြစ်ခဲ့သူ ပါပဲ။

သူ့ဆရာက သူ့တပည့် ရဟန္တာဖြစ်နေတာကို မသိပါဘူး။ တပည့်ကလဲ မပြောဘူး။ ဆရာကတော့ ပုထုဇဉ်မျှသာ ဖြစ်ပါတယ်။

ရဟန္တာဆိုတာ တရားအဆင့်အတန်းအားဖြင့် ပုထုဇဉ်တက် မနှိုင်းသာ မယှဉ်သာအောင် သာလွန်မြင့်မြတ်ပါတယ်။

ဒါပေမယ့် ကိုရင်ငယ်ဟာ တပည့်ဖြစ်နေတဲ့အတွက် တရားအဆင့်အတန်းအားဖြင့် မိမိအောက် နိမ့်ကျသူ ပုထုဇဉ်ဆရာကိုပင် "ထံနီး လုပ်ကျွေး"ဆိုတဲ့ တပည့်ဝတ္တရားနှင့်အညီ ရိုရိုသေသေ ပြုစုလုပ် ကျွေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါဟာ တပည့်များအနေနဲ့ အင်မတန် အတုယူစရာပါပဲ။

http://www.dhammadownload.com



ဆရာမ့ထေရ်ဟာ သူ့တပည့် ရဟန္တာဖြစ်နေမှန်း ဘုရားထံမှောက်ရောက်လို့ မြတ်စွာဘုရားက ပြောမှပဲ သိပါတော့တယ်။ သူလဲ သတိသံဝေဂ ရသွားတယ်။ မြတ်စွာဘုရား ဟောကြားတဲ့ တရားတော်ကို နာယူပြီးနောက် ရဟန္တာအဖြစ် ရောက်ရှိသွားပါတယ်။

ဒီဝတ္ထုပါ ရဟန္တာကိုရင်ငယ်ရဲ့အဖြစ်ကိုကြည့်ယင် တပည့်ဖြစ်သူဟာ တပည့်ဝတ္တရားနှင့်အညီ ပြုကျင့်နေထိုင် ရတယ်ဆိုတာ ပြောစရာမလိုအောင် ထင်ရှားပါတယ်။

## သင်တွေးအံ့ရှတ်

အတတ်ပညာသင်ယူရာမှာ ဆရာသမားများဟာ နည်းပေး ညွှန်ပြရုံလောက်သာ တတ်နိုင်ပါတယ်။ တကယ်တမ်း ပညာတတ်မြောက်အောင် ကြိုးစားဖို့ကတော့ တပည့်များမှာ တာဝန် အများဆုံး ရှိနေပါတယ်။

ဒါ့ကြောင့် တပည့်များဟာ မတတ်သေးတဲ့ပညာကို တတ်အောင် သင်ယူရမယ်။ တတ်ပြီး သင်ယူပြီး ပညာများကိုလဲ ပျောက်မသွားအောင်၊ မေ့မသွားအောင် အရကျက်သင့်ယင် ကျက်ရမယ်။ ရေးမှတ်သင့်ယင် ရေးမှတ်ရမယ်။ ပြန်ပြီး ရွတ်ဖတ်သင့်ယင် ရွတ်ဖတ်ရမယ်။ အလေ့အကျင့်လုပ်သင့်ယင် လုပ်ရမယ်။ အဓိပ္ပါယ်မပေါက်သေးယင်လဲ မေးမြန်းရမယ်။ ထပ်ကာထပ်ကာ တွေးတောကြံဆရမယ်။

ဒီလို သင်ယူ၊ ကြံဆ၊ ပြန်လှန်လေ့ကျင့် ရွတ်ဖတ်ခြင်းစတဲ့ အလုပ်တွေဟာ ပညာတတ်မြောက်လိုသူတပည့်တိုင်း မလွှဲမသွေပြုလုပ်ရမည့် တပည့်ကျင့်ဝတ်တစ်ပါးပင် ဖြစ်ပါတယ်။

http://www.dhammadownload.com



မြတ်စွာဘုရားလက်ထက်က သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလရဲ့ တောင်းပန် လျှောက်ထားချက်အရ ရှင်အာနန္ဒာဟာ မင်းနန်းတော်မှာ မိဖုရားများအား တရားပေစာ သင်ပြပို့ချပေးရပါတယ်။

တရားပေစာ အတူသင်ယူကြသူ မလ္လိကာ မိဖုရားနှင့် ဝါသဘခတ္တိယာမိဖုရား နှစ်ပါးတို့အနက် မလ္လိကာသာ ရိုရိုသေသေ သင်ယူတယ်။ ရိုရိုသေသေရွတ်အံတယ်။ အကျဉ်းချုပ် အလွတ်ဆိုပြနိုင်တယ်။ ဝါသဘခတ္တိယာကတော့ ရိုရိုသေသေလဲ မသင်ယူ၊ ပြန်လဲ မအံ၊ ရလဲ မရဘူးတဲ့။

တစ်နေ့မှာ မြတ်စွာဘုရားက ရှင်အာနန္ဒာအား သူ့တပည့်မများရဲ့ တရားပေစာ သင်ယူမှု အခြေအနေကို မေးမြန်းတော်မူပါတယ်။ ရှင်အာနန္ဒာကလဲ မလ္လိကာနှင့် ဝါသဘခတ္တိယာတို့ရဲ့ တရားပေစာ သင်ယူပုံ အခြေအနေစုံကို အကုန်ပြန်လည် လျှောက်ထားပါတယ်။


အဲဒီအခါ မြတ်စွာဘုရားက "ချစ်သား အာနန္ဒာ၊ တရားပေစာ သင်ယူသူဟာ ရိုရိုသေသေ မသင်ယူယင်၊ ကိုယ်တိုင် ပြန်မရွတ်အံယင်၊ အကျဉ်းချုပ် အရ မကျက်ဘူးဆိုယင် အကျိုးမဖြစ်ထွန်းနိုင်ဘူး" လို့ မိန့်ကြားတော်မူပါတယ်။

မြတ်စွာဘုရားရဲ့ ဒီစကားတော်အရ "သင်တွေးအံရွတ်" ဆိုတဲ့ တပည့်ဝတ်ဟာ ပညာတတ်မြောက်ရေးမှာ အဓိက အရေးပါတယ်ဆိုတာ သတိပြုသင့်ပါတယ်။

---

[၂၉] ရှင်အာနန္ဒာမထေရ်က မလ္လိကာနှင့် ဝါသဘခတ္တိယာ မိဖုရားတို့အား နန်းတော်မှာ တရားပေစာ သင်ပြပေးနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



ကဲ . . . တပည့်ဖြစ်ယင် တပည့်ဝတ္တရား ငါးပါးနဲ့အညီ ပြုကျင့်နေထိုင်သွားကြဖို့ တိုက်တွန်းပြောကြားလာလိုက်တာ စကားကြောတောင် အတော်လေးရှည်သွားပြီ။ နိဂုံးချုပ်ဆောင်ပုဒ် ကဗျာလေးတွေ ဆိုပြီး တစ်ခန်းရပ်ကြဦးစို့။

**တပည့်ကျင့်ရန် ဆောင်ပုဒ်ညွှန်**

တပည့်ကျင့်ရာ-ငါးဖြာဝတ်ကို၊ အကုန်မလွတ်-ကျင့်ရမယ်။
ဆရာလာယင်-အမြန်ထလို့၊ ရွှင်ရွှင်ပျပျ-ဆီးကြိုကွယ်။
ခိုင်းစေပြန်ယင်-မခိုကပ်နဲ့၊ ကြည်သာလေးမြတ်-လုပ်ပေးကွယ်။
လိမ္မာစေရန်-ဆုံးမစကားကို၊ ရိုသေလေးစား-နာယူကွယ်။
စည်းကမ်းလိုက်နာ-သင်ယူကြလို့၊ ညီညာထကြွ-ရှိရမယ်။
သင်ပြီးပညာ-မပျောက်ရအောင်၊ ပြန်အံတွေးဆ-လေ့ကျင့်ကွယ်။
တပည့်ဝတ်မှာ-အဲဒါပဲကွဲ့၊ အသည်းစွဲအောင်-မှတ်ကြကွယ်။
မှတ်ကွယ် . . . မှတ်ကွယ်။ ။

http://www.dhammadownload.com

## မိတ်ဆွေစစ်၊ တု သိအောင်ပြု

မိတ်ဆွေသင်္ဂဟများ၊ ဆွေမျိုးဉာတိများဟာ မြောက်မျက်နှာအရပ် ဖြစ်ပါတယ်။ ဒီနေရာမှာ မိတ်ဆွေစစ်နှင့် မိတ်ဆွေအတုကို ကွဲကွဲပြားပြား သိထားဖို့ လိုပါတယ်။

မိတ်ဆွေအစစ်က (၁) မိမိအား ကျေးဇူးပြုတတ်သူ၊ (၂) မိမိနှင့် ချမ်းသာအတူ ဆင်းရဲအတူ ဖြစ်သူ၊ (၃) မိမိရဲ့အကျိုးစီးပွားကို ပြောကြားတတ်သူ၊ (၄) မိမိကို အစဉ် သနားတတ်သူရယ်လို့ လေးမျိုး ရှိပါတယ်။

မိတ်ဆွေအတုကလဲ (၁) မိမိထံမှ ယူသာ ယူတတ်သူ၊ (၂) ပါးစပ်ကသာ ပေးတတ်သူ၊ (၃) အကြိုက်လိုက်ပြီး ပြောတတ်သူ၊ (၄) ပျက်စီးကြောင်းမှာ အပေါင်းအဖော် ဖြစ်သူရယ်လို့ လေးမျိုးပင် ရှိပါတယ်။

မိတ်ဆွေတုနှင့် မိတ်ဆွေစစ် နှစ်မျိုးအနက် မိတ်ဆွေစစ်ကိုသာ အပေါင်းအဖော် ပြုရမယ်။ မိတ်ဆွေတုကိုတော့ ဝေးဝေးက ရှောင်ကြဉ်ရမယ်လို့ မြတ်စွာဘုရားက ဟောကြားထားပါတယ်။

## မိတ်ဆွေအပေါ် ကျင့်ရန် ဝတ်ငါးတန်

မိတ်ဆွေစစ်၊ မိတ်ဆွေမှန်များအပေါ် အမျိုးကောင်းသားတို့ရဲ့ ပြုကျင့်ရမည့် လူ့ကျင့်ဝတ် တရားမှာ ငါးပါးဖြစ်ပါတယ်။ သူတို့က ဘာတွေလဲလို့ဆိုတော့ . . .

http://www.dhammadownload.com



(၁) မိတ်ဆွေစစ်များအား ပေးကမ်းစွန့်ကြဲခြင်း
(၂) ချစ်ဖွယ်စကားကို ပြောကြားခြင်း
(၃) သူ့အကျိုးစီးပွားကို ကျင့်ဆောင်ခြင်း
(၄) တန်းတူရည်တူ ဆက်ဆံခြင်း
(၅) မှန်မှန်ကန်ကန် ပွင့်ပွင့်လင်းလင်း ပြောဆိုခြင်းတို့ဖြစ်ကြပါတယ်။

ဒီ မိတ်ဆွေအပေါ် ပြုကျင့်ရမည့် ဝတ္တရားငါးပါးကိုပင် ရှေးပညာရှိ စာဆိုအကျော် ဆရာတော်ကြီးတစ်ပါးက "မိတ်ဆွေကျင့်ဝတ်"လို့ မှတ်ရလွယ်အောင် အမည်ပေးထားခဲ့ဟန်တူပါတယ်။ နိဂုံးဆောင်ပုဒ်ကလဲ မိတ်ဆွေကျင့်ဝတ် အမည်နှင့်ပဲ ဖော်ပြသွားပါမယ်။

**မိတ်ဆွေတုန့်ပြန် ပြုကျင့်ရန်**

အထက်ဖော်ပြပါ ဝတ္တရား ငါးပါးနှင့်အညီ ပြုကျင့်တာကို ခံယူရသူ မိတ်ဆွေစစ်ကလဲ ပြုကျင့်လာသူအပေါ် တုန့်ပြန်ပြုကျင့်ရမည့် ဝတ္တရားမှာ ငါးပါးပင် ဖြစ်ပါတယ်။ သူတို့က ဘာတွေလဲလို့ဆိုယင် . . .

(၁) မူးယစ်သော မိတ်ဆွေကို စောင့်ရှောက်ပေးခြင်း
(၂) မူးယစ်သော မိတ်ဆွေရဲ့ပစ္စည်းကို စောင့်ရှောက်ပေးခြင်း

http://www.dhammadownload.com



(၃) ကြောက်ရွံ့နေသူ မိတ်ဆွေရဲ့ အားကိုးရာဖြစ်ခြင်း
(၄) ဘေးရန်တွေ့နေသူ မိတ်ဆွေကို စွန့်ပစ်မသွားခြင်း
(၅) မိတ်ဆွေရဲ့ သားမြေး အဆက်ဆက်တို့ကို တုန့်ပြန်ချီးမြှောက်ခြင်းတို့ဖြစ်ကြပါတယ်။

ဒီလို မိတ်ဆွေစစ် မိတ်ဆွေမှန်များဟာ အချင်းချင်း အပြန်အလှန် မိမိ ဝတ္တရားနှင့်အညီ ပြုကျင့်နေထိုင်သွားကြမယ်ဆိုယင် တစ်ဦးကြောင့် အခြားတစ်ဦးမှာ အပြစ်မရောက်နိုင်ပါဘူး။ ဒါဟာ မြောက်အရပ်မျက်နှာကို လုံခြုံစေခြင်းပါပဲ။

## အစစ်မိတ်ဆွေ ပေါင်းဖော်လေ

အမျိုးကောင်းသားဟာ မိတ်ဆွေစစ်များအပေါ် ပြုကျင့်ရမည့် လူ့ကျင့်ဝတ်နှင့်အညီ ပြုကျင့်ခဲ့လို့ တစ်ဘက်မိတ်ဆွေစစ်က ပြန်လည်ကျေးဇူးပြုခဲ့ပုံ၊ မိတ်ဆွေစစ်နှင့် ပေါင်းဖော်သင့်ပုံ ဖော်ပြတဲ့ သာကေဝတ္ထုလေး ဆက်ကြဦးစို့။

ငါးရာ့ငါးဆယ် ဇာတ်ပါဠိ ကာဠကဏ္ဏီဇာတ်မှာ ဘုရားအလောင်းဟာ ဗာရာဏသီပြည်ဝယ် သူဌေးကြီးတစ်ဦး ဖြစ်ခဲ့ဖူးပါတယ်။

သူ့မှာ ကာဠကဏ္ဏီအမည်ရှိတဲ့ မိတ်ဆွေသူဌေးတစ်ဦးလဲရှိပါတယ်။ အဲဒီ မိတ်ဆွေ သူဌေးဟာ နောင်အခါမှာ ကံမကောင်း အကြောင်းမလှလို့ ဆင်းရဲသွားရှာပါတယ်။ ဘယ်လိုမှ လုပ်ကိုင် စားသောက်လို့ အဆင်မပြေတာနဲ့ ဘုရားအလောင်းထံ ရောက်လာပါတယ်။

http://www.dhammadownload.com



ကာဋကဏ္ဍီ ဆိုတာ "သူယုတ်" လို့ အဓိပ္ပာယ်ရတယ်။ ဘုရားအလောင်းရဲ့ လူများက သူယုတ်ကို လက်မခံဖို့ ဝိုင်းပြောကြပါတယ်။ ဒါပေမယ့် သူတို့ စကားကို ဘုရားအလောင်းက လက်မခံဘူး။

ဘုရားအလောင်းဟာ မိတ်ဆွေဝတ္တရားနှင့်အညီ သူ့ကို ချီးမြှောက်ပါတယ်။ ကာဋကဏ္ဍီအား ပစ္စည်းများကို စောင့်ရှောက်ဖို့ ခိုင်းပြီး လစာရိက္ခာပေးထားပါတယ်။

တစ်ညမှာ ဘုရားအလောင်း မရှိခိုက် ခိုးသား ဒမြများဟာ ပစ္စည်းလုယက်ဖို့ သူဌေးအိမ် ရောက်လာကြတယ်။ ဒါပေမယ့် မအိပ်ပဲ စောင့်နေတဲ့ မိတ်ဆွေစစ် ကာဋကဏ္ဍီက အိမ်သားများကို "ခရုသင်း မှုတ်ကြပါ။ မုရိုးစည် တီးကြပါ" စသည်ဖြင့် အော်ဟစ်ပြီး နှိုးပါတယ်။

ဒီလို ကာဋကဏ္ဍီရဲ့ အော်နှိုးသံကြားရတဲ့ ခိုးသားဒမြတွေဟာ သူဌေးကြီးကိုယ်တိုင် ရှိတယ် ထင်ပြီး ပါလာတဲ့ လက်နက်တွေကို ပစ်ချခဲ့ကာ လက်လွတ်ထွက်ပြေးသွားကြပါတယ်။

မနက်လင်းတော့ သူဌေးရဲ့ လူများက ဒီလက်နက်တွေကို တွေ့သွားကြတယ်။ ကာဋကဏ္ဍီရဲ့ ကျေးဇူးကြောင့် သူတို့ သူဌေးကြီးရဲ့ ပစ္စည်းများ မဆုံးရှုံးရတာဖြစ်ကြောင်း သိသွားကြပါတယ်။

---

[၃၀] သူဌေးကြီး မရှိစဉ် တစ်ညလုံး မအိပ်ပဲ စောင့်ရှောက်နေသူ ကာဋကဏ္ဍီကြောင့် လုယက်ဖို့လာသူ ခိုးသားဒမြများ လက်လွတ်ထွက်ပြေးကြရပုံ။

http://www.dhammadownload.com



http://www.dhammadownload.com



ဒီဝတ္ထုမှာ ဘုရားအလောင်း သူဌေးကြီးဟာ မိတ်ဆွေစစ်ဖြစ်သူ ကာဠကဏ္ဏိသူဌေးဟောင်းကို မိတ်ဆွေကောင်းတို့ရဲ့ ဝတ္တရားနှင့်အညီ ချီးမြှောက်ပေးကမ်းကူညီခဲ့တယ်။ ကာဠကဏ္ဏိကလဲ သူဌေးကြီးကို ကျေးဇူးတုန့်ပြန်ခဲ့တယ်ဆိုတာ တွေ့ရပါတယ်။

ဒါ့ကြောင့် မိတ်ဆွေစစ်မိတ်ဆွေမှန်များအပေါ် ပြုကျင့်ဖွယ် လူ့ကျင့်ဝတ်တရားများနှင့်အညီ ပြုကျင့်နေထိုင်တာဟာ နှစ်ဦးနှစ်ဝ အကျိုးရရှိနိုင်တယ်ဆိုတာ သတိပြုပြီး လိုက်နာကျင့်ကြံ သင့်ကြပါတယ်။

ကဲ . . . မိတ်ဆွေသင်္ဂဟများအပေါ် ပြုကျင့်ရမည့် လူ့ကျင့်ဝတ်တရားနှင့်အညီ ပြုကျင့်နေထိုင်သွားကြဖို့ တိုက်တွန်းပြောကြားလာတဲ့ စကားကတော့ ဒီမျှနှင့်ပဲ တော်လောက်ပါပြီ။ နိဂုံးချုပ်ဆောင်ပုဒ် ကဗျာလေးတွေဆိုပြီး တစ်ခန်းရပ်ကြဦးစို့။

**မိတ်ဆွေကျင့်ရာ ဝတ်ငါးဖြာ**

မိတ်ဆွေကျင့်ရာ-ငါးဖြာဝတ်ကို၊ သေချာမှတ်ဖို့-ဖော်ပြမယ်။
ပေးကမ်းသင့်ယင်-ပေးစွန့်ကြလို့၊ ချီးမြှောက်သင့်လဲ-ချီးမြှောက်ကွယ်။
ပြောဆိုပြန်ယင်-နားဝင်မခါးအောင်၊ သကာပျားလို-ချိုစေကွယ်။
သူ့အကျိုးကို-ကျင့်ဆောင်ရွက်လို့၊ အကျိုးပျက်အောင်-မပြုနဲ့ကွယ်။
ဆက်ဆံရာမှာ-တန်းတူထားလို့၊ ချစ်ခင်လေးစား-ဆက်ဆံကွယ်။

http://www.dhammadownload.com



မှန်ရာကိုသာ-ပြောဆိုခြင်းဖြင့်၊ ပွင့်ပွင့်လင်းလင်း-ရှိရမယ်။
မိတ်ဆွေဝတ်မှာ-အဲဒါပဲကွဲ့၊ အသည်းစွဲအောင်-မှတ်ကြကွယ်။
မှတ်ကွယ် . . . မှတ်ကွယ်။ ။

## သခင် နှင့် ကျွန်

မိမိရဲ့လက်အောက်ခံ ကျေးကျွန်များဟာ အောက်အရပ်မျက်နှာ မည်ပါတယ်။ ကျေးကျွန်များအပေါ် ပြုကျင့်ရမည့် ဝတ္တရားနှင့်အညီ ပြုကျင့်နေထိုင်ယင် အောက်အရပ်ကို လုံခြုံအောင် ပြုခြင်းဖြစ်ပါတယ်။

ဒီနေရာမှာ မြတ်စွာဘုရားက သခင်ကျင့်ဝတ်နှင့် ကျွန်ကျင့်ဝတ်များကို ဟောကြားထားပါတယ်။ ဒီကျင့်ဝတ်များကို မြတ်စွာဘုရားဟောကြားချိန်က သခင်လူတန်းစားနှင့် ကျွန်လူတန်းစားဟာ တကယ်ရှိနေပါတယ်။

ဒါကြောင့် တကယ်ရှိနေတဲ့ လူတန်းစားအချင်းချင်း အပြန်အလှန် အကျိုးရှိရှိ ဆက်ဆံနေနိုင်ကြစေရန် ဟိုခေတ် အခြေအနေအရ ဟာကွက်မရှိအောင် ဟောကြားတဲ့အနေနဲ့ ဒီ သခင်ကျင့်ဝတ်၊ ကျွန်ကျင့်ဝတ်တွေကို မြတ်စွာဘုရား ဟောကြားခဲ့ဟန်တူပါတယ်။

http://www.dhammadownload.com


ဒီခေတ်မှာတော့ သခင်လူတန်းစား၊ ကျွန်လူတန်းစားရယ်လို့ မရှိတော့ပါဘူး။ မြို့ကြီးပြကြီးတွေမှာ "အိမ်ရှင်နှင့် အိမ်ဖော်"လောက်သာ အနည်းအကျဉ်းရှိပါတော့တယ်။ ဒါကြောင့် သခင်ကျင့်ဝတ်၊ ကျွန်ကျင့်ဝတ်တွေကို အသေးစိတ် ဖော်ပြဖို့ မလိုတော့ပါဘူး။

ဒါပေမယ့် မြတ်စွာဘုရားခေတ်က လူ့ဘောင်အဖွဲ့အစည်းအကြောင်း တစေ့တစောင်း အကဲခတ်လေ့လာလိုသူများအတွက် လေ့လာနိုင်ရန် အနည်းငယ် ဖော်ပြပါဦးမယ်။

## သခင်ကျင့်ရာ ဝတ်ငါးဖြာ

အရှင်သခင်က လက်အောက်ခံ ကျေးကျွန်များအပေါ် ပြုကျင့်ရမည့် ဝတ္တရားများမှာ အောက်ပါအတိုင်း ငါးပါးဖြစ်ပါတယ်။

(၁) ခွန်အားနှင့်တန်ရုံ အလုပ်ကိုသာ ခိုင်းစေရခြင်း။
(၂) ထမင်းရိက္ခာ အလုံအလောက် ပေးရခြင်း။
(၃) မကျန်းမမာဖြစ်ယင် ဆေးဝါးကုသပေးရခြင်း။
(၄) စားစရာ အထူးအဆန်းရလာယင် ခွဲဝေပေးရခြင်း။
(၅) အားလပ်ခွင့် ပေးသင့်ချိန်မှာ ပေးရခြင်းနှင့် အဝတ်တန်ဆာ ပေးရခြင်း တို့ဖြစ်ကြပါတယ်။

http://www.dhammadownload.com


## ကျွန်တို့ကျင့်ရာ ဝတ်ငါးဖြာ

ကျေးကျွန်များက အရှင်သခင်များအပေါ် ပြုကျင့်ရမည့် ဝတ္တရားမှာလဲ အောက်ပါအတိုင်း ငါးပါးပင် ဖြစ်ပါတယ်။

(၁) သခင်မထမီ အိပ်ရာမှ ထရခြင်း။
(၂) သခင်အိပ်ပြီးမှ အိပ်ရခြင်း။
(၃) သခင်က ပေးမှသာ ယူရခြင်း။
(၄) အမှုကိစ္စများကို ကောင်းစွာ ပြုလုပ်ရခြင်း။
(၅) အရှင်သခင်ရဲ့ ကောင်းသတင်းကိုသာ ပြောဆိုကြရခြင်းတို့ဖြစ်ကြပါတယ်။

ကဲ . . . သခင်ကျင့်ဝတ်၊ ကျွန်ကျင့်ဝတ်တွေကိုတော့ ခေတ်အခြေအနေအရ ဒီလောက်နှင့်ပဲ ရပ်ကြဦးစို့။

http://www.dhammadownload.com


## ရဟန်းဆရာ နှင့် တပည့်ဒကာ

အကျင့်သီလနှင့်ပြည့်စုံတဲ့ (ရသေ့) ရဟန်းတော်များဟာ အထက်အရပ်မျက်နှာမည်ပါတယ်။

ရဟန်းတော်တို့ဟာ မိမိတို့ထံ ဆည်းကပ်လာသူ လူဝတ်ကြောင်များအား ဘာသာရေးအသိပညာသင်ပြပေးလို့ လူများရဲ့ဆရာဖြစ်တယ်။ အကျင့်သီလအားဖြင့်လဲ လူတို့ထက် မြင့်မြတ်တယ်။

လူများဟာ အကျင့်သီလနှင့်ပြည့်စုံသူ ရဟန်းတော်များအား ကိုးကွယ်ဆည်းကပ် လှူတန်းခြင်းဖြင့် လူချမ်းသာ နတ်ချမ်းသာအပြင် နိဗ္ဗာန်ချမ်းသာအထိ ရနိုင်ပါတယ်။ ဒါ့ကြောင့် ရဟန်းတော်များဟာ လူပုဂ္ဂိုလ်များရဲ့ ကျေးဇူးရှင်များလဲ ဖြစ်ကြပါတယ်။

ဒီလို မိမိတို့ရဲ့ကျေးဇူးရှင် ဆရာရဟန်းတော်မြတ်များအပေါ် ပြုကျင့်ရမည့် လူ့ကျင့်ဝတ်တရားနှင့်အညီ ပြုကျင့်နေထိုင်တာဟာ အထက်အရပ်မျက်နှာကို ရှိခိုးခြင်းလဲ မည်ပါတယ်။ လုံခြုံအောင်ပြုခြင်းလဲ မည်ပါတယ်။

ဒကာဆိုတာ "ဒါယကာ"ဆိုတဲ့ ပါဠိက ဆင်းသက်လာတဲ့ ပါဠိပျက်စကားပဲ။ "ပေးလှူသူအမျိုးသား"လို့ ဆိုတယ်။ "ဒကာမ"ဆိုတာ ဒါယိကာမဆိုတဲ့ ပါဠိမှ ဆင်းသက်လာတဲ့ ပါဠိပျက်စကားဖြစ်တယ်။ "ပေးလှူသူ အမျိုးသမီး"တဲ့။ လူများဟာ ရဟန်းတော်များအား လိုအပ်တဲ့ဝတ္ထုပစ္စည်းများကို လှူဒါန်းလို့ ရဟန်းတော်များရဲ့ ဒကာ၊ ဒကာမများ မည်ကြပါတယ်။

http://www.dhammadownload.com



“ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး” ဒီပစ္စည်းလေးပါးဟာ ရဟန်းတော်များအတွက် မရှိမဖြစ်လိုအပ်တဲ့ပစ္စည်းများ ဖြစ်ပါတယ်။ ရဟန်းတော်များဟာ ဒီပစ္စည်းလေးပါး ပြည့်စုံပါမှ သာသနာ့တာဝန်ကို စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ထမ်းဆောင်နိုင်ကြပါတယ်။

ဒီလို ထမ်းဆောင်နိုင်ကြစေရန် ရဟန်းတော်များအား လိုအပ်တဲ့ပစ္စည်းများကို ဒကာ၊ ဒကာမများက မိမိတို့ ပင်ပင်ပန်းပန်းရှာဖွေရရှိတဲ့ ပစ္စည်းများထဲမှ ခြိုးခြံချွေတာကာ လှူဒါန်းကြခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒကာ၊ ဒကာမများရဲ့ ကျေးဇူးဟာလဲ ရဟန်းတော်များ အပေါ်မှာ တည်ရှိပါတယ်။

ဒီလို မိမိတို့အား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းခြင်းဖြင့် ကျေးဇူးပြုကြသူ ဒကာ၊ ဒကာမများအပေါ် ပြုကျင့်ရမည့် ရဟန်းဝတ္တရားနှင့်အညီ ပြုကျင့်နေထိုင်ယင် ရဟန်းတော်များမှာ မိမိတို့လဲ ကျေးဇူးကြေးကျေတယ်။ ဒကာ၊ ဒကာမများအတွက်လဲ အကျိုးအမြတ်ထွက်ပါတယ်။

## ရဟန်းကျင့်ရာ ဝတ်ခြောက်ဖြာ

မိမိတို့အား ကိုးကွယ်ဆည်းကပ်သူ၊ မိမိတို့အား ပစ္စည်းလေးပါးလှူဒါန်းသူ တပည့်ဒကာ၊ ဒကာမများအပေါ် ရဟန်းတော်များက ပြုကျင့်ရမည့်ကျင့်ဝတ်တရားမှာ ခြောက်ပါးဖြစ်ပါတယ်။ သူတို့ကဘာတွေလဲဆိုယင် . . .

http://www.dhammadownload.com



(၁) မကောင်းမှုမှ တားမြစ်ခြင်း။
(၂) ကောင်းမှုပြုရန် တိုက်တွန်းအားပေးခြင်း။
(၃) ကောင်းသောစိတ်ဖြင့် စောင့်ရှောက်ခြင်း။
(၄) မဟောရသေးသော တရားအသစ်ကို ဟောပြောပြသခြင်း။
(၅) အဓိပ္ပာယ်ပိုရှင်းသွားအောင် ဟောပြီးတရားကိုလဲ ထပ်ဟောပြခြင်း။
(၆) နတ်ပြည်ရောက်ရန် ခရီးလမ်းမှန်ကို ပြောကြားခြင်းတို့ဖြစ်ကြပါတယ်။

## ရဟန်းကျေးဇူးကြောင့် ချည်းခိမ်ထူးရသူ

အကျင့်သီလနဲ့ပြည့်စုံတဲ့ ဆရာရဟန်းတော်မြတ်များဟာ မိမိတို့အား လှူဒါန်းသူ ဖြစ်စေ၊ မလှူဒါန်းသူဖြစ်စေ ရဟန်းဝတ္တရားနှင့်အညီ ပြုကျင့်ဖို့ကြံလာယင် ပြုကျင့်ချီးမြှောက်ကြမြဲ ဖြစ်ပါတယ်။ ဒီလို ရဟန်းဆရာကောင်းများကို အမှီရလို့ ကောင်းကျိုးရသွားတဲ့ သာဓကတွေဟာလဲ အများအပြားပင် ရှိပါတယ်။

မြတ်စွာဘုရားလက်ထက်က ရာဇဂြိုဟ်ပြည်မှာ စဏ္ဍာလီအမည်ရှိတဲ့ သူတောင်းစားအိုမကြီး တစ်ဦးရှိခဲ့ဖူးပါတယ်။ သူဟာ အမျိုးကလဲ ညံ့၊ အကြားအမြင်ကလဲ နည်းတဲ့အပြင် တစ်နေ့တောင်းရမှ တစ်နေ့စားရသူဖြစ်လို့ တစ်သက်လုံး ဘာအလှူအတန်းမှ မပြုနိုင်ခဲ့ဘူး။ ဘုရားမှန်း တရားမှန်းတောင် သိပုံ မပေါ်ပါဘူး။

http://www.dhammadownload.com


တစ်နေ့နံနက်မှာ မြတ်စွာဘုရားဟာ ထုံးစံအတိုင်း လောကကို ရွှေဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူတဲ့အခါ စဏ္ဍာလီ သူတောင်းစားမကြီးကို မြင်တော်မူပါတယ်။ ဒီအဘွားအိုကြီးဟာ မကြာမီ သေပြီး ငရဲကျမယ်ဆိုတာလဲ သိတော်မူပါတယ်။ ဒီဒကာမကြီး ကုသိုလ်ရပြီး ငရဲမကျအောင် ချီးမြှောက်ဖို့ မြတ်စွာဘုရား အကြံတော်ဖြစ်လာပါတယ်။

ဒါနဲ့ မြတ်စွာဘုရားဟာ ရဟန်းတော်များနဲ့အတူ ဝေဠုဝန်ကျောင်းတော်မှ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွဝင်တော်မူလာပါတယ်။ လမ်းပေါ်မှာ စဏ္ဍာလီအဘွားကြီးနဲ့ ရင်ဆိုင်တိုးမိပါတယ်။ မြတ်စွာဘုရား ရပ်တော်မူတဲ့အခါ အဘွားအိုကလဲ ဘုရားရှေ့တော်မှာ ရပ်နေပါတယ်။ သူဟာ ဘုရားမှန်း ရှိခိုးရမှန်းလဲ မသိပါဘူး။

အဲဒီအခါ ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်က စဏ္ဍာလီအား "အဘွားအိုကြီး၊ အခု သင့်ရှေ့မှာရပ်တော်မူနေတဲ့ အရှင်မြတ်ဟာ လူ၊ နတ်၊ ဗြဟ္မာ-သတ္တဝါအားလုံးရဲ့ ရှိခိုးခံထိုက်တဲ့ မြတ်စွာဘုရားဖြစ်တယ်။ သင့်ကို ချီးမြှောက်ဖို့ ကြွလာတော်မူတာ ဖြစ်တယ်။ သင်ဟာ မကြာခင် သေတော့မယ်၊ ကုသိုလ်ရအောင် မြတ်စွာဘုရားရဲ့ ခြေတော်အစုံ ကြာပဒုံကို မြန်မြန်ဦးတိုက် ရှိခိုးလိုက်ပါ"ဆိုတဲ့ စကားမျိုးနဲ့ သတိပေးညွှန်ကြားတော်မူပါတယ်။

ဒါဟာ 'မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်'ဆိုတဲ့ ရဟန်းဝတ္တရားနှင့်အညီ ပြုကျင့်ခြင်းပါပဲ။

ဒီတော့မှ သူတောင်းစားအိုမကြီးလဲ ဘုရားမှန်း၊ ရှိခိုးရမှန်းသိသွားတယ်။ တုန်တုန်ရီရီနဲ့ထိုင်ပြီး ရိုရိုသေသေရှိခိုးပါတယ်။ မကြာမီသေရတော့မယ်ဆိုတာ ကြားရလို့ ကြောက်သွားဟန်လဲတူပါတယ်။

ဒီဒကာမကြီး ရှိခိုးပြီးတော့မှ မြတ်စွာဘုရားလဲ ဆက်ကြွသွားတော်မူပါတယ်။ စဏ္ဍာလီဟာ မြတ်စွာဘုရားရဲ့ဂုဏ်ကို အာရုံပြုပြီး လက်အုပ်ချီရပ်နေစဉ် လန့်ပြေးလာတဲ့ နွားသားအုပ်မတစ်ကောင်ရဲ့ ဝင်ဝှေ့တာခံရပြီး အနိစ္စရောက်သွားရှာပါတယ်။

သူဟာ ချက်ချင်းပင် တာဝတိံသာနတ်ပြည်မှာ စဏ္ဍာလီအမည်နှင့်ပဲ ဗိမာန်ရှင် နတ်သမီးသွားဖြစ်ပါတယ်။ သူ့မှာ အခြွေအရံ နတ်သမီးပေါင်း တစ်သိန်းရှိတယ်။ ဒီ နတ်သမီးတွေထက် ကိုယ်ရောင်ကိုယ်ဝါကစပြီး အစစအရာရာ သူက သာလွန်တယ်။

စဏ္ဍာလီနတ်သမီးဟာ သူ့ရဲ့စည်းစိမ်ချမ်းသာ ရရှိတဲ့အကြောင်း ပြန်ပြောင်း ဆင်ခြင်ကြည့်တဲ့အခါ ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ရဲ့ ကျေးဇူးကြောင့်ဖြစ်တယ်ဆိုတာ သိလာပါတယ်။

ဒါနဲ့ နတ်ဗိမာန်နှင့်တကွ အခြံအရံ နတ်သမီးတွေကိုပါ ခေါ်ပြီး လူ့ပြည်ဆင်းလာတယ်။ ရှင်မဟာမောဂ္ဂလာန်ကို ရိုသေစွာ ရှိခိုးပါတယ်။ အရှင်မြတ်ရဲ့ကျေးဇူးကြောင့် နတ်စည်းစိမ်ကို ရတဲ့အကြောင်း ပြန်ပြောင်းလျှောက်ထားသွားပါတယ်။

ဒီစဏ္ဍာလီဟာ လူ့ဘဝတုန်းက တစ်သက်လုံး ဘာကုသိုလ်မှ ပြုခဲ့ဖူးတာ မဟုတ်ပါဘူး။ သေခါနီးမှသာ မြတ်စွာဘုရားကို ရှိခိုးခွင့်ရပြီး ဒီလို ကြီးကျယ်တဲ့ နတ်စည်းစိမ်ကို ရရှိသွားခြင်း ဖြစ်ပါတယ်။

---

[၃၁] ရှင်မဟာမောဂ္ဂလာန်၏ သတိပေးတိုက်တွန်းမှုကြောင့် သူတောင်းစားအိုမကြီးက မြတ်စွာဘုရားအား ဦးချရှိခိုးနေပုံ။

http://www.dhammadownload.com



http://www.dhammadownload.com


ဒါဟာ "နတ်ထံတင်စေ မေတ္တာဝေ" ဆိုတဲ့ ရဟန်း ဝတ္တရားနှင့်အညီ ပြုကျင့်တော်မူတဲ့ ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကို အမှီရခဲ့လို့ ဖြစ်ပါတယ်။ ဒီနတ်သမီးဟာ ရဟန်းကျေးဇူးကြောင့် စည်းစိမ် ထူး ရသွားသူများအနက် တစ်ဦးမျှသာ ဖြစ်ပါသေးတယ်။

ဒါကြောင့် ရဟန်းတော်များလဲ ရဟန်းဝတ္တရားနှင့်အညီ ကျင့်ကြံမယ်ဆိုယင် မိမိတို့အတွက်လဲ ဝတ္တရားကျေ၊ ဒကာ, ဒကာမတွေအတွက်လဲ အကျိုးအမြတ် ထွက်နိုင်ကြောင်း ထင်ရှားပါတယ်။

ကဲ . . . ရဟန်းကျင့်ဝတ်ဆိုင်ရာ နိဂုံးချုပ်ဆောင်ပုဒ်ကဗျာလေးတွေ ဆိုပြီး ရပ်နားကြဦးစို့။

### ရဟန်းကျင့်ရန် ဆောင်ပုဒ်ညွှန်

ရဟန်းကျင့်ရာ-ခြောက်ဖြာဝတ်ကို၊ သေချာမှတ်ဖို့-ဖော်ပြမယ်။
မကောင်းမှုဆို-ရှောင်ကြဉ်သွားဖို့၊ ဆုံးမမြစ်တား-ပြောရမယ်။
ကောင်းမှုဆိုယင်-ယုံကြည်ပြုဖို့၊ ညွှန်ကြားမှုလဲ-ပြုရမယ်။
တရားသစ်ကို-ကြားနာရအောင်၊ လေ့လာကြံဆ-ဟောရတယ်။
နာဖူးအဓိပ္ပာယ်-ပိုရှင်းသွားအောင်၊ တရားဟောင်းလဲ-ထပ်ဟောတယ်။
နတ်ပြည်ရောက်ရန်-နည်းလမ်းကောင်းကို၊ မတိမ်းစောင်းအောင်-ညွှန်ပြတယ်။

http://www.dhammadownload.com



ဒကာ့အပေါ်-မေတ္တာပွားလို့၊ စောင့်ရှောက်မှုများ-ပြုပါတယ်။
ရဟန်းဝတ်မှာ-အဲဒါပဲကွဲ့၊ အသည်းစွဲအောင်-မှတ်ကြကွယ်။
မှတ်ကွယ် . . . မှတ်ကွယ်။ ။

**ဒါယကာကျင့်ရာ ဝတ်ငါးဖြာ**

မိမိတို့ရဲ့ ကိုးကွယ်ဆည်းကပ်ရာ ဆရာ ရဟန်းတော်မြတ်များအပေါ် ပြုကျင့်ရမည့် ဒကာ့ ဝတ္တရားမှာ ငါးပါးဖြစ်ပါတယ်။ သူတို့က ဘာတွေလဲဆိုတော့ . . .

(၁) မေတ္တာစိတ်ဖြင့် အမှုကြီးငယ်ပြုလုပ်ပေးခြင်း
(၂) မေတ္တာစိတ်ဖြင့် ပြောဆိုနှုတ်ဆက်ခြင်း
(၃) ရဟန်းတော်များအပေါ် မေတ္တာထားခြင်း
(၄) ပစ္စည်းလေးပါးကို အလိုရှိက အလှူခံရန် ဖိတ်ကြားခြင်း
(၅) အလှူခံယင် တတ်စွမ်းသမျှ ပေးလှူခြင်းတို့ဖြစ်ကြပါတယ်။

ဒီကျင့်ဝတ်တရားတွေဟာ ရဟန်းတော်မြတ်များအပေါ် ဒကာ-ဒကာမများ ပြုကျင့်ရမည့် ဘုရားဟော လူ့ကျင့်ဝတ်တရားတွေပါပဲ။

http://www.dhammadownload.com



## ဒကာ့ဝတ္တရား ကျေပွန်သူ

ဒကာဖြစ်သူဟာ ဒကာ့ ဝတ္တရားနဲ့အညီ ပြုကျင့်ပါက ရဟန်းတော်များအတွက်ရော မိမိအတွက်ပါ အကျိုးအမြတ် ထွက်နိုင်ပါတယ်။

မြတ်စွာဘုရားလက်ထက်က သာဝတ္ထိပြည်မှ ပုဏ္ဏားတစ်ဦးဟာ ရဟန်းတော်များ သက်န်းရုံတဲ့နေရာကို တစ်နေ့နံနက်မှာ လာကြည့်ပါတယ်။

အဲဒီနေရာမှာ မြက်ပင်တွေက အတော်ထူထပ်နေတယ်။ မြက်ပင်မှာ ကပ်နေတဲ့ ဆီးနှင်းရေတွေကြောင့် ရဟန်းတော်များရဲ့ သင်္ကန်းအနားများ ရေစိုကုန်တာကို ပုဏ္ဏားက တွေ့ရှိသွားပါတယ်။

ဒါနဲ့ နောက်နေ့ကျတော့ သူ့အိမ်မှ ပေါက်ပြားယူလာပြီး အဲဒီနေရာက မြက်ပင်တွေကို ရှင်းလင်းပစ်တယ်။ မြေညှိပြီး ကောက်နယ်တလင်းလို ကွင်းပြင်ပြောင်ပြောင် စပ်စပ်လေး ပြုလုပ်ပေးပါတယ်။

ဒီပုဏ္ဏားဟာ နောက်တစ်နေ့ကျတော့လဲ ရောက်လာပြန်တယ်။ ရဟန်းတော်များ သင်္ကန်းရုံတာကို ကြည့်နေစဉ် ရဟန်းတော်တစ်ပါးရဲ့ သင်္ကန်းစဟာ မြေပေါ် ကျပြီး ဖုန်ပေသွားတာကို တွေ့ရပြန်တယ်။ ဒါနဲ့ သင်္ကန်းဖုန်မပေအောင် အဲဒီ ကွင်းပြောင်မှာ သဲဖြူ ခင်းပေးပြန်ပါတယ်။

---

[၃၂] ပုဏ္ဏားတစ်ဦးက ရဟန်းတော်များ သင်္ကန်းရုံသောနေရာကို မြက်ရှင်း မြေညှိကာ ဝေယျာဝစ္စ ဆောင်ရွက်ပေးနေပုံ။

http://www.dhammadownload.com



အဲဒီနေရာကို နောက်တစ်နေ့နံနက်ခင်းမှာ သူရောက်လာပြန်တဲ့အခါ နေ အတော်ပူနေပါတယ်။ ရဟန်းတော်များဟာ နေပူထဲမှာ သက်န်းရုံကြရလို့ ကိုယ်ကချွေးတွေထွက်နေတာကို ပုဏ္ဏားမြင်သွားပြန်ပါတယ်။ ဒါနဲ့ ရဟန်းတော်များအတွက် မဏ္ဍပ်ကလေး ဆောက်လုပ်ပေးပြန်တယ်။

ဒီပုဏ္ဏားဟာ ရဟန်းတော်များ သက်န်းရုံတဲ့နေရာကို လာကြည့်ပြီး ရဟန်းတော်များအပေါ် မေတ္တာထားကာ မြက်ရှင်း၊ မြေညှိ၊ မဏ္ဍပ်ဆောက်ပေးခဲ့တယ်။ ဒါဟာ "မေတ္တာစိတ်သက်, ဆောင်ရွက်ချစ်ကြင်" ဆိုတဲ့ ဒကာ့ဝတ္တရားနှင့်အညီ ပြုကျင့်ခြင်း မည်ပါတယ်။

မကြာမီ မိုးပြင်းပြင်းထန်ထန်ရွာသွန်းပါတယ်။ သက်န်းရုံနေတဲ့ ရဟန်းတော်များ သက်န်း ရေစိုကုန်တာကို ပုဏ္ဏားက မြင်သွားပြန်တယ်။

ဒီတစ်ခါတော့ ပုဏ္ဏားဟာ မိုးလုံလေလုံ အခိုင်အမာ ဇရပ်တစ်လုံး ဆောက်လုပ်ပါတယ်။ ပြီးစီးတဲ့အခါ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ရိုရိုသေသေ ပင့်ဆောင်ပြီး ဇရပ်လှူပွဲ ကျင်းပတယ်။ ဆွမ်းဆက်ကပ် လှူဒါန်းတယ်တဲ့။

ဒါဟာလဲ "တွေ့လျှင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ" ဆိုတဲ့ ဒကာ့ ဝတ္တရားနှင့် ညီညွတ်ပါတယ်။

ဒီ အလှူပွဲမှာ ပုဏ္ဏားက သူ သံဃာ့ဝေယျာဝစ္စ စတင် ဆောင်ရွက်ခဲ့ပုံမှစပြီး အလှူပွဲအထိ အကြောင်းအရာတွေကို မြတ်စွာဘုရားအား လျှောက်ထားပါတယ်။ မြတ်စွာဘုရားကလဲ သင့်လျော်တဲ့ အနုမောဒနာတရား ဟောကြားတော်မူပါတယ်။

http://www.dhammadownload.com



အနုမောဒနာတရား ဆိုတာ အလှူနှင့်ပတ်သက်ပြီး အလှူရှင် ကျေနပ် ဝမ်းမြောက်ရအောင် ချီးမြှောက်ဟောကြားတဲ့တရား ဖြစ်ပါတယ်။ တရားအဆုံးမှာ ပုဏ္ဏားဟာ သောတာပန် တည်သွားပါတယ်။

ဒီဝတ္ထုမှာ ပုဏ္ဏားဟာ ရဟန်းတော်များအပေါ် ပြုကျင့်ရမည့် ဒကာ့ဝတ္တရားနှင့်အညီ ပြုကျင့်ခဲ့လို့ ရဟန်းတော်များလဲ လက်ငင်းအကျိုးရှိတယ်။ သူလဲ အပါယ်ဘေးက ကင်းဝေးလွတ်မြောက်တဲ့ သောတာပန်အရိယာအဖြစ် ရောက်ရှိသွားရပါတယ်။

သောတာပန် ဖြစ်ရတယ်ဆိုတာ လူမင်းဖြစ်ရတာ၊ သိကြားမင်းဖြစ်ရတာတို့ထက် သာလွန်မြင့်မြတ်ကြောင်း ရှေ့ပိုင်းမှာ ဖော်ပြခဲ့ပြီးပါပြီ။

ဒါ့ကြောင့် ဒကာဆိုယင် ဒကာ့ဝတ္တရားနှင့်အညီ ပြုကျင့် နေထိုင်သင့်ကြပါတယ်။ ဒီလိုနေထိုင်တာမျိုးဟာ အထက်အရပ်မျက်နှာကို ရှိခိုးခြင်းလဲ မည်ပါတယ်။ လုံခြုံအောင်ပြုခြင်းလဲ မည်ပါတယ်။ ဆိုလိုတာက ဆရာ ရဟန်းကြောင့် တပည့် ဒကာမှာ အပြစ်မဖြစ်ဘူး။ ဒကာကြောင့်လဲ ဆရာရဟန်းမှာ အပြစ်မရောက်ဘူးတဲ့။

ကဲ . . . ဒကာဆိုယင် ဒကာ့ဝတ္တရားနှင့်အညီ ပြုကျင့်နေထိုင်ကြဖို့ တိုက်တွန်းဟောကြားလာတဲ့ တရားကတော့ ဒီမျှနှင့်ပဲ တော်လောက်ပါပြီ။ နိဂုံးချုပ် ဆောင်ပုဒ် ကဗျာလေးတွေ ဆိုပြီး အဆုံးသတ်ကြဦးစို့။

http://www.dhammadownload.com



## ဒါယကာကျင့်ရန် ဆောင်ပုဒ်ညွှန်

ဒကာကျင့်ရာ-ငါးဖြာဝတ်ကို၊ သေချာမှတ်ဖို့-ဖော်ပြမယ်။
ဝတ်ကြီးဝတ်ငယ်-ပြုဖွယ်များကို၊ မေတ္တာရှေ့ထား-ဆောင်ရွက်ကွယ်။
တွေ့ဆုံပြန်သော်-ချိုသာစကားနဲ့၊ နှုတ်ဆက်ပြောကြား-ပြုပါကွယ်။
ရဟန်းအပေါ်-မေတ္တာပွားလို့၊ ကြည်ညိုစိတ်ထား-ရှိရမယ်။
ပစ္စည်းလေးဖြာ-လိုယင်တောင်းဖို့၊ အရှင်ကောင်းကို-ဖိတ်ထားကွယ်။
တောင်းခံလာယင်-လှူဖွယ်များကို၊ တတ်အားသမျှ-ပေးလှူကွယ်။
ဒကာ့ဝတ်မှာ-အဲဒါပဲကွဲ့၊ အသည်းစွဲအောင်-မှတ်ကြကွယ်။
မှတ်ကွယ် . . . မှတ်ကွယ်။ ။

http://www.dhammadownload.com

## မိတ်ဆွေပေါကြောင်း အကျင့်ကောင်း

ဒီနေရာအထိ ဟောလာခဲ့ပြီးတာတွေကတော့ ဆိုင်ရာဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦးချင်း တစ်ဦးချင်း ပြုကျင့်ရမည့် သီးခြား လူ့ကျင့်ဝတ်အကြောင်းတွေ ဖြစ်ပါတယ်။

အခု နိဂုံးချုပ်အနေနဲ့ မင်းမှတစ်ပါး လူတိုင်းနှင့်ဆိုင်သည့် လူ့ကျင့်ဝတ်တရား လေးပါးကို ဖော်ပြပါ့မယ်။ သူတို့ကို သင်္ဂဟတရား လေးပါးလို့လဲ အသိများကြပါတယ်။ ဘာတွေလဲလို့ဆိုယင် . . .

(၁) ပေးကမ်းစွန့်ကြဲခြင်း။
(၂) ချစ်ဖွယ်စကား ပြောကြားခြင်း။
(၃) သူတစ်ပါးရဲ့ အကျိုးစီးပွားကို ကျင့်ဆောင်ခြင်း။
(၄) မိမိနှင့် တန်းတူညီမျှ ဆက်ဆံခြင်းတို့ဖြစ်ကြပါတယ်။

ဒီ တရားလေးပါးနှင့် ပြည့်စုံသူဟာ အမိအဖဖြစ်ယင် သားသမီးရဲ့ ပူဇော်ခြင်းကို ခံရတယ်။ သားသမီးဖြစ်ယင် မိဘတို့ရဲ့ မြတ်နိုးခြင်းကို ခံရတယ်။

အထူးသဖြင့် ဒီတရားနှင့် ပြည့်စုံသူဟာ မိတ်ဆွေသင်္ဂဟ ပေါများပါတယ်။ ဒါကြောင့် "မိတ်ဆွေပေါကြောင်း အကျင့်ကောင်း" လို့ အမည်ပေးလိုက်ပါတယ်။

http://www.dhammadownload.com



## စည်းရုံးနိုင်တာ သူ့ကြောင့်သာ

ဒီ သင်္ဂဟတရားလေးပါးနှင့်အညီ ပြုကျင့်သူဟာ ဖြစ်လေရာရာ ဘဝမှာ လက်အောက်ခံ ပရိသတ် စည်းစည်းလုံးလုံးရှိတယ်တဲ့။ လက်အောက်ခံပရိသတ်ကို စည်းရုံးနိုင်တယ်လို့ ဆိုလိုပါတယ်။

မြတ်စွာဘုရားရဲ့ ယောကျ်ားမြတ်လက္ခဏာ သုံးဆယ့်နှစ်ပါးထဲမှာ "(၁) နူးညံ့နုနယ်သော လက်ဖဝါး၊ ခြေဖဝါးရှိခြင်း။ (၂) ကွန်ယက်ပမာ အရေးအကြောင်း ညီညာသော လက်၊ ခြေရှိခြင်း" တို့လဲ အပါအဝင် ဖြစ်ပါတယ်။

ဒီ လက္ခဏာရှင်များဟာ လူ့နှင့်နေယင် စကြာမင်း ဖြစ်နိုင်တယ်။ မိမိရဲ့ လက်အောက်ခံများ ဖြစ်ကြတဲ့ အမတ်၊ ပုဏ္ဏား၊ သူဌေးသူကြွယ် စသူတို့ စည်းစည်းလုံးလုံး ရှိတယ်တဲ့။

ရဟန်းပြုယင် ဘုရားဖြစ်နိုင်တယ်။ စည်းလုံးညီညွတ်တဲ့ အမျိုးသားရဟန်း၊ အမျိုးသမီးရဟန်း၊ လူအမျိုးသား၊ လူအမျိုးသမီး ပရိသတ်ရှိတယ်။ ဆိုလိုတာက ပရိသတ်ကို စည်းရုံးနိုင်တယ်တဲ့။

ဒီလို မြတ်စွာဘုရားဟာ စည်းလုံးညီညွတ်တဲ့ ပရိသတ်ကို ရရှိတာဟာ ဘုရားဖြစ်လို့ အကြောင်းမဲ့ သက်သက်ရရှိတာ မဟုတ်ပါဘူး။ ရှေးရှေးဘဝတွေမှာ သင်္ဂဟတရားလေးပါးနှင့်အညီ ပြုကျင့် နေထိုင်ခဲ့လို့သာ အကျိုးတရားအနေနဲ့ ရရှိခြင်းဖြစ်ပါတယ်။

http://www.dhammadownload.com



ဒီ့ သင်္ဂဟတရားလေးပါးဟာ မင်းမှတစ်ပါး လူတိုင်းနှင့်ဆိုင်တဲ့ ဘုရားဟော "အများဆိုင် လူကျင့်ဝတ်တရား" ဖြစ်လို့ တရားအဆုံးသတ် လက်ဆောင်အဖြစ် နောက်ဆုံးမှ ဖော်ပြလိုက်ရခြင်းပါပဲ။ ကဲ . . . ဆောင်ပုဒ်ကဗျာလေးတွေ ဆိုကြဦးစို့။

## မိတ်ဆွေပေါရန် ဆောင်ပုဒ်ညွှန်

မိတ်ဆွေပေါရန်-အကျင့်ကောင်းကို၊ မောင်မယ်အပေါင်း-မှတ်သင့်တယ်။
ကိုယ့်ပစ္စည်းကို-ပေးစွန့်ကြဲတော့၊ မိတ်ဆွေပေါမြဲ-ဖြစ်ပါတယ်။
ချစ်ခင်ဖွယ်ရာ-အပြောကောင်းလဲ၊ မိတ်ဆွေပေါကြောင်း-ဖြစ်ပါတယ်။
သူ့အကျိုးကို-ကျင့်ဆောင်ပြုလဲ၊ မိတ်ဆွေပေါမှု-ဖြစ်ပါတယ်။
တန်းတူဆက်ဆံ-အဆင့်မခွဲလဲ၊ မိတ်ဆွေပေါမြဲ-ဖြစ်ပါတယ်။
မိတ်ဆွေပေါရန်-ကျင့်ဝတ်များမှာ၊ ဤလေးပါးပင်-ဖြစ်ပါတယ်။
မှတ်ကွယ် . . . မှတ်ကွယ်။ ။

http://www.dhammadownload.com

## နိဂုံးအမှာ

"သူကြွယ်သား သိင်္ဂါလ၊ ငါ ဘုရားရဲ့ သာသနာမှာ အမျိုးကောင်းသားဟာ (၁) ညစ်ညူးကံ လေးပါး၊ (၂) အဂတိတရားလေးပါး၊ (၃) စည်းစိမ်ပျက်ကြောင်း ခြောက်ပါး၊ ဒီအကြောင်းတရား တစ်ဆယ့် လေးပါးကို ရှောင်ရှားပြီး အရပ်ခြောက်မျက်နှာကို လုံခြုံစေရမယ်"ဆိုတဲ့ ဘုရားဟော သိင်္ဂါလောဝါဒသုတ် ရဲ့ ဆိုလိုရင်း အကျဉ်းချုပ်စကားကို အမာခံကျောရိုးထားပြီး ဟောကြားလာခဲ့တဲ့ "လူ့ကျင့်ဝတ်တရားတော်" ကတော့ ပြီးဆုံးသွားပါပြီ။ အပြီးသတ် မှာစရာ စကားတစ်ခွန်း နှစ်ခွန်းလောက်သာ ကျန်ပါတော့တယ်။

ဒီ သိင်္ဂါလောဝါဒသုတ်ကို ဘုရားဟော လူမှုရေးသုတ်တရားအဖြစ် အသိများကြပါတယ်။ ဒီ တရားစာအုပ် အစပိုင်းမှာလဲ သာမန် လူမှုရေးတရားအနေမျိုးနှင့်ပဲ ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် လေးလေးနက်နက် စဉ်းစားကြည့်ယင် သာမန် လူမှုရေးတရား မဟုတ်ပါဘူး။ လူချမ်းသာ၊ နတ်ချမ်းသာကို တိုက်ရိုက် ရစေနိုင်တဲ့အပြင် မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ အထိ ရရှိအောင် အကြောင်း အထောက်အပံ့ ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် အထက်တန်းစား လူမှုရေး တရားမြတ်ပါပဲ။

ဒီသုတ်မှာ မြတ်စွာဘုရား ဟောကြားထားတဲ့ "ညစ်ညူးကံလေးပါးရယ်၊ စည်းစိမ်ပျက်ကြောင်း ခြောက်ပါးထဲက အရက်သေစာသောက်စားမှု တစ်ပါးရယ်" ဒီငါးပါးကို ရှောင်ကြဉ်ရုံမျှဖြင့် ငါးပါးသီလ

http://www.dhammadownload.com



မြဲပြီးသား ဖြစ်သွားပါတယ်။ ဒီအခြေခံသီလမြဲသူဟာ သေယင် အပါယ်မကျပဲ လူချမ်းသာ နတ်ချမ်းသာ လွယ်လွယ်နဲ့ ရနိုင်ပါတယ်။

ဒီ သီလကို အခြေခံကာ သမထတရား ကြိုးစားအားထုတ်သွားမယ်ဆိုယင် ပေါက်မြောက်သွားပါက ဗြဟ္မာ့ချမ်းသာကို ရရှိနိုင်ပါတယ်။ ဝိပဿနာတရား ကြိုးစား အားထုတ်မယ် ဆိုယင် ပေါက်မြောက်သွားပါက မဂ်ရောက်ဖိုလ်ဝင် နိဗ္ဗာန်မြင်သည်အထိ ဆိုက်ရောက်နိုင်ပါတယ်။

ဒါကြောင့် ဒီဘုရားဟော လူ့ကျင့်ဝတ်တရားတွေကို သာမန် လူမှုရေးတရား သက်သက်မျှအဖြစ် သဘောမထားကြပဲ မဂ်ရောက်ဖိုလ်ဝင် နိဗ္ဗာန်မြင်သည်အထိ အကြောင်း အထောက်အပံ့ဖြစ်စေနိုင်ပြီး၊ မရှိမဖြစ် လိုအပ်တဲ့ "အခြေခံ လူမှုရေးတရား" အဖြစ် နှလုံးပိုက်ကာ လိုက်နာကျင့်သုံးနိုင်ကြပါစေကုန် သတည်း။

အရှင်သုနန္ဒရ
ပြွန်တန်ဆာကျောင်း
အလယ်တောရကျောင်းတိုက်၊
ဘောင်ဒရီလမ်း၊ (ရွှေဂုံတိုင်စာတိုက်)၊ ရန်ကုန်မြို့။

သာသနာသက္ကရာဇ် ၂၅၂၃-ခုနှစ်
ကောဇာသက္ကရာဇ် ၁၃၄၀-ခုနှစ်၊ ဝါခေါင်လဆုတ် ၃-ရက် (၁၀-၈-၇၉)

http://www.dhammadownload.com

# မြန်တန်ဆာ အရှင်သုန္ဒရ (ဓမ္မာစရိယ-ဘီအေ)
# မဟာစည်နိုင်ငံခြားသာသနာပြုဓမ္မကထိက
## ရေးသားသောစာအုပ်များ


၁။ ဒုစရိုက်အပြစ်ဘေး ကင်းလွတ်ရေးတရားတော်
၂။ ဒိဋ္ဌိ-တဏှာ ပယ်ခွာရေးတရားတော်
၃။ ကံ နှင့် လူသား ပုံပြတရားတော်
၄။ လူ့ကျင့်ဝတ် ပုံပြတရားတော်
၅။ အမြတ်ဆုံးစစ်သည် နှင့် စကားစစ်ပွဲတရားတော်
၆။ ကုသိုလ်ပန်း ပုံပြတရားတော်
၇။ မြတ်သောတာပန် ပုံပြတရားတော်



ပင်ရင်းဖြန့်ချီရေး

သီရိရတနာစာပေတိုက်

၁၆၆၊ ၃၃လမ်း၊ ရန်ကုန်မြို့။